
တက္ကသိုလ်

# သိဟာအောင်

ရှောင်လုံ၏ကျိုရိစင်း

ကိုးနဝင်းယက္ခ

ဒုတိယပိုင်း
ဇာတ်သိမ်း



ကြိုးတက်ရေး-၁၁၉၉

တက္ကသိုလ်

# သိပ္ပာအောင်

## ကိုးနဝင်းယက္ခ

(ဒုတိယပိုင်း–ဇာတ်သိမ်း)

# ဖိုးတက်ရေး-စာစု

## အမှတ်အသား

"ရွှေလက်ဆေးဆိုင်"

မြို့လယ်လူစည်ကားသော အရပ်က ဆေးဆိုင်ဆိုင်းဘုတ်ကြီးပေါ်တွင် အထက်ပါအတိုင်း ထင်ရှားစွာ ရေးသားထားသည်။

ထိုစာလုံးကြီးများအောက်တွင် စာလုံးသေးကလေးများဖြင့် ရေးသားထားသည်မှာ...

"မည်သည့်ရောဂါမဆို ကုသပေးသည်"

ဟူ၍ ဖြစ်သည်။

ဆိုင်မျက်နှာစာတွင် အမျိုးအမည်မသိ ဆေးရွက်များ၊ သစ်ဖု၊ သစ်ဥ၊ သစ်မြစ်၊ သစ်ခေါက်များ ချိတ်ဆွဲထားသည်ကို မြင်ရလေသည်။

ဆိုင်အတွင်းအဝင်ဝမှာ စားပွဲကလေးတစ်လုံးချထားပြီး နံရံကပ် သစ်သားစင်များပေါ်မှာတော့ ဆေးမှုန့်များ၊ ဆေးရည်များ၊ အမျိုးအမည်ပေါင်း များစွာကို ထည့်ထားသော ပုလင်းကြီး ပုလင်းငယ် များစွာကို မြင်ရ၏။

ထိုဆေးပုလင်းများအပေါ်တွင် ဆေးအမည်စာရွက်များကို ကပ်၍ထား၏။

ထိုဆိုင်ကလေး၏ဆိုင်ရှင်ဖြစ်သူမှာ ပိန်ပိန်ပါးပါး သွက်သွက်လက်လက်ရှိသော အဘိုးအိုတစ်ယောက် ဖြစ်၏။

မြို့ခံလူတွေက သူ့ကို ခုံးစိန်ဟု ခေါ်လေ့ရှိသည်။

ယခုတော့ နေမွန်းလွဲချိန် အရောင်းအဝယ် ပါးချိန်မို့ ခုံးစိန်တစ်ယောက် ငွေသိမ်းစားပွဲကလေးပေါ် မှောက်လျက် အိပ်ပျော်နေသည်။

"ခေါ်...ခေါ်"

သံစုံဟောက်သံများ မြိုင်ဆိုင်စွာဖြင့် နေ့လယ်ခင်း စည်းစိမ်ကို ပြည့်ပြည့်ဝဝ ခံစားနေသည့် ခုံးစိန်၏ စားပွဲရှေ့သို့ ရုတ်တရက် ရောက်လာသူက ဟန်စင်းပင် ဖြစ်သည်။

ဟန်စင်း၊ ခုံးစိန်၏ဆေးဆိုင်သို့ ရောက်လာရသည်မှာ အကြောင်းရှိသည်။

လွန်ခဲ့သော သုံးရက်ခန့်က ဖြစ်သည်။

ဟန်စင်းနှင့် ချစ်သူ ယွင်ကူးတို့ ဝင်္ကပါတောင်ကုန်းလေးခြေရင်းက ဇရပ်အိုလေးမှာ နားနေခိုက် ပဟေဠိဆန်ဆန် ထူးဆန်းသော ဝတ်စုံနက်အဘိုးအို၏ အလစ်ဝင်တိုက်ခိုက်မှုကြောင့် နဖူးတွင် ကုတ်ခြစ်ခံရသော ဒဏ်ရာက ပျောက်သွားပြီ ဖြစ်၏။

သို့သော် ဟန်စင်းမှာ နဖူးပြင်တွင် လက်သည်းခွံခန့်ရှိသော အမည်းရောင် အမာရွတ်တစ်ခု ထင်ကျန်ရစ်သည်။

သာမန်အားဖြင့် ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်သော်



လည်း ထိပ်တန်း သိုင်းအကျော်အမော်တစ်ဦး ဖြစ်သော ဟန်စင်းမှာ ထင်ထင်ရှားရှားကြီး ဖြစ်ကျန်ရစ်သော အမာရွတ်ကို ဘယ်လိုမှ ဘဝင်မကျနိုင်ပေ။

သာမန်အမာရွတ်တစ်ခုနှင့် မတူဘဲ အမည်းရောင် အမှတ်အသားအဖြစ် အဓိပ္ပါယ်တစ်မျိုး ဆောင်နေမည်လော။

"ဆရာခုံးစိန် ထစမ်းပါဦးဗျ"

ဟန်စင်းက နှိုးသည်။ ခုံးစိန်ကား နိုးမလာပါချေ။

ဘယ်မှညာသို့ စောင်းငဲ့ကာ ဟောက်သံပေးရင်း ဆက်၍ အိပ်ပျော်နေသည်။

"ဆရာခုံးစိန်"

"ဝုန်း"

"အမယ်လေး"

သည်တစ်ခါတော့ ဟန်စင်းက စိတ်မရှည်လှစွာ စားပွဲကို ခပ်ဖွဖွ တစ်ချက်ပုတ်လိုက်လျှင် ခုံးစိန် အလန့်တကြားဖြစ်ကာ နိုးလာလေသည်။ ဟန်စင်းကို မြင်လျှင်...

"ဆရာလေး ကိစ္စရှိလို့လား"

ခုံးစိန် အိပ်ချင်မူးတူးဖြင့် မေးလိုက်သည်။

"ရောဂါတစ်ခု လာပြတာဗျ"

"သြော်... ကြွပါ...ကြွပါ ထိုင်ပါ ဆရာလေး"

ငွေဝင်ကိန်း ရှိလာပြီမို့လား မသိချေ။

ခုံးစိန် မျက်လုံးတွေ ကျယ်လာကာ ဟန်စင်း ထိုင်ရန် ခုံတစ်လုံးအား ဆွဲယူလာကာ ပျာပျာသလဲ ဖုန်တွေ ဘာတွေ သုတ်ပေး

လိုက်သေးသည်။ ပြီးမှ…

"ကိုင်း…အမိန့်ရှိပါ ဆရာလေး ကိုယ်ခန္ဓာရဲ့ ဘယ်အစိတ်အပိုင်းမှာ ဘယ်လိုရောဂါခံစားနေရပါသလဲ"

"အမြင်ဆန်းရလာတဲ့ ဒဏ်ရာတစ်ခုပါ ဆရာခုံးစိန်"

"ဒါဆိုရင် ဘယ်နေရာမှာ ရလာတာလဲဆိုစမ်းပါဦး"

ဟန်စင်းက သူ့နဖူးပြင်ကို လက်ညှိုးညွှန်၍ အမည်းရောင်အမာရွတ်ကို ပြလိုက်သည်။

"ဟောသည် အမာရွတ်ပါပဲ"

"ဟော…ဒါက မွေးရာပါ အမှတ်အသား မဟုတ်ဘူးလား"

"မဟုတ်ဘူး ခင်ဗျ၊ လွန်ခဲ့တဲ့ သုံးရက်လောက်ကမှ လက်သည်းနဲ့ ကုတ်ခြစ်ခံရပြီးရတဲ့ ဒဏ်ရာပါ"

"ဟင်"

မုတ်ဆိတ်မွေး ဖြူဖြူရှည်ရှည်ကြီးနှင့် ဆရာခုံးစိန် အံ့သြသွားသလို ဖြစ်ကာ ထိုင်ရာမှ ထလာပြီး ဟန်စင်း နဖူးပေါ်က ဒဏ်ရာအမာရွတ်ကို အသေအချာ စစ်ဆေးကြည့်လိုက်လေသည်။

ပြီးတော့ ဆရာခုံးစိန်၏ မျက်ခုံးမွေးဖြူဖြူကြီးတွေ လှုပ်လှုပ်ရွရွဖြစ်ကာ နဖူးကြောကြီးတွေ အလိပ်လိပ်တက်အောင် ရှုံ့တွသွားပြီး ခေါင်းကိုလေးလေးကြီး ညိတ်ကာ မှတ်ချက်တစ်ခုကို ချလိုက်လေသည်။

"ဒါ မဟူရာ အမှတ်အသားပဲ"

"ဗျာ..မဟူရာ အမှတ်အသား ဟုတ်လား"

ဟန်စင်း အလန့်တကြား ပြန်မေးသည်။



"ဟုတ်တယ်။ ဒါ မွေးရာပါ အမှတ်အသား မဟုတ်ဘူး၊ တစ်စုံတစ်ယောက်က တမင်ပြုလုပ်သွားတဲ့ အမှတ်အသား၊ မဟူရာ အမှတ်အသားလို့ခေါ်တယ်"

"အဲသည် မဟူရာအမှတ်အသားဆိုတာ ဘာအဓိပ္ပာယ်လဲ ဟင် ဆရာကြီး"

ဟန်စင်း အလောတကြီး မေးမိသည်။

ခုံးစိန်က လက်ကာပြယင်း…

"နေပါဦးလေ၊ ပထမဆုံး မောင်ရင် သည်ဒဏ်ရာကို ဘယ်လိုရလာတယ်ဆိုတာကို အရင်ပြောပြစမ်းပါဦး"

"သည်လိုပါ ဆရာကြီး"

ဟန်စင်းက လွန်ခဲ့သော သုံးရက်အကြာက ဝက်ပါတောင်၌ ရုတ်တရက် ရန်သူ၏တိုက်ခိုက်ခြင်းကို ခံရပြီး လက်သည်းဖြင့် ကုတ်ခြစ်သောဒဏ်ရာကို ရခဲ့ရာမှ ယခုလို အမည်းရောင်အမှတ်ကြီး ပေါ်လာရပုံကို အကျဉ်းချုံးပြောပြသည်။

"အင်း"

ခုံးစိန် မုတ်ဆိတ်ဖြူဖြူကြီးကို ပွတ်၍စမ်းသပ်ကာ စဉ်းစားနေပြီးမှ တစ်စုံတစ်ခု ပြောတော့မည့် ဟန်ပြင်လိုက်စဉ်မှာပင်..

"ဆရာကြီး..ဆရာကြီး"

"ဩော်…မိန်းကလေး..လာ…လာ"

ဆေးဆိုင်ထဲသို့ အတော်ပင် လှပသော မိန်းမပျိုတစ်ယောက်ဝင်လာသည်။ သူမ၏မျက်နှာမှာ ဝေဒနာခံစားနေရပုံဖြင့် ရှုံ့မဲ့၍နေသော်လည်း ပင်ကိုယ်အလှကို မဖျက်ဆီးနိုင်ပါ။

အထင်းသား လုနေဆဲပင်ဖြစ်သည်။

“ကျွန်မ ခေါင်းတွေ တအားကိုက်နေတယ်ရှင့်၊ စားလို့လည်းမရ၊ အိပ်လို့လည်းမရနဲ့ ကုသပေးပါဦး ဆရာကြီးရယ်”

“ကောင်းပြီ…ကောင်းပြီ..အဲ ခဏလေးထိုင်စောင့်နော်၊ ဆရာ သည်က ဆရာလေးကို ကြည့်ပေးလိုက်ဦးမယ်”

“ဟုတ်…ဟုတ်ကဲ့”

မိန်းမပျိုသည် ခုံတန်းလျားရှည်ပေါ် သွားထိုင်သည်။

ဟန်စင်း အချိန်မဖြုန်းတော့ဘဲ လိုရင်းကိုမေးသည်။

“သည်ဒဏ်ရာ အမှတ်အသားကို ပျောက်အောင်ကုသလို့ရပ့ါမလား ဆရာကြီး”

ခုံးစိန် ခေါင်းညိတ်လိုက်သည်။

“ရပါတယ် မောင်ရင်၊ ဒါပေမယ့် သည်အတွက် အထူးသီးသန့်ဆေးဖော်ရမှာ၊ ကျုပ် ဖော်ထားလိုက်ပ့ါမယ်၊ မနက်ဖြန်ကျယင် လာယူလိုက်ပေ့ါ ဟုတ်လား”

“ကျေးဇူးပဲ ဆရာကြီး၊ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်”

ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်စကားဆိုပြီး သူ ဆေးဆိုင်ထဲကထွက်သွား၏။

“မဟူရာအမှတ်အသားတဲ့ ဘာအဓိပ္ပါယ်များပါလိမ့်”

ထူးဆန်းသော ဒဏ်ရာအမှတ်အသားကြောင့် စိတ်လှုပ်ရှားလျက် ဆရာကြီးပြောလိုက်သောစကားကို စိတ်ထဲကျိတ်၍ ရေရွတ်လိုက်မိတော့သည်။

* * *



## ဒုက္ခ

မကြုံစဖူး ထူးခဲလှသော ဝေဒနာရှင် ဟန်စင်း ဆေးခန်းမှထွက်သွားသည်ကို ဆရာခုံးစိန် မျက်စိတဆုံး ငေးမောမိရင်း ခေါင်းကိုလေးလေးကြီးခါလိုက်မိလေတော့သည်။

ပြီးတော့မှ ခုံတန်းရှည်တွင် ထိုင်နေသူ မိန်းကလေးဆီသို့လှမ်း၍…

“ကဲ…တူမလေး..စမ်းသပ်ကြည့်ဖို့ ဟောသည်စားပွဲမှာ လာထိုင်နော်”

မိန်းမပျိုက ဘာမှမပြောချေ။

စားပွဲမှာ ဝင်ထိုင်ရင်း ဆိုင်ပြင်သို့ တစ်ချက်လှမ်းကြည့်ပြီးမှပဟောင့်ဆန်ဆန်ပြုံးလိုက်လေရာ ဆရာခုံးစိန် ငေးနေမိလေး၏။

“ကဲ..ဆိုစမ်း၊ မင်းရဲ့ခေါင်းကိုက်ရောဂါက ဘယ်ကစဖြစ်တာလဲ”

“အင်း..တကယ်တော့ ကျွန်မမှာ ဘာဝေဒနာမှမရှိပါဘူးဆရာကြီးရှင့်၊ ခေါင်းကလည်း ပကတိ ကြည်လင်နေတာပါပဲ”

"ဟင်…ဘာရောဂါမှမရှိဘဲနဲ့ ဆေးဆိုင်ကိုလာတယ်ဆိုတော့ မင်း စိတ်မှကောင်းရဲ့လားဟင်"

အချိုးအမောက် ပြေပြစ်၍ညို့အားပြည့်ဝစွာ လှပလွန်းသော မိန်းကလေးအား မယုံသင်္ကာသလို ဆရာကြီးခုံးစိန် ကြည့်နေမိသည်။

"ဆရာကြီးကို ကျွန်မ နောက်ပြောင်ကျီစယ်မိတာ ဖွေမယူပါနဲ့ ဆရာကြီးရှင်"

"ကြံကြံဖန်ဖန်ကွယ်၊ သမားတော်ကြီးတစ်ယောက်ကို လာနောက်ရသတဲ့လား၊ ဘာရည်ရွယ်ချက်များပါလိမ့်"

ထိုခဏတွင် သူမ၏မျက်နှာပေါ်က နှစ်လိုဖွယ်ရာ အပြုံးကလေးပျောက်ကွယ်သွားသည်။

အေးစက်မာကျောသော မျက်လုံးများမှာရုပ်လှသလောက် ရက်စက်မည့် အသွင်သဏ္ဍာန်ကို ဆောင်နေကြလေသည်။

ချိုသာပြောင်းနွဲ့သော အသံမှာလည်း လုံးဝပြောင်းလဲသွားကာ ခက်ထန်သောအသံ ရန်လိုသောအသံဖြစ်၍သွား၏။

"သည်မှာ ဆရာခုံးစိန်၊ ဆရာကြီးဟာ ဆေးပညာမှာ တစ်ဘက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်သလို၊ ဝါရင့် သိုင်းလောကသားတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်မတို့ သိပါတယ်၊ ဒါကြောင့် သိုင်းလောကအတွင်း ကန့်သတ်တားမြစ်ချက်တွေကို ဆရာခုံးစိန် ကောင်းကောင်းသိပါတယ်"

"ဟာ"

ဆရာခုံးစိန် ထိတ်လန့်တကြား နောက်သို့ဆုတ်သွားလေသည်။



လျှို့ဝှက် ပုန်းကွယ်ထားသော သူ့ဘဝကို သိနေသော ဤမိန်းကလေးသည် မည်သူနည်း။

ရုတ်တရက် ကြည့်လျှင် တောသူလုံမေကလေးတစ်ယောက်လို ရိုးသားဟန်ရှိသော်လည်း တပြိုင်နက်တည်းမှာပင် ကြောက်ခမန်းလိလိ အန္တရာယ်ပေးနိုင်မည့် ရန်သူတစ်ယောက်လည်း ဖြစ်လာနိုင်သည်။

"သည်မှာ တူမလေး၊ မင်းမှားနေပြီကွယ့်၊ ကျုပ်ဟာ ဟောသည်မြို့သား၊ ဇာတိချက်မြှုပ်ပါ၊ ဟောသည် ဆေးဆိုင်ကလေးဖွင့်ပြီး အသက်မွေးဝမ်းကျောင်းနေရတာပါကွယ်"

"ဟင်း…ဟင်း…သည်မှာ ဆရာခုံးစိန်၊ မြွေမြွေချင်းကတော့ ခြေမြင်ပြီးသားပဲလေ၊ သမားတော်ကြီး အမည်ခံပြီး မုသာဝါဒတွေ လုပ်မနေချင်စမ်းပါနဲ့"

"တူမရယ်၊ တူမ ဘာရည်ရွယ်ချက်နဲ့ ဒါတွေကို ပြောနေရတာလဲဟင်"

"ဆရာ ခုနကပြောခဲ့တယ် မဟုတ်လား၊ မဟူရာအမှတ်အသားကို ပျက်သွားအောင် ကုသပေးနိုင်တယ်ဆို"

"ဟုတ်…ဟုတ်ပါတယ်ကွယ်"

"သည်မှာ ဆရာခုံးစိန်"

သူမအသံက ပို၍မာကျောလာပြီး ပို၍ကျယ်လောင်လာသည်။

"သိုင်းလောကသားတွေ စောင့်စည်းအပ်တဲ့ ထုံးတမ်းစဉ်လာတွေကို လိုက်နာလေးစားပါ၊ မဟူရာအမှတ်အသားဟာ

သိုင်းအဖွဲ့တစ်ခုရဲ့ မှုပိုင်အမှတ်အသားတစ်ခုပါ၊ အဲသည်အမှတ် လုပ်ပေးခြင်းခံရတဲ့သူမှာ သူ့အဓိပ္ပါယ်နဲ့သူ ရှိတာပေါ့လေ၊ ဒါကို ဆရာခုံးစိန်က ဖျက်ဆီးပေးဖို့ ကြိုးစားရင် အဲသည်အဖွဲ့ကို စိန်ခေါ်လိုက်သလို ဖြစ်သွားလိမ့်မယ်"

"ဒါ...ဒါဖြင့် ငါ့တူမ ဆိုလိုချင်တာက.."

"ကျွန်မ ဘာမှမပြောလိုဘူး၊ ဆရာ့မိသားစု အန္တရာယ်ဆိုးတွေကင်းဝေးစေချင်တယ်ဆိုရင်တော့ စဉ်းစဉ်းစားစားကလေးလုပ်ပါလို့ပဲ ပြောချင်တယ်၊ သဘောပေါက်တယ် မဟုတ်လား"

ဆရာခုံးစိန် ကျောက်ရုပ်ပမာ မလှုပ်မယှက် ငိုင်၍နေမိစဉ် မိန်းမပျိုသည် ဘာမှဆက်မပြောတော့ဘဲ တိတ်ဆိတ်စွာ ဆေးခန်းအတွင်းမှ ထွက်ခွာသွားတော့သည်။

ခုံးစိန် တစ်ကိုယ်လုံး စိုးရိမ်သောကများ ဖိစီးလျက် တုန်လှုပ်ခြောက်ခြားရွံ့၍ ကျန်ရစ်လေသည်။

* * *

နောက်တစ်နေ့ နေ့လည်ခင်းမှာတော့...

ဆရာခုံးစိန် ချိန်းဆိုလိုက်သည့်အတိုင်း ဟန်စင်းတစ်ယောက် ချောကလျှာ ယွင်ကူးကို အဖော်ပြုကာ ရောက်လာလေတော့သည်။

ဆရာခုံးစိန်ကိုယ်တိုင်လည်း ဟန်စင်းကို မျှော်နေမိလေသည်။



ဟန်စင်း ဒဏ်ရာကို ပျောက်ကင်းစေရမည်ဟု အာမခံကတိပေးခဲ့ပြီ မဟုတ်ပါလား။

ဟန်စင်း ရောက်လာလျှင် အဆင်ပြေအောင် ကြည့်၍ပြောတော့မည်ဟု စဉ်းစားထားလေသည်။

"ဟော..ဆရာလေး ရောက်လာပြီကိုး၊ ကြွပါ..ကြွပါ"

ဆရာခုံးစိန် လှိုက်လှဲစွာ ဖိတ်ခေါ်၏။

ဟန်စင်းနောက်က ယွင်ကူးကိုလည်း မြင်၍သွား၏။

အသံကြားရင် ဖျားချင်သည် ဆိုသလို မနေ့က မိန်းလေး၏ ခြိမ်းခြောက်ရာဇသံပေးခြင်းကို ခံခဲ့ရသော ခုံးစိန် မိန်းမလှလေးယွင်ကူးကိုမြင်လျှင် ရွံ့တွန့်တွန့်ဖြစ်သွားသည်။

"မင်္ဂလာပါ ဆရာခုံးစိန်၊ လိုအပ်တဲ့ဆေးတွေ ဖော်စပ်ပြီးသွားပြီလား ခင်ဗျာ"

"အင်း..ပြောပြမယ်လေ၊ ခဏထိုင်ပါဦးနော်၊ အင်း အားနာစရာတွေ ဖြစ်နေပါပြီ"

"ဗျာ"

ဆရာခုံးစိန်၏ လေသံက တောင်းပန်သံဖြစ်နေလေတော့သည်။ ဆရာခုံးစိန် မြင်ယောင်နေသည်က ခက်ထန်စွာ ခြိမ်းခြောက်သွားသော တောသူမလုံမ၏ မျက်နှာ...

ဆရာလေးရဲ့ဒဏ်ရာကို ကျုပ်မကုနိုင်တော့ပါဘူး"

"ဟင်..ဘာဖြစ်လို့လဲ သမားတော်ကြီး၊ မနေ့က အသေအချာ ကတိပေးလိုက်တာပဲ၊ ဆေးဖိုးဝါးခ အထူးကန်တော့ဖို့ ကျွန်တော်ငွေအတော်များများ ယူလာပါတယ်"

ဟန်စင်း ငွေထုပ်ကြီးကို တချွင်ချွင် အသံမြည်အောင် စားပွဲပေါ် ချပြလိုက်သည်။

ငွေကို မြင်ရပြီ ဖြစ်ပါလျက် သည်ငွေကို မရနိုင်တော့သဖြင့် ဆရာခုံးစိန် စိတ်ပျက်အားငယ်စွာ ဆက်ပြောလိုက်သည်။

"ဟုတ်ပါတယ်လေ၊ ငွေရမယ့်အလုပ် ကျုပ်လည်းလုပ်ချင်တာပေါ့၊ ခက်နေတာက အရေးကြီးတဲ့ ဆေးအမယ် နှစ်မျိုး သုံးမျိုးလိုနေတယ်လေ၊ ကျုပ်မှာရှိတယ်လို့ ထင်ခဲ့တာ ကျုပ်အမှားပါ၊ သိပ်ရှားပါးတဲ့ ဆေးမြစ်တွေမို့ ချက်ချင်း လိုက်ရှာဖို့လည်း မလွယ်ဘူးလေ"

ဟန်စင်း ရင်အုပ်ကျယ်ကြီး မောက်တက်လာအောင် သက်ပြင်းတစ်ချက် ရှူသွင်းရင်း ဂူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ထိုစဉ် ယွင်ကူးက ဝင်၍မေးလိုက်သည်။

"နေပါဦး ဆရာကြီး၊ ဘယ်လိုရှားပါးတဲ့ ဆေးမြစ်မျိုးမို့လဲ ကျွန်မတို့ မသိရဘူးလား"

ပြဿနာထဲ ယွင်ကူး ဝင်ပါလာသောအခါ ဆရာခုံးစိန် ထိတ်ခနဲ ဖြစ်သွားလေသည်။

"အဲသည်က တူမလေးက..."

"ကျွန်မနာမည် ယွင်ကူးပါ၊ ဒါက ကျွန်မရဲ့အစ်ကိုပါရှင်"

"သြော်..တူမလေးက ယွင်ကူးတဲ့လား၊ ခက်သားကွယ်၊ အဲသည် ရှားပါးဆေးမြစ်တွေအကြောင်း ဆေးကျမ်းထဲမှာတောင် မပါဘူးကွ၊ တောင်ပေါ် ချောက်ကမ်းပါးကြီးတွေမှာ ပေါက်တတ်တာ၊



ပြောပြလည်း တူမလေးတို့ ကြားဖူးကြမှာတောင် မဟုတ်ဘူး"

"သြော်"

"ဆေးနည်းကလည်း သိပ်ဆန်းပြားတဲ့ လျှို့ဝှက်ဆေးနည်းပါ၊ အပြင်ကို ပေါက်ကြားသွားရင်တောင် အပြစ်ဖြစ်နိုင်ပါတယ်"

"ထားပါတော့လေ၊ အဲသည် ဆေးအတွက် ဆရာ ငွေဘယ်လောက်လိုချင်သလဲ ဆိုတာသာ ပြောပါ"

"ဆရာ့ကို အထင်မလွဲပါနဲ့ကွယ်၊ ငွေကြောင့် ဆရာလျှောက်ပြောနေတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့်လဲ ဆရာကြီး"

"ရှင်းပြတဲ့ အတိုင်းပဲလေ၊ ဆေးမြစ်တွေ လိုနေပါတယ်ဆို"

"ကျွန်မတို့ကတော့ ဆရာကြီးရဲ့စကားကို မယုံပါဘူးရှင်"

"ဟင်"

ယွင်ကူးက ပွင့်လင်းစွာ ဖွင့်ပြောလိုက်သောအခါ ဆရာခုံးစိန် အထိတ်တလန့် ဖြစ်သွားသည်။

ဟန်စင်းကိုယ်တိုင်လည်း သည်းမခံနိုင်တော့သလို ဝင်ပြောလာသည်။

"ပြောပါ၊ ဆရာခုံးစိန်၊ ဆေးဖိုးဝါးခ ဘယ်လောက်ကျမလဲ၊ အချိန်ဘယ်လောက် ယူမလဲ၊ တိတိကျကျ ပြောဗျာ"

"ဆရာလေးရယ်၊ ရက်ချိန်းအတိအကျ ဘယ်ပြောနိုင်မှာလဲ ဝေးလံတဲ့ တောင်တန်းကြီးတွေပေါ်မှာ ဆေးမြစ်က သွားရှာရမှာ"

ယွင်ကူး ဝင်ပါလာပြန်သည်။

"သည်မှာ ဆရာကြီး...ဝေ့လည်ကြောင်ပတ် လျှောက်ပြော

မနေနဲ့၊ အစ်ကို့ရဲ့ရောဂါကို ရှင်ချက်ချင်း ကုနိုင်တယ်ဆိုတာ ကျွန် မသိနေတယ်၊ ကဲ ရှင့်ကတိအတိုင်း ကုပေးမလား၊ ဆင်ခြေဆင်လက် တွေ လျှောက်ပေးနေဦးမလား၊ ကျွန်မတို့ နောက်ဆုံးပြောမယ်၊ နောက်ထပ် ဆယ်ရက်အတွင်း ဆေးကိုအပြီးဖော်စပ်ထားပါ၊ ဆေးဖိုး ကိုကြိုက်သလောက် တောင်းပါ၊ နောက်ဆယ်ရက်အကြာ ကျွန်မတို့ ပြန်လာလို့မှ ဆေးဖော်မပြီးသေးရင် ရှင့်ဆိုင် ပျက်ပြီသာမှတ်ပေ တော့"

စကားအဆုံးမှာ ယွင်ကူးက ကုလားထိုင်ကြီးကို လက်ဝါး ဖြင့် ပုတ်လိုက်၏။

အမှတ်မထင် ခပ်သာသာလေး ပုတ်လိုက်ခြင်းဖြစ်သော် လည်း ခိုင်မာလှသော ကုလားထိုင်ကြီးမှာ ဆယ်ပိဿာတူကြီးဖြင့် အထုခံရသလို ကျိုးပဲ့လွင့်ကျသွားသည်။

ဟန်စင်းနှင့်ယွင်ကူး ဆိုင်ထဲမှ ပြန်ထွက်သွားလျှင် ဆရာ ခုံးစိန် ကြောက်လန့်တကြားဖြစ်ကာ အထိတ်ထိတ်အလန့်လန့်နှင့် ကျန်ရစ်ခဲ့လေသည်။

* * *



## ပဟေဠိဆန်ဆေသာ ပုစ္ဆာများ

နှစ်ရက်အတွင်း ဒုတိယအကြိမ် အပြင်းအထန် ခြိမ်းခြောက် ခြင်းကိုကြုံရသဖြင့် မျက်နှာကြီးတစ်ခုလုံး ရှုံ့မဲ့ကာ စိတ်ဓာတ်ကျနေ သော ခုံးစိန်တစ်ယောက် ခပ်လှမ်းလှမ်းသို့ရောက်သွားသော ဟန်စင်း တို့မောင်နှံကိုလှမ်းကြည့်ယင်း အကြံတစ်ခုကိုရသဖြင့် ကမန်းကတန်း ပြေးလိုက်သွားလေသည်။

"သည်မှာ ဆရာလေး"

ခေါ်သံနှင့်အတူ ပြေးလိုက်လာသော ခုံးစိန်ကိုမြင်လျှင် ဟန် စင်းနှင့်ယွင်ကူး ရပ်စောင့်နေသည်။

"ဆိုစမ်းပါဦး ဘာတွေများထပ်ပြီး အကြောင်းပြဦးမလို့လဲ"

"မဟုတ်ပါဘူး ဆရာလေး၊ ဆရာလေးနဖူးက မဟူရာအ မှတ်အသားရဲ့ လျှို့ဝှက်ချက်ကို ပြောပြမလို့ပါ"

"ဩော်"

ခုံးစိန်၏စကားကို စိတ်ဝင်စားစွာ နှစ်ယောက်သား နား ထောင်နေကြ၏။ မဟူရာအမှတ်အသားရဲ့ လျှို့ဝှက်ချက်ဆိုပါလား။

ခုံးစိန်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီးမှ...

"တကယ်တော့ အဲသည် မဟူရာအမှတ်အသားဟာ ကုသခံစရာမလိုဘူးကွယ့်၊ တစ်နေ့ သူ့ဘာသာသူ အလိုအလျောက် ပျောက်သွားလိမ့်မယ်၊ တစ်နှစ်လောက်တော့ ကြာလိမ့်မယ်လေ"

ခုံးစိန်စကားမှာ မျှော်လင့်ချက်ရောင်ခြည် သန်းလာသဖြင့် ဟန်စင်း ဝမ်းသာအားရ ပြန်မေးသည်။ ပြီးမှ...

"သည်လိုပါ ဆရာလေး၊ သိုင်းလောကရဲ့ ပညာရပ်တစ်မျိုးပါပဲ၊ အထူးဖော်စပ်ထားတဲ့ဆေးကို လက်သည်းမှာ သုတ်လိမ်းပြီး အရေပြားပေါက်ပြဲအောင် ကုတ်ခြစ်လိုက်မယ်ဆိုရင် ဆေးနဲ့လူ့သွေးထိတာနဲ့ အမှတ်အသားတစ်ခု ဖြစ်ကျန်ရစ်ခဲ့တယ်၊ အဲသည်အမှတ်အသားဟာ တစ်နှစ်လောက်ကြာမှ ပျောက်သွားတတ်တယ်လေ၊ တခြား ဘာမှအန္တရာယ်မဖြစ်စေပါဘူး"

ဟန်စင်း တွေတွေကြီး စဉ်းစားမိသည်။ သူ့နဖူးအား မဟူရာအမှတ်အသား လုပ်ပေးသွားသော ဝတ်စုံနက်အဘိုးအိုမှာ မည်သည့်ရည်ရွယ်ချက် ရှိနေသနည်း။ ရန်လိုခြင်းလော။

သို့မဟုတ် မိတ်ဆွေအဖြစ် အသိအမှတ်ပြုခြင်းလော။

ဟန်စင်း သိချင်နေသော မေးခွန်းကို ယွင်ကူးက ဝင်မေးပေးသည်။

"ဆရာကြီးရဲ့ အဲသည် မဟူရာအမှတ်အသားကို ခပ်နှိပ်လိုက်ခြင်းဟာ ဘာကိုဖော်ညွှန်း သတ်မှတ်ချင်လို့လဲရှင့်"

"အဲဒါတော့ ဆရာလည်း မပြောတတ်ဘူးကွယ်၊ အကြောင်းတစ်ခုခုတော့ ရှိပါလိမ့်မယ်"



"ကောင်းပြီလေ၊ သည်လောက်သိရရင်လည်း ကျေနပ်ပါပြီ အဲ နောက်ဆယ်ရက်ကြာမှ ကျွန်မပြန်လာခဲ့မယ်၊ ဆရာကြီး လိုအပ်တဲ့ဆေးကိုသာ မဖြစ်ဖြစ်အောင် ဖော်စပ်ထားပါနော်၊ ဟိုအကြောင်းပြ သည်အကြောင်းပြ လုပ်မယ် စိတ်မကူးနဲ့"

ယွင်ကူးက ထပ်၍ရာဇသံ ပေးလိုက်ပြီးမှ လှည့်ထွက်ခဲ့ကြလေသည်။ ဟန်စင်း စိတ်ထဲမှာတော့ စဉ်းစားရခက်နေလေ၏။

"ဆရာခုံးစိန် ရုတ်တရက် ကတိပျက်သွားတာ အကြောင်းထူးကိစ္စရှိနေမယ်လို့ ထင်မိတယ် ညီမ"

"ဟုတ်တယ် အစ်ကို၊ ယွင်ကူးလည်း သည်လိုပဲ ယုံကြည်မိတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ လာမယ့်ဆယ်ရက်အတွင်း အကြောင်းရင်းကို ညီမရအောင် စုံစမ်းပေးမယ် စိတ်ချ"

"အစ်ကိုကတော့ မဟူရာအမှတ်အသား လုပ်သွားတဲ့ ဝတ်စုံနက်အဘိုးအိုကိုသာ မတွေ့တွေ့အောင် လိုက်ရှာချင်တယ်"

"အဲသည် အဘိုးကြီးဟာ ဝက်ပါတောင်က လူသတ်မှုတွေနဲ့ဆက်စပ်နေလိမ့်မယ်လို့ ထင်တယ် အစ်ကို"

"နောက်တစ်ခု အစ်ကိုစဉ်းစားလို့ မရတာ တစ်ခုရှိသေးတယ် ညီမ"

"ဘာများလဲ အစ်ကို"

"စိန်ကြူးကို ဖမ်းဆီးခေါ်ဆောင်ဖို့ ကြိုးစားခဲ့တဲ့ မိန်းမနှစ်ယောက်ဟာ ညီမကိုမြင်တာနဲ့ ကြောက်လန့်တကြား ထွက်ပြေးသွားကြတယ်၊ အဲဒါကကော ဘာသဘောလဲကွယ်"

ဟန်စင်း စကားအဆုံးမှာ ယွင်ကူး နှုတ်ခမ်းလေးစူ၍

သွားသည်။

"အစ်ကို ဘာကိုဆိုလိုတာလဲ အစ်ကို၊ သူတို့နဲ့ညီမ တစ်ဖွဲ့တည်းလို့ အစ်ကိုသံသယရှိနေလို့လား ဟင်"

ယွင်ကူး ဖွင့်မေးလာသောအခါ ဟန်စင်း ပျာပျာသလဲတောင်းပန်၏။

"ဟာ..သည်သဘောမျိုး မဟုတ်ရပါဘူး ယွင်ကူး၊ အစ်ကိုက ဘာလို့ ညီမကို သံသယဖြစ်ရမှာလဲ၊ အဖြစ်အပျက်ကို အံ့သြမိတာတစ်ခုပါပဲ"

"ကောင်းပြီ အစ်ကို၊ သည်ပြဿနာတွေအားလုံးရဲ့ အဖြေကိုဖော်ထုတ်ရှင်းပြနိုင်ဖို့အတွက် ထူးဆန်းတဲ့ ဝတ်စုံနက်အဘိုးအိုကို ရှာတွေ့မှဖြစ်မယ်၊ ညီမ အမိဋ္ဌာန်ပြုတယ် အစ်ကို၊ အဲသည်အဘိုးကြီးကို မတွေ့တွေ့အောင် လိုက်ရှာမယ်လို့"

"အင်း"

ဟန်စင်းသည် ယွင်ကူး၏ဆန္ဒကို မကန့်ကွက်ရုံမက သဘောပင်တူလိုက်သေး၏။

ထူးဆန်းသော ဝတ်စုံနက်အဘိုးအိုကို မတွေ့တွေ့အောင် ရှာရမည်။ အဘိုးအိုကိုတွေ့မှ ဝင်္ကပါတောင်၏ ဆည်းဆာညနေခင်းမှ အဖြေညှိမရသော ပဟေဠိပုစ္ဆာများကို အဖြေဖော်ထုတ်နိုင်ပေလိမ့်မည်။

နှစ်ယောက်တွဲ လျှောက်လာရင်းလူစည်ကားရှုပ်ထွေးသော မြို့လယ်သို့ ရောက်လာသည်။

"ဟာ..အစ်ကို"



ရုတ်တရက် ယွင်ကူး၏မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှုအရိပ်သဏ္ဌာန်များ ပေါ်လာသည်။

"ဘာလဲ...ယွင်ကူး...ဘာလဲ"

"ဟို..ဟိုမှာ..လူအုပ်ထဲမှာ သေသေချာချာကြည့်လိုက် အစ်ကို"

ယွင်ကူး ညွှန်ပြရာသို့ ဟန်စင်းလိုက်၍ ကြည့်လိုက်သည်။

တုတ်ကောက်ထောက်ပြီး ဝတ်စုံနက်ဝတ်ဆင်ထားသောအဘိုးအိုတစ်ယောက် လူအုပ်အတွင်းမှာ တိုးဝင်သွားနေ၏။

နောက်ဘက်မှ မြင်ရသောအသွင်မှာ ဝင်္ကပါတောင်ခြေရင်းကဇရပ်တွင် ဆုံခဲ့ရပြီး ဟန်စင်း၏နဖူးတွင် မဟူရာအမှတ်အသားလုပ်ပေးသွားသော အဘိုးအိုနှင့် တူနေသည်။

သူတို့ ငေးနေစဉ်မှာပင် အဘိုးအိုက လမ်းကျဉ်းကလေးတစ်ခုအတွင်း ချိုးဝင်သွား၏။ လမ်းပေါ်မှာ လူစည်ကားရှုပ်ထွေးနေချိန်ဖြစ်သဖြင့် ကိုယ်ဖော့ပညာကိုသုံး၍ လိုက်ရန်ကလည်း မဖြစ်နိုင်ချေ။

"အစ်ကို ညာဘက်လမ်းက ပတ်ပြီးလိုက်၊ အဘိုးကြီးရဲ့ရှေ့ကကြိုပိတ်ဖမ်း၊ ညီမက သူ့နောက်ကပြေးလိုက်မယ်"

"ကောင်းပြီ ယွင်ကူး"

နှစ်ယောက်သား တိုင်ပင်ပြီး ဝတ်စုံနက်အဘိုးအိုနောက်သို့ တရှိန်ထိုးပြေးလိုက်သွားကြသည်။

သို့သော် ဝတ်စုံနက်အဘိုးအိုက တောလမ်းကလေးတစ်ခုထဲသို့ ဝင်ရောင်သွားကာ ပျောက်ကွယ်သွားလေသည်။

* * *

## အကူအညီ

ဝတ်စုံနက်အဘိုးအို ဝင်သွားသော လမ်းကျဉ်းကလေးနှင့် ဘေးချင်းယှဉ်နေသည့် လမ်းကလေးအတိုင်း ဟန်စင်းပြေးဝင်လာကာ ဝတ်စုံနက်အဘိုးအို ဝင်သွားသော လမ်းကလေး၏အခြားတစ်ဘက်မှပိတ်၍ရပ်သည်။

လမ်းကြားကလေးသည် ကျဉ်းမြောင်းလှသော်လည်း ပို၍ကျဉ်းမြောင်းသော လမ်းသွယ်ကလေးတွေ ရှိနေပြန်လေသည်။

လမ်းကြားကလေးထဲကို မျှော်ကြည့်လေသော် ဝတ်စုံနက်အဘိုးအို၏ အရိပ်အယောင်ကို လုံးဝမတွေ့ရချေ။

မကျေမနပ် ရှာဖွေရင်းကပင် အဘိုးအိုနောက်ကျောဘက်မှ ပြေးလိုက်လာနေမည့် ယွင်ကူးအတွက် စိတ်ပူလာမိတော့သည်။

ရက်စက်သော ဝတ်စုံနက်အဘိုးအိုသည် သိုင်းပညာအဆင့်မြင့်လှသူပီပီ မိမိနောက်ကျောဘက်မှ ပြေးလိုက်လာမည့် ရန်သူကို မသိဘဲ နေမည်လော။



ထို့အပြင် ဝတ်စုံနက်အဘိုးအိုသည် ရက်စက်ကြမ်းကြုတ်ပုံပေါ်သည်။

သည်အဘိုးအိုကို ယွင်ကူး မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်ပါချေ။

ဟန်စင်း ရင်တွင်းမှာ စိုးရိမ်စိတ်တွေ ဆူပွက်လာရာက လမ်းကြားကလေးအတွင်းသို့ ပြေးဝင်လာခဲ့မိလေတော့သည်။

ပြေးလာရင်းကပင် လမ်းကြားကလေးသည် ကျဉ်းမြောင်းရုံမက ကွေ့ကောက်နေသည်ကိုလည်း သတိထားမိလေသည်။

လမ်းဗဟိုလောက်အရောက်တွင် ရပ်၍ အကဲခတ်မိပြန်သည်။ ထိုခဏတွင် ထူးဆန်းသော အကြောင်းအရာတစ်ခု ဖြစ်လာပြန်သည်။

အစိမ်းရောင် ပိုးပုဝါတစ်ထည်ကို ခေါင်းမှာစည်းထားသည့် အမျိုးသမီးတစ်ဦး ဟန်စင်းနံဘေးက ဖြတ်လျှောက်သွားသည်။

ဟန်စင်းနှင့် အနီးကပ်ဆုံးနေရာအရောက်တွင်...

"သည်မှာအစ်ကို ကျွန်မ နောက်ကို လိုက်ပါနော်"

ဟု တီးတိုးခေါ်သွား၏။

"ဟာ..အရေးထဲ နေ့လည်ကြောင်တောင်လာပြီး မြူဆွယ်နေတဲ့ မိန်းမပျက်နဲ့ တွေ့နေရသေးတယ်"

ဟုတွေး၍ ဒေါသဖြစ်မိသည်။

ပုဝါစိမ်းနှင့်မိန်းမပျိုသည် လမ်းသွယ်ကလေးတစ်ခု၏ လှေကားထစ်များအတိုင်း ဆင်း၍သွားကြောင်း တွေ့လိုက်ရလေသည်။

သူ ပြန်စဉ်းစား၍ ပုဝါစိမ်းနှင့် မိန်းမပျိုသည် မိန်းမပျက်တစ်ယောက်မှ ဟုတ်ရဲ့လား။

အကြောင်း တစ်ခုခုများရှိနေမလား။

စဉ်းစားချိန်မရတော့သဖြင့် ဟန်စင်း မိန်းမပျိုနောက်သို့ လိုက်သွားမိသည်။

လမ်းသွယ်ကလေးအတွင်းမှာ သာမန်လက်လုပ်လက်စား အရပ်သားများ၏ အိမ်များကိုသာ တွေ့ရပြီး မိန်းမပျက်ကလေးများ ကျက်စားရာဒေသ မဖြစ်နိုင်ပေ။

ဟန်စင်း ဆက်၍လျှောက်သွား၏။

တစ်နေရာတွင် ဟထားသော တံခါးချပ်ကို မသက်မသာဖွယ်ရာ တွေ့ရ၏။

တံခါးဝတည့်တည့်အရောက်မှာ အတွင်းသို့ လှမ်းကြည့်မိသောအခါ သူ့ကိုပြုံးပြနေသော ပုဝါစိမ်းချည်နှောင်ထားသော မိန်းမပျိုကိုတွေ့ရသည်။

"ဘယ်လိုလဲ သည်အမျိုးသမီး ရိုးမှရိုးရဲ့လား၊ ဒါလည်း မဖြစ်နိုင်ဘူး၊ သူ့အမူအရာနဲ့ ရုပ်ရည်က သန့်သန့်ကလေးပါပဲ"

"ရှူး"

တံခါးကြားမှ မိန်းမပျိုက အသံပေး၏။ ထို့အပြင်...

"မြန်မြန်ဝင်ခဲ့လေ၊ လူတွေ မမြင်စေနဲ့နော်"

သူမက ထပ်ခေါ်နေပြန်သည်။

"ဒါက ဘာသဘောလဲ အမိ"

"ဝင်ခဲ့စမ်းပါရှင် အထဲကိုရောက်တော့ ပြောမှာပေါ့"



"ဟင်း"

ဟန်စင်းတစ်ယောက် ဇဝေဇဝါစိတ်ဖြင့် သက်ပြင်းချကာ အိမ်တွင်းသို့ ဝင်လိုက်လျှင်...

"ဝုန်း"

မိန်းမပျိုက ဧရာမ ကျွန်းတံခါးကြီးကို ဝုန်းခနဲ မြည်အောင် ဆွဲပိတ်လိုက်သည်။

"ဒါ ဘယ်သူ့အိမ်လဲ"

ဟန်စင်းက မေးလိုက်သည်။

သူမက ခပ်သွက်သွက် ပြန်ဖြေသည်။

"ဘယ်သူ့အိမ်မှ မဟုတ်ဘူး၊ လူလည်းမနေဘူး"

"လူမနေတဲ့ အိမ်"

ဟန်စင်း ပို၍စဉ်းစားရကျပ်သွားသည်။

"မင်း ဘာသဘောနဲ့ ကျုပ်ကို မရမကခေါ်ရတာလဲ"

မိန်းမပျိုက ပြုံးလိုက်သည်။

"သိပ်မလောပါနဲ့လေ၊ ဖြည်းဖြည်းပြောပြမှာပေါ့"

သူက ဘုကျကျပြောနေသော်လည်း မိန်းမပျိုက စိတ်ရှည်ရှည်ဖြင့် ပြောနေ၏။

သို့တိုင် ဟန်စင်းက သတိထား၍ သူမအား အလစ်မပေးဘဲ လေ့လာနေသည်။

မိန်းမတစ်ယောက်ရဲ့ မာယာထောင်ချောက်များ ဖြစ်နေမလားဟု တွေးရင်း အိမ်ခန်းအတွင်းသို့ ဝင်လိုက်သည်။

အခန်းတွင်းမှာ စားပွဲကုလားထိုင် အချို့မှအပ ဘာပစ္စည်း

မှု မရှိသည်ကိုတွေ့လိုက်ရသည်။

ပစ္စည်းများမှာ ဖုန်အထပ်ထပ် တက်နေခြင်းကြောင့် လူမနေသော အိမ်တစ်လုံးမှန်း သိသာနေပေသည်။

"ကဲ..အမိ ပြောစရာရှိတာ မြန်မြန်ပြော အချိန်က ကျုပ်အတွက်အရေးကြီးနေတယ်"

သူက အကျိုးအကြောင်း သိလိုလှပြီဖြစ်သဖြင့် လော၍မေးလိုက်သည်။

မိန်းမပျိုက အားကိုးတကြီးအကြည့်နှင့်အတူ..

"ကျွန်မမှာ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေပါတယ်ရှင်၊ အဲဒီကိစ္စကို အစ်ကိုတစ်ယောက်ထဲပဲ ကူညီနိုင်မှာမို့ပါ"

ဟုဆိုလေသည်။

သူမစကားက ရိုးရိုးလေး အကူအညီတောင်းခံခြင်း ဖြစ်သလို သူမဟန်မှာလည်း တည်ငြိမ်နေသည်။

"အင်း..ကူညီသင့်တဲ့ကိစ္စဆိုရင် ကူညီဖို့ ဝန်မလေးပါဘူး၊ အဲ ခုတော့ ကျုပ်မှာ ပြဿနာနည်းနည်းရှိနေတယ် နေပါဦး မင်းရဲ့နာမည်က.."

"ထန်အင်းပါရှင်"

"မင်းက ထန်အမျိုးအနွယ်ထဲကလား"

"ဟုတ်ပါတယ်ရှင်"

"မင်းက ဘယ်ဂိုဏ်း ဘယ်အဖွဲ့အစည်းကလဲ"

"အို..ဒါတော့ ကျွန်မဖွင့်မပြောပြပါရစေနဲ့ရှင်၊ နောက်ကျွန်မရဲ့နာမည်ကိုလည်း ထပ်ပြီးမမေးပါနဲ့"



ဟန်စင်း မျက်မှောင်ကြုတ်သွား၏။

"မင်းဟာ အတော် ပဟေဠိဆန်ပါလား၊ ဒါထက် မင်းက ရော ငါ့ကို ဘယ်သူဘယ်ဝါမှန်း သိနေသလား"

"အဲ..အဲဒါလဲ ကျွန်မ မသိပါဘူးရှင် ဘယ်လိုမှစိတ်မရှိပါနဲ့နော်"

"ဟေ..မင်းက ကျုပ်ကို ဘယ်သူဘယ်ဝါမှန်းမသိဘဲနဲ့ အကူအညီတောင်းတယ်ဆိုတာ အဓိပ္ပါယ်မရှိသလို ဖြစ်မနေဘူးလား"

"ဟုတ်ကဲ့ အဲလေ မဟုတ်ပါဘူးရှင်"

"ဘယ့်နှယ် မဟုတ်ရမှာလဲ၊ ပြီးတော့ မင်းပြောတဲ့ထဲမှာ ကျုပ်တစ်ယောက်ထဲပဲ ကူညီနိုင်မယ်ဆိုတာလည်းပါတယ်၊ ဘာတွေလဲ၊ ကျုပ် ဘာမှနားမလည်ဘူး၊ အခုတလော ဘယ်လို ပဟေဠိတွေနဲ့ လာလာတွေ့နေတယ် မသိပါဘူး"

"စိတ်မဆိုးပါနဲ့ရှင်၊ ခုလောလောဆယ်မှာ ဘာမှရှင်းမပြနိုင်သေးလို့ပါ၊ ဒါပေမယ့် ကျွန်မ ဘဝမှာ ရှင်ကလွဲပြီး ကူညီနိုင်မယ့်လူမရှိလို့ တောင်းပန်ရတာပါရှင်"

ရုတ်တရက် မိန်းမပျိုက ဖုန်တွေ အထပ်ထပ်တက်နေသည့် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကာ ဟန်စင်းခြေသလုံးကိုဖက်တွယ်တော့မလို တောင်းပန်ရှာ၏။

"ဟာ..ဟေ့..ဒီလိုမလုပ်နဲ့လေ၊ ဆိုစမ်းပါဦး ကူညီရမယ့်ကိစ္စဆိုတာ"

"ကိစ္စကတော့ အတော်အရေးကြီးတယ် အစ်ကို၊ သိုင်းလော

ကကြီးတစ်ခုလုံး မုန်တိုင်းကျပြီး ပျက်စီးသွားနိုင်ပါတယ် ရှင်”

“ဟုတ်လား၊ ပြောစမ်းပါဦး၊ သိုင်းလောကတစ်ခုလုံးကို မွှေနှောက်ဖျက်စီးနိုင်လောက်အောင် ဘယ်သူတွေက လုပ်နိုင်မှာမို့လို့လဲ”

ဟန်စင်းက မယုံကြည်နိုင်သလို မေးလိုက်သည်။

“ကောင်းပြီ...ကျွန်မပြောမယ်၊ အစ်ကို ဝက်ပါတောင်က လူသတ်မှုကို မှတ်မိသေးလား”

“ဟင်”

မိန်းမပျိုလေး၏ စကားအဆုံးတွင် ဟန်စင်း၏မျက်လုံးများ ပြူးကျယ်သွားသည်။

“ဝက်ပါတောင်ပေါ်မှာ တွေ့ကြုံခဲ့ရတဲ့ကိစ္စတွေက အခုအချိန်ထိ ဖြေရှင်းလို့မရသေးတဲ့ ပုစ္ဆာတွေပါ၊ မင်းက ဝက်ပါတောင်ကိစ္စကို ဘာတွေသိထားသေးလဲကွ၊ ကျုပ်ကို ပြောစမ်းပါဦး”

ထန်အင်း တွေဝေသွားသည်။

ပြီးတော့ ဟန်စင်း ထင်မှတ်မထားသော စကားကို ပြောလိုက်လေသည်။

“အစ်ကို ပိုပြီး စိတ်ဝင်စားစရာတွေ ကြုံရဦးမှာပါ၊ လောလောဆယ်တော့ ထင်မှတ်မထားတဲ့ ကိစ္စတစ်ခု အသိပေးလိုက်မယ်၊ တခြားတော့ မဟုတ်ပါဘူး၊ အစ်ကိုတွေ့ခဲ့ဖူးတဲ့ စိန်ကြိုးဟာ ကျွန်မနဲ့ ညီအစ်မအရင်းပမာ သံဝိုက်ရင်းနှီးတဲ့လူတွေပါ အစ်ကို”

“သြော်...မင်းက စိန်ကြိုးရဲ့ သူငယ်ချင်းကိုး”

“ဟုတ်ပါတယ် အစ်ကို၊ စိန်ကြိုးနဲ့သိုင်းဆရာကြီးနှစ်ယောက်ဟာ စောစောက ကျွန်မပြောခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး



အသတ်ခံခဲ့ရတာပါ”

“ဟင်...ဟုတ်လား”

ဟန်စင်း အံ့သြသွား၏။

အဖြေသည် ရေးရေးမျှ ပေါ်လာပေပြီ။

ဝက်ပါတောင်ပေါ်တွင် ခရေပွင့်လက်နက်ပုန်းဖြင့် သေဆုံးခဲ့ရရှာသော သိုင်းဆရာနှစ်ယောက်နှင့် စိန်ကြိုးဟူသော မိန်းမပျိုမှာ သိုင်းလောကကြီး တစ်ခုလုံးကို အန္တရာယ်ပေးမည့် ဘုံရန်သူ၏လက်ချက်ဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်နေသည်။

ထန်အင်း ဆက်ပြောသည်။

“တကယ်တော့ စိန်ကြိုးတို့ သေရတာဟာ သိုင်းလောကတစ်ခုလုံးကို ကာကွယ်ပေးရင်း သူရဲကောင်းဆန်စွာ သေခဲ့ရတာပါ အစ်ကို”

ဟန်စင်းတစ်ယောက် ထန်အင်း၏စကားများကို နားထောင်ရင်း ဝက်ပါတောင် လူသတ်မှုများကို ပြန်၍သုံးသပ်ကြည့်နေသည်။

ထန်အင်း၏စကားကြောင့် ပျက်နေသော ကွင်းစတချို့ကို ဆက်စပ်တွေးတော၍ ရနိုင်သော်လည်း တရားခံ အစစ်အမှန်ကို ဖော်ထုတ်နိုင်ဖို့အတွက်တော့ အတော်ဝေးနေသေးသည်။

“ဒီမှာ ထန်အင်း၊ မင်းက ဒီကိစ္စတွေကို ပြောနိုင်ပုံထောက်ရင် မင်းနဲ့စိန်ကြိုးနဲ့ တစ်ဖွဲ့တည်းပဲဖြစ်မယ်၊ စိန်ကြိုးကို သူ့ရဲ့ဂိုဏ်းက ဂိုဏ်းစည်းကမ်းဖောက်ဖျက်လို့ သတ်ပစ်လိုက်တာလို့ ကျုပ်ကယုံကြည်နေတာ၊ စိန်ကြိုးနဲ့ မင်း တစ်ဂိုဏ်းတည်းဆိုရင် မင်းအနေနဲ့

ဝတ်စုံနက်အဘိုးအိုတစ်ယောက်ကို သိသလား၊ ဆံပင်တွေ တစ်ခေါင်းလုံးဖြူဖွေးနေပေမယ့် သိုင်းပညာမှာတော့ အတော်အဆင့်မြင့်တဲ့ အဘိုးကြီးလေ"

"ဟင့်အင်း...အဲဒါတော့ ကျွန်မ မသိပါဘူး အစ်ကို"

"သေချာပါတယ်နော်"

"ကျွန်မကို ယုံပါအစ်ကို၊ ကျွန်မက အစ်ကို့ဆီက အကူအညီတောင်းခံနေရသူပါ၊ အစ်ကို့ကိုပြန်ပြီး လိမ်ညာနေပါ့မလား၊ တစ်ခုတော့ ကတိပေးချင်တယ် အစ်ကို"

"ဆိုပါဦး ဘာကတိလဲ"

"ကျွန်မတို့ အတွင်းရေးကိစ္စတစ်ခုကို အစ်ကိုကူညီပြီးရင် အစ်ကို့ကို တစ်စုံတစ်ယောက်က အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး အသေးစိပ်ရှင်းပြပေးပါလိမ့်မယ်"

"ဩော်...ကိစ္စပြီးမှ ဆိုပါတော့"

"ခုနေရှင်းပြလည်း ဘာမှအကျိုးမရှိနိုင်ပါဘူး အစ်ကို၊ အနှောင့်အယှက်တောင် ဖြစ်နိုင်ပါသေးတယ်၊ ဒါကြောင့် ကျွန်မအပေါ် ယုံကြည်ပါလို့ပဲ ပြောပါစေနော်"

"အင်း"

"နောက်ပြီး ကျွန်မအနေနဲ့ သည်တစ်ကြိမ်ပဲ အစ်ကိုနဲ့ဆုံတွေ့ရမှာပါ"

ထန်အင်းက ဝမ်းနည်းသလို ပြောလာသောအခါ ဟန်စင်းစိတ်ကိုလျှော့လိုက်ပြီး...

"ကောင်းပြီလေ၊ ကျုပ် ဘာမှဆက်မမေးတော့ပါဘူး"



"မင်း ပြောခွင့်ရှိသလောက်သာ ပြောပါတော့"

"ဒီလိုပါ အစ်ကို"

ထန်အင်းက သူ့ကို သိသင့်သော အကြောင်းအရာများကို စတ်ဝင်စားဖွယ်ရေ ပြောပြသည်။

ဝက်ပါတောင်၏ အနောက်ဘက်တွင် ကျိုကျားတောင်ကုန်းဟူ၍ တောင်ကုန်းလေးတစ်ခုရှိသည် ဆိုသည်။

ထိုတောင်ကုန်းလေးအနီးတွင် တောင်နံရံကိုမှီပြီး ဆောက်လုပ်ထားသော အိမ်လေးတစ်ဆောင်ရှိသည်။

ထိုအိမ်လေးတွင် သီတင်းသုံးနေထိုင်သူက ဆရာတော်ဂူးပင် ဖြစ်ကြောင်း။

ထို့နောက် ထန်အင်းက ဆက်ပြောသည်မှာ...

"အစ်ကို့အနေနဲ့ ပထမဦးဆုံး စလုပ်ရမှာက ကျိုကျားတောင်ကုန်းကိုသွားပြီး အဲဒီဆရာတော်ဂူးကို တွေ့ဖို့ပါပဲ၊ အစ်ကို ဆရာတော်ဂူးကို ဝင်တွေ့တဲ့အခါမှာ မိုးပေါ်က ရတနာဘယ်မှာလဲလို့ မေးရပါမယ်၊ အဲဒီအခါမှာ ဆရာတော်ဂူးက စကားတစ်ခွန်းပြန်ပြောပါလိမ့်မယ်၊ ဒီအထိ ရှင်းပါတယ်နော် အစ်ကို"

"ရှင်းပါတယ် ဆက်ပြောပါ"

"အစ်ကို ဆက်သွားရမှာက ဝမ်းတိန်မြို့တောင်ဘက် တံခါးနားမှာ ဖွင့်ထားတဲ့ ကြေးအိုးစားသောက်ဆိုင်ပါပဲ၊ အဲဒီကြေးအိုး ဆိုင်ပိုင်ရှင်က နန်းဖွေးတဲ့၊ ကျိုကျိုကျားတောင်ကုန်းက ဆရာတော်ဂူး ပြောလိုက်တဲ့စကားကို အဲဒီဆိုင်ပိုင်ရှင်နန်းဖွေးကို ပြန်ပြောရပါမယ်"

"ဟုတ်ပြီ နောက်တော့ ဘာဆက်လုပ်ရဦးမလဲ"

"အဲ နန်းဖွေးနဲ့တွေ့ရင် အစ်ကိုသိချင်တဲ့ မေးခွန်းတွေမေးလို့ရပါတယ်၊ နန်းဖွေးဆီရောက်လို့ သတင်းစကားကို ပေးပို့ပြီးရင် အစ်ကို့ကူညီမှုဟာ ပြီးဆုံးသွားပါပြီရှင်"

"ကူညီရမယ်ဆိုတဲ့ကိစ္စက ဘာမှလည်းမပြောပလောက် ပါလားကွယ်"

"ဟင်..အစ်ကိုက အခုထိ ကူညီဖို့ မဆုံးဖြတ်ရသေးဘူးလားဟင်"

"အင်း..စဉ်းစားနေပါတယ်လေ"

"ဒီမှာအစ်ကို...ကျွန်မတို့အနေနဲ့ ကျွန်မတို့ရဲ့ လျှို့ဝှက်ချက်တချို့ကို ဖွင့်ပြောခဲ့ပြီးပါပြီ၊ အစ်ကို မကူညီဘူးဆိုရင် သတင်းပေါက်ကြားသွားပြီး လူအတော်များများ အသတ်ခံရဦးမှာပါ အစ်ကို"

ဟန်စင်း ငြိမ်နေသည်။

နောက်ဆုံးတော့ သူ့ကို အကူအညီတောင်းခံလာသည်မှာ တကယ်ပင် ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်နိုင်သည်။

ထို့နောက်...

"ကောင်းပြီလေ၊ ထန်အင်း မင်းပြောတဲ့ကိစ္စကို ကျွန်မအကူအညီပေးဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါပေမယ့် နောက်ဆုံးအနေနဲ့ တစ်ခုတော့မေးမယ်၊ အဲဒီမေးခွန်းကို မဖြေနိုင်ဘူးဆိုရင်တော့ ကျုပ်ကလည်း သဘောတူညီချက်ကို လက်ခံနိုင်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ မေးပါ အစ်ကို"

"ညီမတို့ ကိစ္စမှာ အကူအညီပေးနိုင်မယ့်လူဟာ အစ်ကိုလို့ ဘယ်နည်းနဲ့ရွေးချယ်ခဲ့တာလဲ၊ အစ်ကို့အပြင် တခြားလူ မရှိတော့ဘူးလား၊ အဲဒါ သိချင်တယ်"



"ဒီကိစ္စကို အစ်ကို တကယ်မသိဘူးပေါ့နော်"

"လုံးဝ မသိပါဘူး"

"ကောင်းပြီ အစ်ကို၊ ဒါဆို ညီမဖြေပါ့မယ်၊ အစ်ကို့ကိုမှရွေးပြီးအကူအညီတောင်းရတာကတော့ အစ်ကို့နဖူးက မဟူရာအမှတ်အသားကြောင့်ပါ"

နဖူးပြင်ပေါ်က မဟူရာအမှတ်အသားကို ရခဲ့ပြီးကတည်းကတစ်ခုခု ထူးခြားလိမ့်မည်ဟု ထင်ခဲ့သော ဟန်စင်းမှာ သိပ်မအံ့သြမိတော့ချေ။

သို့သော်...

သိလိုစိတ်များ ပိုမိုဖြစ်ပေါ်လာသည်။

သူ့ကို မဟူရာအမှတ်အသား ခပ်နှိပ်ပေးခဲ့သော အဘိုးကြီးနှင့်ထန်အင်းတို့ မည်ကဲ့သို့ ဆက်စပ်နေသည်ကို သိရအောင် မေးကြည့်ချင်သည်။

ပါးနပ်လိမ္မာပုံရသော ထန်အင်းကလည်း ဒါကို ရိပ်မိပုံရလေသည်။

"အစ်ကို့ကတိအတိုင်း ဒီမေးခွန်းကလွဲလို့ ထပ်မမေးစေချင်ဘူး၊ အစ်ကို ကျေနပ်ပါတော့နော်"

ယောကျ်ားကောင်းပီပီ ပေးထားသော ကတိကို တည်ချင်သဖြင့် ဟန်စင်းဘာမှ ထပ်မမေးနိုင်တော့ပါ။

"ကောင်းပြီလေ၊ အစ်ကို ဘာမှထပ်မမေးတော့ပါဘူး"

"အစ်ကို့အပေါ် ညီမ တွေ့တွေ့ချင်းဆိုသလိုပဲ လေးစားအ

ထင်ကြီးခဲ့ပါတယ်၊ အစ်ကိုဟာ သိုင်းလောကရဲ့ ကယ်တင်ရှင်လူစွမ်းကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်၊ ကျွန်မတို့ ခွဲခွာရတော့မယ် အစ်ကို၊ ကျွန်မတို့ မခွဲခွာခင် အစ်ကို့အမည်နာမကို ကျွန်မသိခွင့်ရှိမလားဟင်"

"ဟာ..သိခွင့်ရှိပါတယ်၊ ကိုယ့်မှာက ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး။ မှတ်ထား အစ်ကို့နာမည်က ဟန်စင်းလို့ခေါ်တယ်"

"ဪ..အစ်ကိုဟာ ထိုက်ယန်မြို့က နာမည်ကျော်သိုင်းသမားတစ်ဦးပဲဆိုတာ ညီမကြားဖူးနေခဲ့ပါတယ်၊ ညီမ အမြဲအမှတ်ရနေပါ့မယ်ရှင် ကဲ ညီမပြောချင်တာကတော့ ဒါပါပဲ အစ်ကို"

ထန်အင်းက အစ်ကိုဟုခေါ်လိုက်သောအခါ လူချင်းကွဲသွားသော ချစ်သူယွင်ကူးအတွက် ပူပန်စိတ်များ ဝေ့တက်လာသည်။

"ကဲ အစ်ကိုသွားမယ် ထန်အင်း"

"ကောင်းပါပြီ အစ်ကို"

* * *



## မြေရာဖျောက်သွားသူ

နောက်တခဏအတွင်းမှာ ဟန်စင်းတစ်ယောက် လမ်းမပေါ်သို့ ပြန်ရောက်နေခဲ့ပေပြီ။

ထန်အင်းနှင့်တွေ့ဆုံခဲ့ရာ လမ်းကြားကလေးမှ လမ်းမပေါ်သို့ ပြန်ထွက်လာခဲ့သည်။

ယွင်ကူးကို မတွေ့တွေ့အောင် ရှာမည်ဟု စိတ်ကူးနေမိစဉ်မှာပင်..

"ဟာ...ယွင်ကူး"

"အစ်ကိုဟန်"

မျက်နှာချင်းဆိုင်က လာနေသော ယွင်ကူးနှင့်ဘွားခနဲ ပြန်ဆုံတွေ့ရသည်

ဝမ်းသာမှုကိုယ်စီဖြင့် တစ်ယောက်လက်ကို တစ်ယောက် ဆွဲကိုင်မိကြသည်။

"ဘယ်ပျောက်သွားတာလဲ အစ်ကို၊ ညီမ ဒီနေရာပြန်ရောက်နေတာ ကြာပြီ"

"အဲ..ဟိုလေ"

သူ ရုတ်တရက် မဖြေနိုင်ချေ။

ယွင်ကူးနှင့် ဝတ်စုံနက်အဘိုးအိုကိုလိုက်ရှာရမည့်အစား ထန်အင်းနှင့် ဆွေးနွေးနေမိသည် မဟုတ်လား။

"ဒါထက် ယွင်ကူး ဟိုအဘိုးအိုကို လိုက်လို့မိသလား"

"မိပါတယ် အစ်ကို အဟင်း"

"ဟာ ယွင်ကူး ဘာလို့ရယ်နေတာလဲ၊ ဘာတွေဖြစ်ခဲ့လို့လဲ ဟင်"

"အစ်ကိုတွေ့ခဲ့တဲ့ အဘိုးအိုဟာ ဝက်ပါတောင်မှာ တွေ့ခဲ့တဲ့ အဘိုးကြီး မဟုတ်ဘူး အစ်ကိုရဲ့"

"ဟေ"

ဟန်စင်း အံ့သြသွားသည်။

"အစ်ကို မျက်စိမှားတာပေါ့၊ သေချာရဲ့လား ညီမရယ်"

ယွင်ကူး ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ် အ်စကိုရယ်၊ ရန်သူအဘိုးကြီးကို ညီမ ကောင်းကောင်း မှတ်မိပါတယ်ရှင်၊ လူမှားမှန်းသိတာနဲ့ ပြန်လှည့်လာပြီး အစ်ကို့ကိုလိုက်ရှာရတာ မောရော၊ အစ်ကို ကဲ ပြော အစ်ကို က ဘယ်တွေကို လျှောက်သွားနေတာလဲ"

ဟန်စင်း အခက်တွေ့သွားရသည်။

နောက်ဆုံး သူက မတတ်သာတော့ဘဲ လိမ်လိုက်ရ၏။

"လျှောက်သွားတာ မဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ ဈေးသည် တစ်ယောက်နဲ့ ဝင်တိုက်မိလို့ ပြေလည်အောင် ဖြေရှင်းနေရတာပါ"



"အစ်ကို လမ်းကြားထဲက ထွက်လာတာကကော"

"ဟိုလေ..ညီမများ လမ်းကြားလေးထဲ ဝင်သွားသလားလို့ ပါ"

ယွင်ကူးက ကျေနပ်ဟန်မရှိသော်လည်း ဘာမှမမေးတော ဘဲ...

"ကဲ...အစ်ကို အခုအချိန် အားပြီမဟုတ်လား၊ ညီမနဲ့အတူ အိမ်ကိုလိုက်ခဲ့နော်"

"အစ်ကို့နဖူးမှာ အမာရွတ်ကြီးနဲ့ မလိုက်ချင်သေးဘူး"

ယွင်ကူး အံတစ်ချက်ကြိတ်လိုက်၏။

"ဒီဒဏ်ရာကိစ္စနဲ့ ပတ်သက်ပြီး သမားတော်ခုံးစိန်ကို ညီမ လုံးဝမကျေနပ်ဘူး၊ သူညာနေတာပဲဖြစ်မယ်"

"ညီမ ဘာလုပ်ချင်လို့လဲ"

"သူ့ဆီပြန်သွားပြီး ဆွေးနွေးကြည့်ချင်တယ်"

"ကောင်းပြီ...ညီမ သဘောပဲ"

နောက်ဆုံး ဟန်စင်းက အလျှော့ပေးလိုက်သဖြင့် ခုံးစိန်ထံ ပြန်၍ခြေဦးလှည့်ကြပြန်လေသည်။

* * *

"အရေးတကြီးကိစ္စရှိ၍ ဆေးဆိုင်အား အကန့်အသတ်မရှိ ပိတ်ထားပါသည်။

ခုံးစိန်"

ရွှေလက်ခေါးဆိုင်အား ပိတ်ထားသည့်အပြင် ယင်းဆိုင်းဘုတ်ကိုလည်း ချိတ်ဆွဲထားသောကြောင့် ဟန်စင်းနှင့်ယွင်ကူး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

အတန်ကြာမှ ယွင်ကူးက ဒေါသသံလေးဖြင့် ပြောလာသည်။

"သူဟာ အကြောင်းတစ်ခုခုကြောင့် တမင်ရှောင်ထွက်သွားတာပဲဖြစ်မယ်"

"သူမှ မကူပေးချင်ဘဲ ဘယ်တတ်နိုင်ပါ့မလဲ"

"ညီမကတော့ မကျေနပ်ဘူး၊ ဆေးဆိုင်နောက်က အိမ်ရှင်ကိုမေးကြည့်ရင် အကျိုးအကြောင်း သိရမှာပဲ"

ပြောပြောဆိုဆို သူမက ဇွတ်ပင်ဝင်သွားတော့သည်။

မကြာမီ ပြန်ထွက်လာ၏။

သူမ၏မျက်နှာသည် ဒေါသကြောင့် နီရွှေးနေ၏။

"ဘာများ ထူးခြားလဲ"

"ကျွန်မ တွက်ဆထားတဲ့အတိုင်း သူလစ်ပြေးသွားပြီ၊ ပြန်လာမယ် မလာဘူးဆိုတာ မသေချာဘူးတဲ့၊ သူဘာကြောင့် ဆေးကုဖို့ကြောက်နေရသလဲဆိုတာ မစဉ်းစားတတ်တော့ဘူး"

"ကဲပါ ညီမရယ်၊ ထားလိုက်ပါတော့ ဘယ်တတ်နိုင်ပါ့မလဲ ပြန်ကြစို့"

ယွင်ကူးမသိသော အကြောင်းဖြင့် သူက ကျိုကျားတောင်သို့သွားရမည် မဟုတ်ပါလား။

* * *



## လျှို့ဝှက်ချက်နှင့် အန္တရာယ်

ဝက်ပါတောင်…။

နာမည်ကျော် ဝက်ပါတောင်၏တစ်ဘက်တွင် ကျိုကျားဟုအမည်တွင်သော တောင်ကုန်းလေးတစ်ခုရှိ၏။

ထိုကျိုကျားတောင်ကုန်းကလေး တစ်နေရာတွင် ပိုင်မာစုဟုခေါ်သော ကျောင်းတော်တစ်ခုရှိသည်။

ကျောင်းတော်၏ဝဲဘက်တွင် ကျိုကျားတောင်ကုန်းကိုမှီ၍ တည်ဆောက်ထားသော အိမ်ကလေးတစ်လုံးကို တွေ့ရလေသည်။

အိမ်ကလေးမှာ တောသစ်လုံးများဖြင့် တည်ဆောက်ထားပြီး သပ်သပ်ရပ်ရပ်ရှိသော်လည်း လူသူကင်းမဲ့ကာ တိတ်ဆိတ် ငြိမ်သက်၍နေလေသည်။

အိမ်ကလေး၏ ပတ်ဝန်းကျင်မှာတော့ တောအုပ်ကလေးတစ်ခုကိုတွေ့မြင်ရသည်။

ထင်းရှူးပင်ရှိုင်းများ ပေါက်နေသော တောအုပ်ကလေးဖြစ်သည်။

ထို့အပြင် ထူထပ်စွာပေါက်နေသော မြက်ပင်ရှည်ကြီးများကိုလည်း တွေ့ရသည်။

လေပြင်းက ဖြတ်သန်းတိုက်ခတ်လာသောအခါ လရောင်အောက်မှာ ထိုမြက်ရိုင်းများလှိုင်းထ လှုပ်ရှားသွားကြ၏။

တရှဲရှဲမြည်သံကိုလည်း ဖြစ်ပေါ်စေ၏။

အချိန်က အကာလ ညအခါ ညဉ့်ဦးယံဖြစ်၏။

ပြည့်ဝန်းသော လဝန်းသည် ကောင်းကင်ထက်တွင် ထိန်ထိန်သာနေရာ အိမ်ကလေးနှင့်ပတ်ဝန်းကျင် အနေအထားကို ကောင်းစွာမြင်နေရလေသည်။

ထိုခဏတွင် တောအုပ်ကလေးအတွင်း လျင်မြန်စွာ ရွေ့လျားသွားလာနေသော သားကောင်တစ်ကောင်ကို တွေ့ရ၏။

သားရဲတိရစ္ဆာန် မဟုတ်။

မနုဿသားကောင် ဖြစ်သည်။

သို့သော် အိမ်ကလေးဆီ သူချဉ်းကပ်သွားနေပုံမှာ ကျားသစ်နက်တစ်ကောင်လို ညင်သာလှသည်။

ခြေသံ လုံးဝမထွက်။

တောတိုးသံ လုံးဝမကြားရပါချေ။

ထန်အင်းအပေါ် ပေးထားသောကတိအတိုင်း အတိအကျ လုပ်ဆောင်နေသည့် ဟန်စင်းပင်ဖြစ်သည်။

ခဏအကြာတွင် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်သို့ သူရောက်သွားပြီး အိမ်ကလေးဆီသို့ ငြိမ်သက်စွာ စောင့်ကြည့်နေသည်။



အိမ်ကလေးဆီမှ မီးရောင်တစ်ခု မြင်ရ၏။

တစ်စုံတစ်ယောက် ရှိနေသည်မှာ သေချာ၏။

ထန်အင်းပြောသော တရားကျင့်နေသည့် ဆရာတော်ဝူးပင် ဖြစ်လိမ့်မည်။

လူသူမနီးသည့် တောတောင်ရိပ်မှာ ခိုလှုံနေသူ ဆရာတော်ဝူးသည် အကျင့်သီလ သမာဓိအား အလွန်ကောင်းလှသူပင် ဖြစ်ပါလိမ့်မည်။

ဆရာတော်ဝူး၏နေရာကို လျှို့ဝှက်စွာ လာနိုင်ပါလျက် ထန်အင်းကိုယ်တိုင် ဘာကြောင့်မလာသနည်း။

တွေးရင်း အိမ်ကလေးဆီ တိတ်ဆိတ်စွာ ချဉ်းကပ်လာခဲ့သည်။

ကျားသစ်နက်ပမာ ညင်သာစွာ ရွေ့လျားမှုနှင့် အသံတိတ်ချဉ်းကပ်သွားရာ အိမ်ကလေး၏ခပ်ဟဟစေ့ထားသော တံခါးဝ ရောက်သွားသည်။

တံခါးဝမှ အတွင်းဘက်သို့ တစေ့တစောင်း မြင်နေရ၏။

"ဟင်"

လူရိပ်တချို့ တွေ့ရသဖြင့် ဟန်စင်းနောက်သို့ ကပျာကယာ ပြန်ဆုတ်လိုက်မိသည်။

ဆရာတော်ဝူးထံမှာ အချိန်မတော် ညဉ့်အခါကြီး ဧည့်သည်တွေ ရောက်နေသည်ပင်။

ရိုးသားသော ဧည့်သည်များလား။ မဖိတ်ခေါ်ဘဲ ရောက်နေသောဧည့်သည်များပင်လော။

အိမ်ကလေးဆီပြန်၍ ချဉ်းကပ်လိုက်ပြီး အသာအယာ ချောင်းကြည့်လိုက်လျှင်...

"ဟာ"

စိတ်လှုပ်ရှားစရာ မြင်ကွင်းကို တွေ့လိုက်ရသည်။

အိမ်ကလေး အလယ်မှာ ဦးခေါင်းပြောင်အောင် တုံးထား သောလူတစ်ယောက် ချုပ်နှောင်ခံထားရပြီး ဇလာကျဉ်းနေသော ကိုယ်အပေါ်ပိုင်းမှာ သွေးစိမ်းရှင်ရှင်ကျနေည့် ဒဏ်ရာတချို့ကိုလည်း တွေ့ရသည်။

ဆရာတော်ဂူးပဲ ဖြစ်လိမ့်မည်။

ဆရာတော်ဂူးရှေ့မှာ ရပ်နေသည်က အမျိုးသမီးလေး ယောက်။

နှစ်ယောက်က ခပ်ငယ်ငယ်။ ကျန်နှစ်ယောက်ကတော့ ဟန်စင်းကောင်းစွာ မှတ်မိလေသည်။

ဝက်ပါတောင်ကုန်းပေါ်မှာ စိန်ကြူးအား တိုက်ခိုက်ခဲ့သူ ဓားသမား မိန်းမရိုင်းကြီးနှစ်ယောက်ပင်ဖြစ်သည်။

မျက်နှာသွယ်သော ဓားသမားမိန်းမရိုင်း၏လက်တွင် ဓား မြှောင်တစ်ချောင်း ကိုင်ထားလိုက်သေးသည်။

မျက်နှာပိုင်းဝိုင်းနှင့် မိန်းမရိုင်းကြီးက သူ့အဖော်အား လှမ်း ၍သတိပေးလိုက်သည်။

"ဟေ့ လက်မလွန်စေနဲ့နော်၊ မေးစရာတွေကို ရအောင် မေးရဦးမယ်"

"အို...ဒီလောက်နဲ့ ဘာဖြစ်မှာမို့လဲ"



အော်ဟစ်ငြင်းခုန်နေစဉ် ဆရာတော်ဂူးက ခေါင်းငိုက်စိုက် ကျနေရာမှ ပြန်မတ်လာကာ ရွံရှာသောအကြည့်ဖြင့် မိန်းမရိုင်းတို့ အား ကြည့်လိုက်သည်။

"ကဲ..ဆရာတော်ဂူး၊ ကျွန်မတို့ပြောထားတဲ့ကိစ္စ အဖြေပေး တော့မလား၊ ဒါမှမဟုတ် အသက်အသေခံမလား၊ ဟိုပစ္စည်းကို ဘယ်မှာဝှက်ထားသလဲ၊ ပြောရင်ပြော မပြောရင်တော့ ဒဏ်ရာတွေ ပိုရသွားမှာ"

မျက်နှာသွယ်သွယ် မိန်းမက မည်သို့လုပ်လိုက်သည်မသိ။

ဆရာတော်ဂူးထံမှ ခပ်အုပ်အုပ် ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်။

ဟန်စင်း ဆက်၍သည်းမခံနိုင်တော့ပါ။

လူမဆန်လှသော မိန်းမရိုင်းတစ်စုကို အမြန်ဆုံးရင်ဆိုင် ခုံး မမှုဖြစ်မည်။

တိတ်ဆိတ်စွာ ချောင်းမြောင်းကြည့်နေရာမှ အိမ်တံခါးဝဆီ ခုန်တက်လိုက်ပြီး တံခါးကို ခြေဖြင့်ကန်ဖွင့်လိုက်သည်။

"ဝုန်း"

ဒုစရိုက်ကို ကျူးလွန်နေသော အမျိုးသမီးလေးယောက် ထိတ်လန့်တကြား ဖြစ်သွားကြပြီး တံခါးဝဆီသို့ ပြိုင်တူလှည့်ကြည့် လိုက်ကြသည်။

"ဟာ"

"အို"

တံခါးဝမှာ အသင့်အနေအထားဖြင့် မားမားကြီး ရပ်နေ

သည့် ဟန်စင်း၏ရဲတင်းသော အသွင်ကိုမြင်လျှင် အထိတ်တလန့်ဖြစ်သွားကြသည်။

ဟန်စင်း၏ ဘယ်လက်က ဓားအိမ်ကိုမြောက်ကိုင်ထားကာ ညာဘက်လက်က ဓားရိုးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

ပြတ်ပြတ်သားသား ဝင်ရောက်တိုက်ခိုက်တော့မည့် အသွင်ပင်ဖြစ်သည်။

"ဟင်…ရှင်ရောက်လာပြန်ပြီလား"

မျက်နှာသွယ်သွယ်မိန်းမက မှတ်မိသွားဟန်ဖြင့် တအံ့တသြပြောလိုက်သည်။

"အေး…ဟုတ်တယ်၊ ယုတ်မာရိုင်းစိုင်းသူတွေကို တိုက်ခိုက်ဖို့ ကျုပ်ဟန်စင်းဟာ ဘယ်နေရာမဆို ရောက်လာမှာပဲ၊ ငါ့ရဲ့ဓားကို ဓားအိမ်ကဆွဲထုတ်ခဲတယ်၊ ဓားကိုထုတ်ပြီးတဲ့နောက်မှာလည်း ရန်သူရဲ့သွေးကိုသောက်ရမှလည်း ကျေနပ်တယ် ကိုင်း"

"ရွှမ်း"

ဟန်စင်းသည် ဓားကို ရွှမ်းခနဲ နေအောင် ဆွဲထုတ်ပြီး ဓားသွားက ဖွေးခနဲ လက်မသွား၊ ဓားမှာ ထူးဆန်းအံ့သြဖွယ်ကောင်းနေ၏။

အရောင်က နီကျင်ကျင်ဖြစ်နေပြီး တောက်ပြောင်ခြင်းလုံးဝ မရှိ။ သံချေးတက်နေသလိုလို။

သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သော မိန်းမရိုင်းနှစ်ယောက်သည် ဟန်စင်း၏ သာမန်မဟုတ် ထူးဆန်းသောဓားကိုမြင်လျှင် တုန်လှုပ်သွားကြသည်။



သူတို့လေးယောက်စလုံး မျက်နှာပျက်သွားကြသည်။

"ရှင်…ရှင်က သူတို့နဲ့တစ်ဖွဲ့တည်းလား"

မျက်နှာဝိုင်းဝိုင်းနှင့်မိန်းမက မသိမသာ တုန်ရီသောလေသံဖြင့် မေးသည်။

"ဘယ်သူ့အဖွဲ့ကမှ မဟုတ်ဘူး၊ ငါက တစ်ကိုယ်တော်"

မိန်းမသားတွေဆိုပြီး မညှာနိုင်တော့ချေ။

သူတို့သည် ရိုင်းစိုင်းရက်စက်သော အနက်ရောင်သိုင်းသမားများ မဟုတ်ပါလော။

ဟန်စင်း၏ဓားသည် စက်ဝိုင်းသဏ္ဍာန် ဝေ့ဝိုက်သွားကာ မြောက်တက်သွား၏။

"အား"

"အမယ်လေး"

အသက်ငယ်ငယ် သိုင်းသမားမိန်းမပျိုနှစ်ယောက် အရုပ်ကြိုးပြတ်လဲကျသွားသည်။

မျက်နှာဝိုင်းဝိုင်းမိန်းမသည် သစ်သားခုံကြီးတစ်ခုကို မြောက်ကိုင်ကာ အတွင်းအားကိုသုံး၍ ဟန်စင်းအား ပစ်ပေါက်လိုက်လေသည်။

"ဝုန်း"

"ဖြောင်း"

ဓားသွားသည် လေထဲသို့ မြောက်တက်သွားပြန်လေသည်။ သစ်သားခုံကြီးကို ခုတ်ပိုင်းလိုက်ရာ ဖြောင်းခနဲ မြည်သံနှင့်

အတူ တစ်စစီ ကျိုးပဲ့လွင့်စဉ်သွား၏။

တပြိုင်နက်တည်းမှာပင် မျက်နှာဝိုင်းဝိုင်းမိန်းမအနားသို့ ဟန်စင်း ရွေ့လျားသွားကာ ရိပ်ခနဲသာ မြင်လိုက်ရသော ဓားကွက် တစ်ကွက်နှင့်အတူ…

"ဝှစ်"

"အား"

မျက်နှာဝိုင်းဝိုင်းမိန်းမ လဲကျသွားသည်။

တစ်ယောက် ကျန်ပါသေးသည်။

သူတို့အထဲမှာ အရက်စက်ဆုံးဖြစ်ပုံရသော မျက်နှာသွယ် သွယ်နှင့်မိန်းမပင်။

သူမက ဟန်စင်းအား ရင်မဆိုင်ရဲဟန်ဖြင့် တံခါးဝဆီသို့ တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်…

ဆုတ်ခွာပြေးဖို့ ကြိုးစားလိုက်သည်။

ဟန်စင်း တစ်ချက်ပြုံးလိုက်သည်။

ကိုယ်ခံရမည့်အလှည့်ကျတော့ ကြောက်ကြပါလား။

ဟန်စင်း ကိုယ်ဖော့ပညာသုံး၍ အခန်းထောင့်ဖြတ်တစ် ချက် ခုန်လိုက်သည်။

"ဖုတ်"

ပြန်အကျမှာ တံခါးကို ကျောမှီ၍ ပိတ်ရပ်ထားလိုက်သည်။

တုန်လှုပ်နေသော သူမ ချက်ချင်းနောက်ဆုတ်သွား၏။

"ဒီ…ဒီမှာ"



"စကားမရှည်နဲ့ ရက်စက်ရိုင်းစိုင်းတဲ့ မင်းတို့လေးယောက် စလုံးကို ရှင်းပစ်မယ်ကွ"

"ရှင်သတ်ရဲရင်လည်း ခံရမှာပဲ၊ ကျွန်မတို့မှာ အမိန့်တစ်ခု ပါတယ်၊ ရှင့်ကို အံတုပြီး ယှဉ်ပြိုင်မတိုက်ရဘူးတဲ့"

ဟန်စင်း အံ့ဩသွားသည်။

"ဟင်…ဘယ်သူ့အမိန့်လဲ၊ ငါနားမလည်ဘူး၊ ဉာဏ်များမယ် တော့မကြံနဲ့"

"ကျွန်မတို့ အရှင်သခင်မရဲ့ အမိန့်ပါ"

"မင်းတို့ရဲ့ အရှင်သခင်မ ဟုတ်လား၊ ဘယ်သူများပါလိမ့် ကွာ ပြောစမ်းပါဦး"

"ဒါတော့ မပြောနိုင်ဘူးရှင့်"

"ဘာလဲ မင်းတို့ရဲ့အရှင်သခင်ဆိုတာ ဝတ်စုံနက်အဘိုးအို သိုင်းသမားကြီးလား"

"အို…မဟုတ်ပါဘူး"

"ကိုင်း ဒါဖြင့် လုပ်မနေနဲ့ ဆရာတော်ဂူးအပေါ် စော်ကား ခဲ့တဲ့အတွက် အပြစ်ဒဏ်ခံပေတော့"

ဟန်စင်း တိုက်ကွက်ပြင်လိုက်သည်။

ထိုခဏတွင် မျက်နှာသွယ်သွယ်မိန်းမသည် ရူးဝါးစွာဖြင့် တစ်ချက်အော်ဟစ်လိုက်သည်။

"အို…အရှင်သခင် အသက်ဘေးမှ ကာကွယ်ရန် မလွဲမ ရှောင်သာသော အခြေအနေမို့ အမိန့်ကိုဆန့်ကျင်ခွင့် ပြုပါတော့ တောင်းပန်ပါတယ်"

ချက်ချင်းဆိုသလိုပင် မိန်းမရိုင်း၏ ကိုယ်ခန္ဓာသည် ကွေးညွတ်သွား၏။

တုန်လှုပ်ဖြူဖွေးနေသော မျက်နှာသည်လည်း သွေးရောင်လွှမ်းလာသည်။

အတွင်းအားကို စုစည်းနေခြင်းဖြစ်သည်။

နောက်ဆုံး ရန်းကန်တော့မည့်အသွင်ဖြင့် ခုခံရင်ဆိုင်တော့မည် ဖြစ်လေသည်။ သို့သော်...

သူမ အသုံးပြုမည့် သိုင်းပညာမှာ အနက်ရောင်သိုင်းသမားတို့ သုံးလေ့ရှိသော ကောက်ကျစ်စဉ်းလဲသည့် သိုင်းပညာတစ်မျိုးသာဖြစ်ပေလိမ့်မည်။

သူမ လှုပ်ရှားမလာခင် ဟန်စင်းက စတင်၍ လျှပ်တပြက် တိုက်ခိုက်လိုက်သည်။

သိုင်းကွက်နှစ်ကွက်မျှဖြင့် ဟန်စင်း[illegible]ချက်ကြောင့် မိန်းမရိုင်းမှာ ယိုင်လဲကျသွားသည်။

သူမ လဲကျမသွားခင်မှာ အဆိပ်အပ်ကလေး[illegible]ချောင်း ပစ်လွှင့်ခဲ့လေသည်။

"ဟာ"

ဟန်စင်း သတိကြီးစွာဖြင့် အပေါ်တည့်တည့်သို့ ခုန်ရှောင်လိုက်ရာ ဖွေ့ခနဲ မြောက်တက်သွားပြီး တုတ်တန်းမှာချိတ်မိနေပြီးသား ဖြစ်သွားသည်။

အဆိပ်အပ်သည် တံခါးချပ်အား ထိမှန်သွားသည်။

ထောက်ခနဲ အသံ ထွက်ပေါ်လာ၏။



ဟန်စင်းရှေ့မှာပင် တံခါးချပ်သည် မည်းနက်သွားလေသည်။

ကြောက်ခမန်းလိလိ ပြင်းထန်လှသော အဆိပ်မှာ မည်သည့်အဆိပ်မျိုးဟု ဟန်စင်း တွေးမရပါချေ။

လူကိုသာ ထိမှန်မိပါက မတွေးဝံ့တော့ချေ။

ဟန်စင်းမှာ ကျောများပင် ချမ်းသွားပြီး လေပူတစ်ချက်မှုတ်ထုတ်လိုက်မိတော့သည်။

* * *

"အင်း"

တုပ်နှောင်ထားခြင်းခံရဆဲ ဖြစ်သော ဆရာတော်ဂူးထံမှ ညည်းညူသံ ထွက်ပေါ်လာသည်။

ဟန်စင်း ဆရာတော်ဂူးထံသို့ ချဉ်းကပ်သွားလိုက်သည်။

ဆရာတော်ဂူး၏ လက်ကောက်ဝတ်ကို စမ်းသပ်ကြည့်လိုက်သည်။ သွေး မခုန်တစ်ချက် ခုန်တစ်ချက် ဖြစ်နေ၏။

ဆရာတော်ဂူးသာ ဆုံးပါးသွားလျှင် သတင်းကွင်းဆက်ပျောက်ဆုံးပြီး လမ်းစပျောက်သွားနိုင်လေသည်။

သူက ဆရာတော်ဂူး၏မေးစေ့ကို ဖေးမပင့်တင်ကာ..

"ဆရာတော်ဂူး မိုးပေါ်ကရတနာ ဘယ်မှာလဲ"

ဟု အလောတကြီး မေးလိုက်မိသည်။

အသက်ကို ခက်ခဲစွာရှူနေရသော ဆရာတော်ဂူးသည်

မျက်လုံးကို အားယူဖွင့်ကြည့်လိုက်ပြီး စကားလုံးတချို့ကို ခက်ခက်ခဲခဲ ကြိုးစား၍ပြောရှာ၏။

"နေဝန်း..စောင့်မျှော်"

"ဟင်"

စကားလုံးများ၏ အဓိပ္ပါယ်ကို ဟန်စင်းဘာမျှ နားမလည်ပါချေ။

"ဘာပြောတာလဲ ဆရာတော်ဂူး၊ နောက်တစ်ခေါက်လောက် ထပ်ပြောပါဦး"

အသက်ရှူ ရပ်သွားချေပြီ။

ဆရာတော်ဂူး တဆင့်ပါးလိုက်သည့်စကားက မည်သည့်အဓိပ္ပါယ်ရှိသနည်း။ သူ မသိပါချေ။

ဟန်စင်း ပင့်သက်ရှိုက်လိုက်၏။

သူ့တာဝန်က ထိုစကားလုံးများကို ဝမ်းထိန်မြို့မှ ကြေးအိုးစားသောက်ဆိုင်ပိုင်ရှင် နန်းဖွေးထံသို့ သွားပြောပြပေးရမည် ဖြစ်လေသည်။ တစ်ခုတော့ ဝမ်းနည်းစရာကောင်းသည်။

သူသာ အချိန်အနည်းငယ် စောပြီး ဆရာတော်ဂူးထံ ရောက်ခဲ့လျှင် ဆရာတော်ဂူးမှာ အသက်သေဆုံးရမည် မဟုတ်ပါချေ။

သူသိချင်နေသော ပဟေဠိအဖြေတချို့ကိုလည်း မေးခွင့်ရလိမ့်မည်ဖြစ်သည်။ ယခုတော့...

ဆရာတော်ဂူးအတွက် စိတ်မကောင်းစွာဖြင့် ဓလေ့ထုံးစံအတိုင်း တောင့်တင်းမလာခင် တင်ပျဉ်ခွေပြုပြင်ပေးပြီး အိမ်ကလေး



ကို ကျောခိုင်းရန် ဟန်ပြင်လိုက်သည်။

သို့သော် မမျှော်လင့်သော အသံတစ်သံ သူ့ကကျောဘက်မှ ထွက်ပေါ်လာသည်။

"ဟိတ်..မလှုပ်နဲ့ အသက်မသေချင်ယင် ငြိမ်ငြိမ်လေးရပ်နေစမ်း"

အေးစက်မာကျောသော အသံတစ်သံ...

"ဟန်စင်းကို ဘယ်သူမှ ခြိမ်းခြောက်အမိန့်ပေးလို့ မရဘူး မိတ်ဆွေ"

သူ့စကားအဆုံးမှာ ချွန်မြနေသော အရာတစ်ခုက သူ့နောက်ကျောနှလုံးသားတည့်တည့်ကို လာ၍ထိုးစိုက်လိုက်သည်ကို ခံစားလိုက်ရသည်။

"အပြောမကြီးနဲ့ကိုယ့်လူ၊ ဓားသွားမှာ အသက်ပါသွားမယ် တွေ့လား၊ ငြိမ်ငြိမ်လေးရပ်နေစမ်း၊ ကဲ မင်းကို ဘယ်သူကစေလွှတ်လိုက်လို့ ဆရာတော်ဂူးကိုလာပြီး လုပ်ကြံရတာလဲ ပြောစမ်း"

"ဟာ..မိတ်ဆွေ အထင်လွဲနေပြီ၊ ကျုပ်က အဖြူရောင်သိုင်းသမားပါ၊ သိုင်းလောကကြီးတစ်ခုလုံး အပေါ် ကျရောက်နေတဲ့ အန္တရာယ်ကို ကာကွယ်ဖို့ ဒီနေရာကို ကျုပ်ကရောက်လာရတာပါဗျာ"

"အပြောကတော့ ကြီးကျယ်ပါ့ကွာ၊ ဒီမှာ ကိုယ့်လူ၊ ဒီနေရာဟာ လူသူအရောက်အပေါက်နည်းတဲ့ နေရာကွ၊ ဆရာတော်ဂူး ဒီမှာရှိတာကိုလည်း လူတိုင်းမသိဘူး၊ တစ်စုံတစ်ယောက်က ညွှန်ကြားလိုက်လို့သာ မင်း ဒီကိုရောက်လာတာဖြစ်မယ် ဟုတ်တယ် မဟုတ်လား"

"ခင်ဗျားက ကျုပ်ရဲ့လှုပ်ရှားမှုကို အသေးစိပ်လေ့လာခဲ့လို့လားမိတ်ဆွေ၊ ကျုပ် ဒီအိမ်ကလေးကိုရောက်လာချိန်မှာ ဟောဟိုမိန်းမရိုင်းလေးယောက် ဆရာတော်ဂူးကိုညှင်းပန်းနှိပ်စက်နေတာတွေ့လို့ ဝင်ရောက် တိုက်ခိုက်ကယ်တင်ရပါတယ်"

"မင်းပြောတိုင်း ယုံရတော့မှာလား"

"စဉ်းစားဉာဏ်ရှိတဲ့လူဟာ အမှန်တရားကို သိဖို့မခဲယဉ်းပါဘူး၊ ခင်ဗျားစဉ်းစားပေါ့၊ ကျုပ် ဆရာတော်ဂူးကို ကယ်တင်နိုင်ခဲ့ပေမယ့် ဆရာတော်ဂူးရဲ့အသက်ကိုတော့ မကယ်နိုင်ခဲ့ဘူးဗျ"

"မင်းပြောတာ အမှန်ပဲနော်၊ လိမ်ညာပြောရင်တော့ငါ့ရဲ့ဓားသွားတစ်ချက် လှုပ်ရှားလိုက်တာနဲ့ မင်းအသက်ပါသွားမယ်ဆိုတာသိတယ် မဟုတ်လား"

"သိတာပေါ့ဗျာ၊ ကျုပ်လည်းဓားရေးထက်တဲ့ ဓားသမားတစ်ယောက်ပဲ၊ ခင်ဗျားသာ သတ္တိရှိမယ်ဆိုရင် ခင်ဗျားနဲ့ မျက်နှာချင်းဆိုင်ခွင့်ပေးပါလား"

"လုပ်မနေနဲ့ မင်းက သေလူဖြစ်နေပြီပဲ၊ သေရမှာမကြောက်ဘူးလားကွ"

မမြင်ရသော ရန်သူကမေး၏။

မိမိနောက်ကျောဘက် လက်တစ်ကမ်းရောက်အောင်တိတ်တဆိတ်ချဉ်းကပ်လာနိုင်သော ရန်သူသည် သိုင်းပညာမြင့်မားလွန်းသူသာ ဖြစ်ရမည်။

ဘယ်လိုရန်သူမျိုးမှန်းမသိဘဲ အမိပွါယ်မဲ့ သေရမည်ကိုဟန်စင်းမလိုလားပါချေ။



သို့သော် သွေးမကြောင်သူမို့ ရဲဝံ့စွာ ပြန်ပြောလိုက်သည်။

"အမှန်တရားဘက်က ထာဝရရပ်တည်နေတဲ့ ကျုပ်လိုသိုင်းသမားတစ်ယောက်ဟာ သေခြင်းတရားကို ရင်မဆိုင်ရဲစရာ မရှိပါဘူးမိတ်ဆွေ၊ သိုင်းလောကမှာ အနိုင်နဲ့အရှုံးဆိုတာ ရှိစမြဲပဲ၊ ကိုယ်ရှုံးရတဲ့အလှည့်မှာ သေခြင်းတရားကို ရင်ဆိုင်ရရုံပဲပေါ့၊ ကိုယ်နိုင်တဲ့ပွဲမှာလည်း တခြားလူတွေကို သေစေခဲ့ဖူးပြီ မဟုတ်လား"

"အင်း..မင်းဟာ ယောကျ်ားပီသတဲ့ သိုင်းသမားတစ်ယောက်ဆိုတာ ယုံရတော့မှာပေါ့လေ"

ရန်သူ၏စကားအဆုံးမှာ သူ၏သွေးကြောတချို့ ကျဉ်ခနဲဖြစ်သွားသည်။

ပြီး မတ်တတ်မှ ခွေလဲကျသွားသည်။

သူ့အပေါ် အနိုင်ယူသွားနိုင်သော ရန်သူကိုပင် မြင်တွေ့ခွင့်မရလိုက်ချေ။

* * *

## ကွင်းဆက်များ

အရှေ့ဘက်မှ နေရောင်ခြည်များ ဝင်းပါတောင်ကုန်းသို့ ဖြာကျလာသည်။

ကျောက်ဖျာကြီးတစ်ခုပေါ်မှာ လဲလျောင်းနေသော သူ့ခန္ဓာကိုယ်ပေါ်သို့ နွေးထွေးသော နေရောင်ခြည်များ ထွက်ပေါ်လာသောအခါ သူ ဖျတ်ခနဲ လန့်နိုးလာ၏။

နိုးလာသည်နှင့် သူ ဝုန်းခနဲ ခုန်ထလိုက်မိသည်။

အဖြစ်အပျက်ကိုလည်း ပြန်အမှတ်ရလာ၏။

မနေ့က ညဥ့်ဦးယံမှာ ကျိုက္ကျားဆရာတော်ဂူးထံသို့ ရောက်ပြီး မိန်းမရိုင်းလေးဦးနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

ထို့နောက် ဆရာတော်ဂူး၏အသက်ကို မီရုံလေးစကားပြောလိုက်ရသည်။

သူ့နောက်ကျောသို့ ရန်သူတစ်ယောက် ရောက်လာကာ ခြိမ်းခြောက်စစ်မေးပြီး နောက်ဆုံး သွေးကြောပိတ်ပညာဖြင့် သူ့ကိုတိုက်ခိုက်ခဲ့ရာ သူသတိလစ် အိပ်ပျော်သွားခဲ့သည်။



ရန်သူက သူ့ကိုထမ်းခေါ်လာပြီး ဤကျောက်ဖျာကြီးပေါ်တင်ထားခဲ့ခြင်းဖြစ်မည်။

အတွင်းအားတို့ကို စုစည်းကြည့်၏။

အလွယ်တကူ စုစည်း၍ရသည်။

အကြောပိတ်သိုင်းပညာ ကျွမ်းကျင်သော ရန်သူသည် သူ၏သိုင်းပညာကို ဖျက်စီးမသွားပေ။ မည်သို့သော ရန်သူမျိုးပါနည်း။

သူ၏ဝတ်စုံတစ်ခုလုံးကတော့ ကြေမွပုံပျက်နေသည်။

ရန်သူက သူ့ကိုယ်ပေါ်မှာ တစ်စုံတစ်ခုကို အသေးစိပ်ရှာဖွေသွားပုံရ၏။

သူ့အသက်ကို ချမ်းသာခွင့်ပေးသွားခြင်းမှာလည်း သူတို့ရှာဖွေနေသောပစ္စည်းနှင့် ပတ်သက်နေပေလိမ့်မည်။

သူက အဝတ်အစားတွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်ပြီး တောင်ကုန်းလေးပေါ်မှ ဆင်းခဲ့သည်။

ခြေလှမ်းများကတော့ ညတုန်းက အခင်းဖြစ်ပွားရာ အိမ်ကလေးဆီသို့ပင် ဖြစ်သည်။

အိမ်ကလေးအတွင်းသို့ သူဝင်လိုက်စဉ်မှာ ဆရာတော်ဂူး၏ရုပ်ကလပ်အပါအဝင် မည်သည့်အလောင်းမျှ ရှိမနေတော့ပါချေ။

စွန်းထင်းကျန်ရစ်သော သွေးကွက်တချို့သာ မရှိလျှင် ညဥ့်ယံက သွေးပျက်စရာတိုက်ပွဲများ ဖြစ်ခဲ့သည်ကို ယုံနိုင်စရာပင် ရှိမည်မဟုတ်။ သူ ပြန်စဉ်းစားမိ၏။

ညက အဖြစ်အပျက်များတွင် သူလှုပ်ရှားခဲ့သည်များမှာ အလွန်အကျွံမှ ဖြစ်ကုန်ခြင်းပင်။

ဂိုဏ်းတစ်ခု၏ပြဿနာကို ဖြေရှင်းရာမှာ မဆိုင်သူ ဝင်မစွက်ရဟူသော သိုင်းလောကထုံးစံကို သူကဝင်၍ ချိုးဖောက်မိခဲ့ပြီဖြစ်သည်။

ဆရာတော်ဂူးနှင့် မိန်းမရိုင်းလေးယောက်ကြား သူဝင်ပါကာ မိန်းမလေးယောက်ကို တိုက်ခိုက်ခဲ့သည်။

သိုင်းလောကထုံးစံအရ မိမိဂိုဏ်းဝင်ကို သတ်သူအား သေစားသေစေဟု သတ်မှတ်ရ၏။

သိုင်းသမားတိုင်း ရှောင်ကြဉ်လေ့ရှိသော ပြစ်ချက်နှစ်ခုကို ကျူးလွန်မိပေပြီ။

သူ့ကိုနောက်ကျောဘက်မှ ဝင်၍တိုက်ခိုက်ကာ သွေးကြောပိတ်ခဲ့သူသည် သူတို့ဂိုဏ်းခေါင်းဆောင်လည်း ဖြစ်ချင်ဖြစ်နိုင်လေသည်။

ထိုသူက သူ့ကိုလက်တုန့်မပြန်သွားခြင်းမှာ သူတို့လိုချင်သောပစ္စည်းကို ရှာဖွေရေးတွင် သူတို့ ဓားစာခံအဖြစ်အသုံးချ လို၍ဖြစ်သည်။

သူတို့က ထိုပစ္စည်းကို အပူတပြင်း ရှာဖွေနေပုံရသည်။

ညကဆိုလျှင် ဆရာတော်ဂူးသည် နှိပ်စက်သူတို့ လက်ချက်ဖြင့် အသက်ဇိဝိန်ချုပ်ငြိမ်းသည်အထိ ခံသွားသော်လည်း ပစ္စည်းနှင့်ပတ်သက်၍ ဘာတစ်ခုမျှ ဖွင့်မပြောဘဲ ကြံ့ကြံ့ခံသွားလေသည်။

ဆရာတော်ဂူး နောက်ဆုံးပြောသွားသော လျှို့ဝှက်စကားလုံးမှာ ထိုပစ္စည်းတည်ရှိရာ ဖြစ်နိုင်သည်။

ထိုစကားဝှက်ကို သိထားသူမှာ မိမိတစ်ဦးတည်းသာ ဖြစ်နေသည် မဟုတ်ပါလား။ ထို့ကြောင့် မိမိသေလို့ မဖြစ်သေးပါချေ။



မိမိ၏လှုပ်ရှားမှုကို သူတို့က နောက်ကွယ်မှ တိတ်တဆိတ်စောင့်ကြည့်နေပေလိမ့်မည်။

ရန်သူက သူ၏အသက်ကို ချမ်းသာခွင့်ပေးခဲ့သော ရည်ရွယ်ချက်ကို ကောင်းစွာ သဘောပေါက်လာသည်။

လောလောဆယ်တော့ ကြေးအိုးဆိုင်ပိုင်ရှင်ထံ သူသွားလို့ မဖြစ်သေးပါ။

သူ လှုပ်ရှားလိုက်သည်နှင့် ရန်သူက ထပ်ကြပ်မကွာ ပါလာမည်ဖြစ်သည်။

ရန်သူ လိုချင်သောပစ္စည်းသည် အသက်ပေါင်းများစွာရင်းရလောက်အောင် တန်ဖိုးရှိပုံရသည်။

သိုင်းလောကကြီးတစ်ခုလုံး ကပ်ဆိုက်မည့် အန္တရာယ်မှလည်းလွတ်ကင်းသည်ဆိုသော ထန်အင်း၏စကားကိုလည်း ကြားယောင်လာသည်။

ဤမျှလောက် အရေးကြီးသော ပစ္စည်းသည် မည်သို့သောပစ္စည်းမျိုးပါနည်း။

မဖော်ထုတ်နိုင်သော ပဟေဠိကို သူစဉ်းစားနေစဉ် အပြင်ဘက်မှာတော့ နေရောင်က သာယာလျက်ရှိသည်။

ထိုခဏတွင် အိမ်ကလေးဆီသို့ ဦးတည်လာနေသော လူရိပ်တစ်ရိပ်ကိုတွေ့ မြင်လိုက်ရသည်။

သည်တစ်ခါတော့ ဟန်စင်းက လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

ပြတင်းပေါက်တစ်ခုမှ လွှားခနဲ ခုန်၍ အိမ်နံဘေးသို့ ဆင်းလိုက်သည်။

ပြီးတော့ အိမ်နံဘေးမှပတ်ကာ အိမ်နောက်ဘက်သို့ ကွေ့ပတ်လာခဲ့သည်။

အိမ်ကလေးရှေ့သို့ ရောက်လာသူကတော့တောသူလုံမလေးတစ်ယောက်လို ဝတ်စားထားသော မိန်းမပျိုလေးတစ်ယောက်သာ ဖြစ်နေသည်။

လက်တွင်းမှ ဆွဲခြင်းလေးတစ်လုံး ကိုင်ဆွဲထားသော မိန်းမပျိုသည် အိမ်ကလေးအတွင်းသို့ မျှော်ကြည့်နေသည်။

မိန်းကလေး၏ လှုပ်ရှားမှုတွေက မရိုးသားပေ။

ခိုးကြောင်ခိုးဝှက် နိုင်နေ၏။

တောသူမလေးအသွင် ရုပ်ဖျက်ထားသော ဝတ်စုံနက်အဘိုးအို၏ ဘက်တော်သားပေလော။

မိန်းကလေးက သူ့ကိုမတွေ့၍ အိမ်ပေါ်သို့ မတက်ဘဲ အိမ်နံဘေးမှ ကွေ့၍သွားသည်။

သူက နောက်မှ ကပ်လိုက်သွားသည်။

အဝေးက အိမ်တွင်းမှမြင်ခဲ့ရသောသူ့ကို အနားရောက်မှ ရှာမတွေ့သဖြင့် သူမ အကြံအိုက်နေပုံရ၏။

"ဘာလဲ မင်းက ကျုပ်ကိုရှာနေတာလား"

ရုတ်တရက် ဟန်စင်းက လှမ်းမေးလိုက်လျှင် သူမ အထိတ်တလန့်ဖြစ်သွားသည်။

"အမယ်လေး"



သူရှာနေသော ဟန်စင်းက သူ့နောက်ကျောဘက်သို့ ရောက်နေသဖြင့် တုန်လှုပ်သွားပုံရသည်။

"ကဲ...ပြောစမ်း၊ မင်း ဘယ်သူ့ကိုရှာနေတာလဲ"

မိန်းကလေး အလန့်တကြား ခေါင်းခါလိုက်သည်။

"မ..မဟုတ်ဘူးရှင့်၊ ကျွန်မ...ကျွန်မရဲ့အမေကို စောင့်နေတာပါ"

"မင်းအနေက ဒီလောက် လူသူကင်းဝေးတဲ့နေရာကို ဘာလာလုပ်တာလဲကွ"

"ဟိုလေ...ကျွန်မတို့က ဆင်းရဲတော့ အလေ့ကျ အသီးအရွက်လိုက်ခူးပြီး စားရပါတယ်ရှင်"

ဟန်စင်း ပြုံးလိုက်သည်။

"မင်းက ရယ်စရာပြောတတ်သားပဲကွာ၊ ဒီနားတစ်ဝိုက်မှာ ဘာဟင်းသီးဟင်းရွက်မှ မရှိဘူးကွ၊ မြက်ရိုင်းပင်တွေပဲ ရှိတယ်"

"အို...ရှင်...ရှင်ဟာ"

"ဘာလဲ မင်းက ငါ့ကိုတွေ့ဖူးလို့လား၊ လာကွာ တို့ဟောဟိုတောအုပ်ထဲမှာ သွားစကားပြောကြရအောင်"

"တောအုပ်ထဲမှာ ဟုတ်လား၊ ကျွန်မ ဘာလိုက်လုပ်ရမှာလဲဟင်"

"မကြောက်ပါနဲ့ကွာ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ဒီမှာက တစ်ယောက်မဟုတ် တစ်ယောက်ရောက်လာနိုင်တယ်လေ"

"အို"

"ကဲ..သွား ရှေ့က၊ ထွက်ပြေးမယ်တော့ မကြံနဲ့နော် ကျုပ်က ညှာမှာမဟုတ်ဘူး"

ဟန်စင်းက သူမအား ခြိမ်းခြောက်၍ တောအုပ်လေးသို့ ခေါ်ဆောင်သွားလေသည်။

တောအုပ်အတွင်း တစ်နေရာရောက်သော်...

"တော်ပြီ၊ ဒီနေရာမှာပဲ ရပ်၊ ကဲ ပထမဦးဆုံး မင်းဘယ်သူလဲ ပြောစမ်း"

ဟု ခပ်ကြမ်းကြမ်းလေး အမိန့်ပေးလိုက်သည်။

"ကျွန်မ နာမည် ချွေလန်းပါ အစ်ကို"

"မင်းနဲ့ငါ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရအောင် ချွေလန်း"

"ဩော်..အစ်ကိုရယ် လူသူမရှိတဲ့ ဒီတောအုပ်ထဲမှာ ဘာတွေများ ဆွေးနွေးမလို့လဲရှင်"

မူယာမာယာပိုပိုဖြင့် မျက်နက်ကလေး ထောင့်ကပ်ကာ ပြောလာသည်။

"ဟေ့...ဉာဏ်နီဉာဏ်နက်တွေ ထုတ်မနေနဲ့ ပြောစမ်း၊ မင်း ဘယ်ဂိုဏ်းကလဲ"

"ရှင်..ဘာဂိုဏ်းလဲ အစ်ကို၊ ကျွန်မ လုံးဝနားမလည်ပါဘူး ရှင်"

"မင်း တော်တော်အမူအရာ ကောင်းပါလားကွ၊ ကဲ မင်းရဲ့ အမူအရာတွေကို ရပ်တန်းကရပ်လိုက်စမ်း၊ မင်းကို တစ်စုံတစ်ယောက်က အမိန့်ပေးလို့ ငါ့နောက်ကို လိုက်နေတာမဟုတ်လား"

"အို..ဘာတွေပြောနေတာလဲ၊ ကျွန်မ..ကျွန်မ ဘာမှမသိ



ပါဘူးရှင်"

ဟန်စင်း၏မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်များ ပေါ်လာသည်။

မိန်းကလေးမျက်နှာ ကွက်ခနဲ ပျက်သွားသော်လည်း ဝန်ခံချင်ပုံမရချေ။ ပြေးပေါက် ရှာနေသလိုလို။

"ဟေ့..ပြေးမယ်မကြံနဲ့နော်၊ ငါစိတ်ရှုပ်ရင် မင်းမလွယ်ဘူး ငါမေးတာကို မဖြေရင် မင်းအသက်ပေးဖို့သာ ပြင်ထား၊ လျှို့ဝှက်ချက်ကို အသက်နဲ့လဲပြီး ကာကွယ်ချင်လည်း ကာကွယ်ပေတော့"

"အစ်ကို"

သူမ အမူအရာ ပြောင်းလဲသွားသည်။

"ပြော ချွေးလန်း"

"ကျွန်မကို တကယ် သတ်မယ်ပေါ့"

"မင်းရဲ့ဂိုဏ်းအမည်နဲ့ မင်းကို ဘယ်သူစေလွှတ်တာလဲ ဆိုတာ မပြောရင် မင်းသေရမှာပဲ"

"ကောင်းပြီ အစ်ကို အခုပဲ ကျွန်မကိုသတ်ပါတော့၊ ဘာပဲဖြစ်ဖြစ် အစ်ကို့ဓားချက်နဲ့ သေရတာဟာ အများကြီးတော်ပါသေးတယ်ရှင်"

မိန်းမပျိုက ရဲဝံ့စွာ ရှေ့တိုးလာ၏။

သူတို့ ဂိုဏ်းစည်းကမ်းက အတော်ပြင်းထန်ပုံရသည်။

အဝတ်အစားတွေ ချွတ်ပြီးမှ အသတ်ခံခဲ့ရရှာသော စိန်ကြူးကိုပြန်သတိရမိသည်။

"အင်း..မင်းဘဝက ဒီလောက်တောင် အကျဉ်းအကျပ်ထဲ

ရောက်နေပြီကိုး၊ ဒီမှာ ငါပြောမယ် ချွေလန်း၊ မင်းကို ငါတာဝန်ယူတယ်၊ မင်းမသေစေရဘူး၊ အသက်အန္တရာယ် လုံခြုံတဲ့အဝေးကို ငါပို့ပေးမယ်"

ချွေလန်း ခေါင်းခါယမ်းလိုက်သည်။

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူးရှင်၊ ကျွန်မဘဝ ပောဒီဝက်ပါတောင် တောင်ခြေကိုတောင် ရောက်နိုင်မှာ မဟုတ်တော့ပါဘူး"

"ငါတာဝန်ယူတယ်လို့ ပြောပြီးပြီပဲကွာ၊ မင်းမသေစေရပါဘူး"

"လုံးဝမဖြစ်နိုင်ပါဘူး အစ်ကို၊ သူတို့ဟာ အစ်ကိုထင်တာထက်ပိုပြီး ကြောက်စရာကောင်းပါတယ်၊ အစ်ကို့အသက်ကို မသတ်ကြတာကလည်း အထက်က အမိန့်ပေးထားလို့ပါ၊ မဟုတ်ရင် အစ်ကိုတောင်မှ သေဘေးကလွတ်မြောက်မှာ မဟုတ်ပါဘူးရှင်"

ဟန်စင်း အံ့ဩသွားသည်။

ခုချိန်ထိ မိမိအသက်ကို ချမ်းသာပေးထားကြသတဲ့။

"အဲဒီ အထက်အမိန့်ဆိုတာက ဘယ်ကလာတာလဲ၊ အမိန့်ပေးနေတာက ဘယ်သူလဲကွ"

"ဒါတော့ ကျွန်မလည်း မသိပါဘူး အစ်ကို"

ချွေလန်း အတင်းပင် ဘူးကွယ်၍ နေသည်။

ဘယ်လိုမှ ချော့မေး၍ မရပါချေ။

"ဪ...မင်းက တစ်ခွန်းမှ ဖော်မပြောဘူးလို့ ဆုံးဖြတ်ထားတာကို"

"အို...ကျွန်မရဲ့အမေ လိုက်လာပြီ အစ်ကို"



ချွေလန်း သတိပေး၍ ဟန်စင်းနောက်သို့ လှည့်ကြည့်လိုက်လျှင် တောသူမကြီးတစ်ယောက်လို ဝတ်ဆင်ထားသော မိန်းမကြီးတစ်ယောက် လာနေသည်ကို တွေ့ရ၏။

ဟန်စင်းက လျင်မြန်ပါးနပ်စွာ ချွေလန်းအနားသို့ တိုးကပ်၍ ရပ်နေလိုက်သည်။

မိန်းမကြီးက ခြေလှမ်းနှစ်ဆယ် အလိုလောက်မှာ ရပ်တန့်လိုက်လေသည်။

ပြီး ဟန်စင်းအား ရန်လိုစွာ ကြည့်လိုက်သည်။

"ဒီမှာ ဒါ မင်းဘာလုပ်တာလဲ ငါ့သမီးကို စော်ကားဖို့ ကြံစည်နေတာလားဟင်"

ဟန်စင်း ပြုံးလိုက်သည်။

"လုပ်မနေစမ်းပါနဲ့ဗျာ၊ ခင်ဗျားတို့ ဘယ်သူတွေလဲဆိုတာ ကျုပ်သိပါတယ်"

"ဘယ်သူတွေကမလဲ မင်းကို ကောင်းကောင်း အပြစ်ပေးနိုင်တယ်သိရဲ့လား၊ ကဲ သမီးလာ မေမေ့ဆီလာခဲ့၊ သမီးကို သူ့လက်နဲ့ တစ်ချက်ထိရင် မေမေ သူ့ကို အသေခံတိုက်မယ်၊ လာခဲ့ သမီး လာခဲ့"

"ဒီလိုလုပ်လို့ မရဘူးလေ၊ ရှေ့ကို ခြေတစ်လှမ်းမှ တိုးဖို့ မကြံနဲ့နော် ဒါပဲ"

ဟန်စင်းက အော်ဟစ်သတိပေးလိုက်သည်။

မိန်းမကြီး ခြေလှမ်းများက ရပ်တန့်သွားသော်… ဖြစ်သလဲ သော အကြည့်က ဟန်စင်းကိုယ်ပေါ်သို့ ကျရောက်…

ထို့နောက် ချွေလန်းကို ဆူပူကြိမ်းမောင်းလိုက်သည်။

"ဟဲ ကောင်မလေး နိုင်းတာကတခြား လုပ်တာကတခြားပါ လား ဟင် နင့်အဘွားအကြောင်း နင်သိတယ်နော်၊ နောင်ကျရင် ငါ ဘာမှ အကာအကွယ် မပေးနိုင်ဘူး ပြောနေတယ်လေ လှုပ်ရှားပါ တော့လား"

မိန်းမကြီးက သွယ်ဝိုက်၍ ချွေလန်းအား ခြိမ်းခြောက်နေ သည်။

ချွေလန်းခမျာ မျက်နှာလေး ဖြူရော်ကာ ဟန်စင်းနောက် သို့ တိုးကပ်၍ အကာအကွယ် ယူနေလေသည်။

မိန်းမကြီးက ဆက်၍ အော်နေပြန်သည်။

"ဟဲ ကောင်မလေး ညည်းတယ်ပြီး ခေါင်းမာပါလား၊ ဟင် ပြန်ဆို ခုပြန်ပါတော့လား"

သို့သော် လူမဆန်သော ဖိနှိပ်မှုတွေကို [illegible] ခေါင်းငုံ့ ခံခဲ့ရသည်မှာ ကြာပြီထင်ရဲ့ ချွေလန်းမှာ ဒေါသပေါ[illegible]ကာ ပြန်၍ အော်ပြောလိုက်တော့သည်။

"ဒီမှာ ကျွန်မဆက်ပြီး ငရဲမခံနိုင်တော့ဘူး၊ ကျွန်မကို ရှင်တို့ နှိပ်စက်ခဲ့ကြတာ သုံးနှစ်တိတိရှိပြီ တော်လောက်ပါပြီရှင်၊ ကျွန်မ သေလဲ သေပါစေတော့"

"ဟင်"

မိန်းမကြီး တုန်လှုပ်သွားပြီး လေသံပျော့လေးဖြင့် ချွေလန်း ထားတာ[illegible]ပြန်သည်။

"အို... မီးရယ် ပြန်လာခဲ့စမ်းပါ၊ ဘာအမှားမှ မကျူးလွန်မိ



သေးခင် သမီးရဲ့ အဘွားကို ပြန်တောင်းပန်လို့ ရနိုင်ပါသေးတယ်၊ ကဲ လာလာ"

ချွေလန်း ခေါင်းခါလိုက်သည်။

"တော်ပါတော့ရှင် ဘာတောင်းပန်လို့ရမှာလဲ၊ ကျွန်မ အား လုံးသိပါတယ်၊ ရှင်က ကျွန်မကို မမထန်အင်းလို ဖြစ်စေချင်လို့လား၊ သူ့ခမျာ မသေခင် ဘယ်လောက်ခံစားသွားရှာလဲ"

"ဟေ ဘယ်သူ ထန်အင်း ဟုတ်လား"

ကြားထဲက ဟန်စင်း ဝင်၍အော်လိုက်မိသည်။

ထန်အင်းနှင့် တဖွဲ့တည်းပင်လော။

ထန်အင်းအား မိမိ ကူညီမည်ဟု ကတိပေးစဉ် ထန်အင်းက ပြောသွားသည်။

"ကျွန်မတို့ချင်း နောက်ထပ် တွေ့ရတော့မှာ မဟုတ်ပါဘူး အစ်ကိုတဲ့"

ချွေလန်း၏စိတ်လိုက်မာန်ပါ ပြောလိုက်မိသော စကားတွေ ကြောင့် သူတို့၏ လျှို့ဝှက်ချက်တွေ ပေါ်လာရပြီ ဖြစ်သည်။

မိမိနှင့် တွေ့ဆုံခဲ့ရသော စိန်ကြူး သေဆုံးသွားရသလို စိန် ကြူး၏ အချစ်ဆုံး သူငယ်ချင်းပါဆိုသော ထန်အင်းမှာလည်း ကံ ဆိုးသွားချေပြီ။

"ဟေ့ ဟေ့ မောင်ရင်က ထန်အင်းကို သိသလား"

မိန်းမကြီးက [illegible] မေးသည်။

"သိတယ်လေ၊ ကျုပ်နဲ့ တွေ့ခဲ့ဖူးတယ်၊ အဲဒါ ဘာဖြစ်သလဲ ဗျ"

"ကျုပ် သဘောပေါက်ပါပြီ မောင်ရင်"

မိန်းမကြီး တုန်လှုပ်သွားပုံရသည်။

ဟန်စင်းက ဆက်၍ ပြောက်လိုက်သည်။

"ပွင့်ပွင့်လင်းလင်း ဆွေးနွေးစမ်းပါ၊ ခင်ဗျားကို ကြည့်ရတာ ဂိုဏ်းထဲမှာ အတော်အသင့် ဖြစ်ပုံရတယ်၊ ခင်ဗျားတို့ ချွေလန်းကို ဘယ်လိုအပြစ်ပေးမှာလဲ"

"ဘာမှ ဆွေးနွေးစရာ မလိုဘူး၊ လက်စသတ်တော့ ထန်အင်းက မောင်ရင်ကို အသုံးချသွားတာပဲ၊ ဒါကြောင့် မင်း ဒီတောင်ကုန်းကို ရောက်လာတာကိုး၊ မင်းနဲ့ ထန်အင်းက တစ်ဂိုဏ်းထဲပဲလား"

"ကျုပ် ဘယ်ဂိုဏ်းကမှ မဟုတ်ဘူး၊ ကျုပ်က တကိုယ်တော် သိုင်းသမား အမှန်တရားဘက် ရပ်တည်ပြီး ထာဝရ ကူညီမယ့်သူပဲ"

"ထန်အင်းကို ကူညီဖို့ရော ကတိပေးခဲ့သေးလား"

"ဒီကိစ္စ ခင်ဗျားသိစရာ မလိုဘူး"

ဤတွင် မိန်းမကြီးက ချွေလန်းဘက် လှည့်သွားပြန်သည်။

"ခွေးမလေး၊ နင့်ရဲ့အပြစ်က ထန်အင်းထက် ဆိုးနေပြီနော်၊ ဘယ်သူမှ ဝင်မကယ်နိုင်ဘူး၊ နင်ပဲ ခံရမှာ"

စကားအဆုံးမှာ မိန်းမကြီးက လှည့်ထွက်ပြေးဖို့ ကြံသည်။

ဟန်စင်းက တွက်ဆထားပြီးသားမို့ လှမ်း၍ ခုန်လိုက်လျှင် သူမရှေ့သို့ ကြိုပြီး ရောက်သွားသည်။

"ခုမှ ပြေးလို့ လွတ်မလား၊ ကဲ ကိုယ့်ကိုကိုယ် ခုခံကာကွယ်ဖို့ ကြိုးစားပေတော့"

ဟန်စင်းက ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။



ထိုစဉ် မိန်းမကြီးက ကိုင်ဆွဲထားသော ခြင်းတောင်းကို ရုတ်တရက် လေတွင် ပစ်မြှောက်လိုက်သည်။

ခြင်းတောင်းထဲမှ ဓားမြှောင်နှစ်လက် ထွက်ကျလာသည်။

သူမသည် ဓားနှစ်လက်ဝိဇ္ဇာ ဖြစ်ပေလိမ့်မည်။

လက်နှစ်ဘက်ကို စကြာပမာ ဝှေ့ရမ်းရင်း ဟန်စင်းထံသို့ ဝင်လာသည်။

ဟန်စင်း အနီးသို့ ရောက်သောအခါ လူကို မမြင်ရတော့။

တောက်ပနေသော ဓားသွားနှစ်ခု အဖြစ်သာ မြင်ရလေသည်။

ဟန်စင်း အတွင်းအားကို စုစည်းလိုက်ပြီး ဓားကွက်တစ်ကွက် ထုတ်လိုက်သည်။

"ချွင်...ချွင်"

ဓားသွားချင်း ထိခတ်သံ ပေါ်လာပြီး စကြာသိုင်းကွက် ပျက်၍သွားသည်။

မိန်းမကြီးက အလျှော့မပေးချေ။

ဓားနှစ်လက်ကို ဝှေ့၍ ဝင်လာပြန်သည်။

ဓားမြှောင်ကွက်များသည် အကွက်စိပ်လွန်းနေ၏။

ဓားဖြင့်ပတ်၍ ကာရံဖြင့် မရပါချေ။

ခြေလှမ်းတချို့ နောက်သို့ ဆုတ်ရသည်။

သို့သော် ဓားကို ဟန်စင်းက ဒိုင်းသဖွယ် ဝှေ့ယမ်း၍ ကာလိုက်သောအခါ

"ချွင်...ချွင်"

ဓားမြှောင်နှစ်လက် လေထဲသို့ လွင့်သွားသည်

ပြီးတော့ ဟန်စင်းဆီ အရှိန်ဖြင့် ကျလာသည်။

"ချွင်"

ဟန်စင်းက မဟူရာဓားဖြင့် ကာကွယ်လိုက်ပြန်ရာ ဓားမြှောင်နှစ်လက်မှာ သူတို့၏ပိုင်ရှင် မိန်းမကြီးဆီသို့ ပြေးဝင်သွားလေသည်။

"ဒုတ်"

"အား"

ဓားနှစ်လက်သိုင်းပညာရှင် မိန်းမကြီး သူ့ဓားများဖြင့် ထိုးစိုက်ခြင်းခံရပြီး လဲကျသွားသည်။

"ချွေလန်း"

တိုက်ပွဲကို ငေးကြောင်ကြည့်နေသော ချွေလန်းကို လှမ်းခေါ်လိုက်သည်။

"ရှင်...အစ်ကို"

"တောင်အောက်ကို ဆင်းကြစို့"

ချွေလန်း ပြန်မပြောနိုင်ခင် သူက ချွေလန်းလက်ကို ဆွဲခေါ်လာခဲ့လေသည်။

"ကျွန်မကို တကယ် ကယ်တင်နိုင်မှာလား အစ်ကို"

"ဟာ..တကယ် ကယ်တင်နိုင်မှာပေါ့...ချွေလန်း"

"အစ်ကို့အတွက် သိပ်အန္တရာယ်များမယ်နော်"

"အန္တရာယ်မကြောက်လို့ သိုင်းလောကမှာ တစ်ကိုယ်တော် လှုပ်ရှားနေတာပေါ့ ညီမရယ်"



နေရောင်က တစတစ တက်လာနေပြီ။

လေပြည်လေးတစ်ချက် ဝေ့ယမ်းတိုက်ခတ်လာသော်လည်း ဟန်စင်းရင်ထဲ မအေးမြနိုင်ပါချေ။

"ညီမ"

"ရှင်..အစ်ကို"

"ကိုယ်ဟာ ထန်အင်းကို ကူညီမယ်လို့ ကတိပေးခဲ့တဲ့သူပါကွာ"

"ဩော်"

သူမ၏ မျက်နှာပေါ်တွင် ထန်အင်းဟူသော အမည်ကြားလိုက်ရသည်နှင့် ဝမ်းနည်းသည့် အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

"မမထန်အင်း ဘဝက ကြေကွဲစရာပါ အစ်ကို"

"ထန်အင်း ဘယ်လို ဘဝဆုံးသွားရတာလဲ ညီမ"

"အင်းလေ..ညီမသိသ၍ အစ်ကို့ကိုပြောပြပါ့မယ်"

"ပြောပါ ညီမ"

"ထန်အင်းနဲ့ စိန်ကြူးဆိုတာ တစ်ဂိုဏ်းတည်းပါပဲ အစ်ကို"

"ဩော်...စိန်ကြူးသေရတာ အစ်ကို့မျက်မြင်ပါပဲကွယ်၊ သူလည်း ကံဆိုးပါတယ်"

"သူတို့နှစ်ယောက်က ရန်သူ့ဂိုဏ်းက လွှတ်လိုက်တဲ့ သူလျှိုတွေပါ အစ်ကို"

ဟန်စင်း အံ့ဩသွားသည်။

"ဟင်..ဟုတ်လား"

"နောက်ဆုံးတော့ သူတို့ကို သူလျှိုမှန်းသိသွားတယ်လေ၊ ဒီမှာ ဂိုဏ်းချုပ်ကြီးက သတ်မိန့်ချမှတ်လိုက်တော့တာပဲ အစ်ကို"

"ထန်အင်း သေရတာ မကြာသေးဘူးထင်တယ်"

"မနေ့ကမှပါ အစ်ကို၊ ထန်အင်းဟာ သူ့ကိုစေလွှတ်တဲ့ ဂိုဏ်းဆရာကြီးရဲ့အမည်ကို ထုတ်ဖော်မပြောဘဲ သတ္တိရှိရှိ အသေခံသွားတယ်၊ ဒီတော့ ဂိုဏ်းချုပ်ကြီးက သူ့ကိုမသတ်ခင် ပျော်စရာဂေဟာကို ပို့ပေးလိုက်ပါတယ်"

"ပျော်စရာဂေဟာဆိုတာ ဘာလဲ ညီမ"

"ပျော်စရာဂေဟာဆိုတာ သိပ်ရက်စက်တဲ့နေရာပါ အစ်ကို၊ ထန်အင်းရဲ့သိုင်းပညာတွေကို ဖျက်ဆီးပစ်ပြီး သာမန်မိန်းမတစ်ယောက် ဖြစ်သွားတဲ့အခါ ပျော်စရာဂေဟာကိုလာတဲ့ ဧည့်သည်တွေကို ဖျော်ဖြေရပါတယ်"

"တောက်"

ဟန်စင်း ပြင်းစွာ တောက်ခေါက်လိုက်မိသည်။

လူမဆန်တဲ့ သူတွေပါလား။

"သိပ်ရိုင်းပျတဲ့ လူတွေပါဘား ညီမ၊ ကောင်းပြီ အစ်ကို ကတိပေးတယ်၊ စိန်ကြူးအတွက် ထန်အင်းအတွက် အစ်ကို သူတို့ကို လက်စားချေမယ် ညီမ"

ဟန်စင်း ပြတ်သားစွာဖြင့် ကတိပေးလိုက်လေတော့သည်။

* * *



ဟန်စင်းက ချွေလန်းအား တောအုပ်ကို ဖြတ်သန်း၍ခေါ်ဆောင်လာ၏။ လမ်း၌ စဉ်းစားမိသဖြင့် ဟန်စင်းက ပြောသည်။

"ညီမ မင်းတို့တတွေ လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာလို့ရနေတာပဲ၊ အပြင်ထွက်ခွင့်ရတဲ့အခိုက်မှာ လွတ်အောင်ပြေးလို့မရဘူးလား"

ချွေလန်း ခေါင်းခါလိုက်သည်။

"အစ်ကို ထင်သလို မလွယ်ဘူး၊ ကျွန်မတို့နောက်မှာ နောက်ယောင်ခံလိုက်ကြည့်တဲ့လူ အမြဲရှိတယ်၊ လှုပ်ရှားခွင့်ရတာကလည်း သတ်မှတ်ထားတဲ့ နယ်မြေအတွင်းမှာပဲ၊ သတ်မှတ်ပေးထားတဲ့ စည်းကိုကျော်မိတာနဲ့ သေဒဏ်ပေးခံရတော့တာရှင့်"

"ဟာ...ဒီလောက်တောင်ပဲ တင်းကျပ်သလားကွာ"

ခုမှပင် ထန်အင်းတစ်ယောက် သူမကိုယ်တိုင် လှုပ်ရှားခွင့်မရသဖြင့် သူ့ကို အကူအညီတောင်းခဲ့ခြင်း ဖြစ်ကြောင်း သိရလေသည်။

"ကဲ..အစ်ကို..ညီမတို့ ဒီနေရာက ဝေးရာကို အမြန်ဆုံးသွားကြစို့နော်"

"ဒီလောက် ကြောက်မနေပါနဲ့ ညီမရယ်၊ ဒါထက် အစ်ကိုတို့ရင်ဆိုင်ပြီး ရှုံးသွားတဲ့ ဟိုဓားနှစ်လက် မိန်းမကြီးက ဘယ်သူလဲ ဟင်"

"မျက်နှာဖြူဝံပုလွေ ကျွမ်းကျင်းတဲ့ အစ်ကို၊ သူက အဖွဲ့ဝင်တွေကို လှည့်စစ်ရတဲ့ ကင်းအဖွဲ့ရဲ့ ခေါင်းဆောင်တစ်ယောက်ပါ"

"ဪ..မင်းတို့အဖွဲ့က အတော်စနစ်ကျတာပဲ၊ အဖွဲ့ရဲ့နာမည်ကို ဘယ်လိုသတ်မှတ်ထားသလဲ ညီမ"

ချွေလန်းက သူမ သိသမျှကို မခြွင်းမချန်ပြောပြရန် ဟန်ပြင်လိုက်သည်။ အရေးအကြီးဆုံး လျှို့ဝှက်ချက်ကို သူသိရတော့မည့်အခိုက်မှာ ထင်မှတ်မထားသည့် အပြောင်းအလဲတစ်ခုက ဖြစ်ပေါ်၍ လာလေသည်။

"ဝှစ်"

"အား"

"ဝုန်း"

လက်နက်ပုန်းတစ်ခု၏ လေကိုခွင်းကာ ပျံသန်းလာသံ တိုးတိုးအဆုံးတွင် ချွေလန်းထံမှ ခပ်တိုးတိုးအော်သံ ထွက်ပေါ်လာကာ ဝုန်းခနဲ မြေပေါ်လဲကျသွားတော့သည်။

ချွေလန်းအား သူတို့နှုတ်ပိတ်သွားချေပြီ။

ဟန်စင်း ဒေါသ ပေါက်ကွဲသွားသည်။

ချွေလန်း၏နောက်ကျောဘက်ဆီ ကိုယ်ဖော့စွမ်းအားသုံး၍ ခုန်ပြီးလိုက်သည်။ သို့သော်....

တောအုပ်အတွင်းမှာ မည်သူမျှမရှိချေ။

နောက်ကြောင်းကို ပြန်ပြေး၍ လိုက်ခဲ့ပြန်သည်။

တစ်ခုသော တောင်စောင်းတစ်ခုတွင် လေ၏အရှိန်ဖြင့်ပြေးနေသော လူရိပ်တစ်ခုကို မြင်ရ၏။ မည်သို့ပင် ဖြစ်စေ။

ဟန်စင်း ကောင်းစွာ မှတ်မိလိုက်၏။

သူ့နဖူးမှာ မဟူရာအမှတ်အသား ခပ်နှိပ်ပေးခဲ့သော ဝတ်စုံနက်အဘိုးအိုပင် ဖြစ်သည်။

ရွံမုန်းစရာကောင်းသော အဘိုးအိုသည် အတော်ဝေးကွာ



သောနေရာကို ရောက်သွားရာက ဟန်စင်း၏မြင်ကွင်းမှ ပျောက်၍သွားလေသည်။ ဘယ်လိုမှ လိုက်မမီနိုင်တော့ပေ။

အဘိုးအိုသည် စိန်ကြူး၊ ထန်အင်း၊ ချွေလန်းတို့ ပါဝင်ပတ်သက်ခဲ့သော အမည်းရောင်သိုင်းလောကသား၏ ဂိုဏ်းကြီးမှဖြစ်ကြောင်းကိုတော့ ထင်ရှားသွားလေပြီ။

သို့သော် ဟန်စင်း တွေးမရသည်က ထိုအဘိုးအိုသည် ဘာကြောင့် သူ၏နဖူးတွင် မဟူရာအမှတ်အသား ခတ်နှိပ်ပေးခဲ့ရတာလဲ ဟူသော မေးခွန်းပင်။

ချွေလန်း လဲကျသေဆုံးနေသော နေရာသို့ ပြန်လာခဲ့သည်။

ထုံးစံအတိုင်း ဘာဒဏ်ရာမျှ မတွေ့ရပါချေ။ နောက်စေ့ကို စစ်ကြည့်လိုက်သောအခါမှာတော့ တွေ့ဖူးနေကျခရေပွင့် လက်နက်ပုန်းကို ထပ်ရခဲ့သည်။ ဤတွင် သူ ယခုမှ တစ်ခုစဉ်းစားမိသည်။

သူ၏လက်ချက်မိသွားသော မိန်းမကြီးသည် မျက်နှာဖြူဝံပုလွေ ကျွမ်းကျင်ပြားဟု ဘာကြောင့် ယောက်ျားနာမည်မှည့်ခေါ်ထားရပါသနည်း။

အဖြေကိုသိနိုင်ရန် ကျွမ်းကျင်ပြား၏အလောင်းရှိရာသို့ ပြန်လာပြီး စစ်ဆေးကြည့်သည်။ ကျွမ်းကျင်ပြား၏ ကိုယ်ခန္ဓာဖွဲ့စည်းပုံက ယောက်ျားတစ်ယောက်ပမာပင်။

နောက်ဆုံးတော့ မိန်းမတစ်ယောက်ပမာ လေသံဟန်ပန် အမျိုးမျိုးဖြင့် ပြောတတ်သော ကျွမ်းကျင်ပြားသည် ယောက်ျားစစ်စစ်ဖြစ်နေကြောင်း တွေ့ရလေသည်။

* * *

## ယွင်လန်း

"အစ်ကို..ဟန်စင်း"

"ဟာ..ယွင်ကူး"

ရင်းနှီးသောခေါ်သံနှင့်အတူ ယွင်ကူးကို တွေ့လိုက်ရလျှင် သူဝမ်းသာသွားရသည်။

ယွင်ကူးတစ်ယောက် ဝက်ပါတောင်ကို ရောက်လာခဲ့ပြန်ပြီ။

သူ ဝက်ပါတောင်တွင် ရှိနေကြောင်း ယွင်ကူး ဘယ်လိုလုပ် သိသွားပါသနည်း။

"အဝေးကြီးကတည်းက လူရိပ်တစ်ခု မြင်လိုက်တာ အစ်ကိုပဲဖြစ်ရမယ်ဆိုတာ ထင်လိုက်တယ်လေ"

"အစ်ကို ဝက်ပါတောင်မှာ ရှိမယ်လို့ ယွင်ကူး ဘယ်လိုလုပ် သိတာလဲ ဟင်"

"ဩော်..အစ်ကိုရယ်၊ အစ်ကိုပျောက်နေရင် ဝက်ပါတောင်မှာပဲ ရှိနေတယ် မဟုတ်လား၊ ကိုယ့်ချစ်သူအကြောင်း ကိုယ် ဒီလောက်တော့ သိတာပေါ့"



"ဒါပေမယ့် ညီမ၊ အစ်ကို ဝက်ပါတောင်ကို သိပ်သဘောမကျတော့ပါဘူး၊ ပြဿနာ အရှုပ်အထွေးအမြဲတမ်းရှိနေတတ်တယ် ညီမ"

"ဟင်..အစ်ကို တိုက်ပွဲဖြစ်ပြန်ပြီလား"

"ဟုတ်တယ် ညီမ၊ ယောကျ်ားစစ်စစ် ဖြစ်ပါလျက်က မိန်းမလို ဟန်ဆောင်ထားတာ သူက ကိုယ်နဲ့ယှဉ်ပြိုင်ပြီး အရေးနိမ့်သွားခဲ့တယ်၊ ကိုယ့်ကိုကယ်တင်ဖို့ အကူအညီတောင်းရာတဲ့ ချွေလန်းကိုတော့ သူ့ဂိုဏ်းက ပြန်ပြီး နုတ်ပိတ်သွားတယ်လေ"

"ဟို မိန်းမရိုင်းအုပ်စုရဲ့ဂိုဏ်းကပဲ မဟုတ်လား အစ်ကို"

"ဟုတ်တယ်၊ ရန်သူတော် အဘိုးကြီးလည်း သူတို့နဲ့တစ်ဖွဲ့တည်းပဲ၊ ချွေလန်းကို ခရေပွင့်လက်နက်ပုန်းနဲ့ပစ်သွားတာ သူပဲပေါ့"

"ဟင်...အဘိုးအိုကြီးကို အစ်ကို တွေ့လိုက်သေးတယ်ပေါ့၊ မိအောင်ဖမ်းလိုက်ရောပေါ့ အစ်ကိုရယ်"

"အင်း..သူတို့ရဲ့ဂိုဏ်းက သိပ်လျှို့ဝှက်သလို သိုင်းပညာအဆင့်လည်း မသေးကြဘူး ညီမ၊ ဟောဟိုနားက မိန်းမယောင်ဆောင်ထားတဲ့ မျက်နှာဖြူဝံပုလွေကျွမ်ကျားဆိုရင် ထိပ်တန်းစားနှစ်လက်သိုင်းသမားပဲ ကဲ တောင်အောက်ကို ဆင်းကြပါစို့ ညီမရယ်"

ဝက်ပါတောင်ကို ကျောခိုင်းခဲ့ကြ၏။

တောင်ခြေအရောက်မှာ ယွင်ကူးက စကားစလာသည်။

"ဒီမှာ အစ်ကိုဟန်စင်း အစ်ကို့နဖူးက မဟူရာအမှတ်အသားနဲ့ ပတ်သက်ပြီး ညီမ မေမေကို မေးကြည့်ခဲ့တယ်"

"ဟုတ်လား ဒီတော့ ညီမ မေမေက ဘာပြောသလဲ ဟင်"

"သူပြောတာက"

ပြောရင်း ယွင်ကူး စကားရပ်သွား၏။

ပြောရခက်နေသလို မျက်နှာလေး နီမြန်းနေတော့သည်။

"ဟွန့် ညီမပြောရမှာ ရှက်တယ် အစ်ကို"

"ဘာ..ဘာဆိုင်လို့လဲကွာ၊ ညီမအမေက ဘာပြောခဲ့လို့လဲ မဟူရာအမှတ်အသားက ဘာထူးခြားနေလို့လဲ"

ယွင်ကူးက ကန့်ကလျဖြင့် ခေါင်းလေးပင် ငုံ့၍သွားသည်။

ထို့ကြောင့် ဟန်စင်းမှာ ပို၍သိချင်လာသည်။

"ပြောလေ ညီမ၊ အစ်ကို ညီမကို ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ရဲရဲသာပြောစမ်းပါ"

ယွင်ကူးက သူမ၏နီထွေးသော နှုတ်ခမ်းလေးကို ကိုက်လိုက်ပြန်၏။ ပြီးမှ ခပ်တိုးတိုးပြောသည်။

"မေမေကပြောတော့ အဲဒီမဟူရာ အမှတ်အသားက ဘာမှအန္တရာယ်မရှိပါဘူးတဲ့ အစ်ကို၊ အစ်ကို အိမ်ထောင်ပြုလိုက်ရင် အမှတ်အသားက အလိုလိုပျောက်သွားမှာတဲ့"

သူမ၏စကားကြောင့် ဟန်စင်း၏မျက်လုံးမွေးအစုံ နဖူးပေါ်မြင့်တက်သွားလေသည်။

"ညီမ မေမေက ဒီလိုပြောသလား၊ အစ်ကိုက အိမ်ထောင်ပြုလိုက်ရင် မဟူရာအမှတ်အသးဟာ အလိုလိုပျောက်သွားမယ်တဲ့လား၊ အတော် ထူးဆန်းတာပဲ"

ယွင်ကူး နှုတ်ခမ်းလေးစူ၍ စိတ်ကောက်သွားသည်။

"ဘာလဲ အစ်ကိုက မယုံလို့လား၊ ညီမက သက်သက်လုပ်ကြံပြောနေတယ်များ ထင်သလား"



"ညီမကလဲကွာ အစ်ကိုက မယုံလို့မှမဟုတ်တာ၊ ဒါနဲ့ ညီမ မေမေက အတွေ့အကြုံ ဗဟုသုတ အတော်ရင့်ကျက်တယ်နော် ဆေးဆရာခုံးစိန်တောင် ဒီဆေးနည်းကို မသိဘူးထင်တယ်"

ယွင်ကူး မြေပေါ် ခြေတစ်ချက် ဆောင့်လိုက်၏။

"အစ်ကိုက အခုထိ မယုံသေးဘူးပေါ့၊ ဘာလဲ ညီမကို ချက်ချင်းလက်ထပ်ရအောင်လို့ လိမ်ညာလှည့်ဖျားပြောနေတယ်များ ထင်နေသလား အစ်ကို"

ဟန်စင်း ပျာပျာသလဲ ဖြစ်သွားသည်။

"အစ်ကို့ကို စိတ်မဆိုးပါနဲ့ ညီမရယ်၊ ညီမရဲ့စကားကို အစ်ကိုယုံပါတယ်၊ ညီမ မေမေပြောတဲ့ ကုသနည်းကိုလည်း ယုံပါတယ်"

"ဒါဖြင့် အစ်ကိုက ဘာကြောင့် စစ်စစ်ပေါက်ပေါက် ပြန်မေးနေရတာလဲ"

ဟန်စင်း ပင့်သက်ရှိုက်လိုက်သည်။

"လောလောဆယ် အခြေအနေအရ လက်ထပ်ဖို့ဆိုတာ အစ်ကို့အတွက် မဖြစ်နိုင်သေးလို့ပေါ့ ညီမရယ်"

"ဒါဖြင့် အကြောင်းရင်းကို ပြောလေ၊ ဘာကြောင့် လက်မထပ်နိုင်သေးတာလဲ"

"ညီမရယ်"

"အစ်ကိုက ညီမကိုသူစိမ်းလို သဘောထားလို့ အစ်ကို့လျှို့ဝှက်ချက်ကို ဖွင့်မပြောနိုင်ဘူးဆိုယင်လည်း နေပါ၊ ညီမ အတင်းအကြပ်မတောင်းဆိုပါဘူး"

ယွင်ကူးက ခပ်ထွေ့ထွေ့ကလေး ပြော၏။

သူမ အတော်လေး မကျေမနပ် ဖြစ်နေပုံရသည်။

ဟန်စင်းကိုလည်း ကျောပေးထားလိုက်၏။

ဟန်စင်း ခေါင်းကို အသာခါယမ်းလိုက်သည်။

ယွင်ကူး၏ ပခုံးလေးအား အသာဆုပ်ကိုင်လိုက်ပြီး....

"ဒီလို မပြောပါနဲ့ ညီမရယ်၊ ညီမအပေါ် အစ်ကို အသက်နဲ့ ထပ်တူမြတ်နိုးချစ်ခင်တယ်ဆိုတာ ယုံပါ"

ယွင်ကူးက ပြန်လှည့်လာသည်။

"ဒါဖြင့် အစ်ကိုက ဘာတွေများ ဖုံးကွယ်ထားချင်လဲ၊ မေးလိုက်တိုင်းလည်း မရေမရာနဲ့ ဒီတစ်ခါတော့ ညီမသိရမှ ဖြစ်မယ်"

ဟန်စင်းက တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးဟန်ဖြင့် သက်ပြင်း တစ်ချက်ချလိုက်သည်။

"ကောင်းပြီ၊ ညီမကို အစ်ကို့ရဲ့လျှို့ဝှက်ချက် ပြောပြပါ့မယ်၊ ဒါပေမယ့် ကတိတစ်ခုတော့ ပေးရမယ်"

ယွင်ကူး မျက်မှောင်ကုပ်သွား၏။

"ဘာကတိလဲ အစ်ကို"

ဟန်စင်း၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ညီမ တစ်ယောက်တည်းသာ သိရမယ်၊ ညီမမေမေအပါအဝင် အခြားဘယ်သူ့ကိုမှ ပြန်မပြောပါဘူးဆိုတဲ့ ကတိပါ"

ယွင်ကူး ခေါင်းညိတ်လိုက်၏။

"အစ်ကိုကလည်း ပူစရာမရှိ ကြံဖန်ပြီး ပူနေပြန်ပြီ၊ ကိုယ့်ချစ်သူရဲ့လျှို့ဝှက်ချက်ကို ညီမ လူတကာ လိုက်ပြောနေရမှာလား၊ ညီမ ကတိပေးတယ်"



ယွင်ကူးက လိမ်လိမ်မာမာလေး ဆိုရှာ၏။

ဟန်စင်းက ပင့်သက်ရှိုက်ယင်း...

"အစ်ကို သိုင်းလောကမှာ ကျင်လည်ခဲ့စဉ်တုန်းက လူတစ်ယောက်နဲ့ပြဿနာဖြစ်ခဲ့တယ်၊ အဲဒီနောက်ပိုင်း အဲဒီလူဟာ ပျောက်သွားတယ်"

"ဘယ်သူလဲ"

"ဓားပြကြီးတစ်ယောက်ပါ၊ အစ်ကိုဟာ ဦးလေးဟန်ဆီလာခဲ့ယင်းမှ အဲဒီဓားပြကြီးဟာ ဒီနယ်ထဲ ပုန်းအောင်းနေတယ် သတင်းရလို့ မပြန်ဖြစ်တော့ဘဲ ဒီမှာနေပြီး စုံစမ်းခဲ့တာပါ"

"အစ်ကိုနဲ့ ဘယ်လိုပြဿနာ ဖြစ်ခဲ့တာလဲ"

"ကိုယ်ရေးကိုယ်တာ ကိစ္စတွေပဲ ဆိုပါတော့"

"ထားပါတော့လေ၊ သူက ဒီဒေသထဲမှာ ရှိတယ်လို့ အစ်ကို ဘယ်က သတင်းရလဲ"

"သတင်း အတိအကျတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီဒေသထဲမှာ ရှိနေတယ်ဆိုတာ ခိုင်လုံတဲ့အကြောင်းပြချက်တွေ အများကြီးရှိပါတယ်"

"အခုကော တွေ့ပြီလား"

"သူက အပုန်းကောင်းလို့လား မသိဘူး၊ အခုထိ ရေရေရာရာမစုံစမ်းနိုင်သေးဘူး"

ယွင်ကူးက သူ့အား အကဲခတ်ကြည့်ကာ...

"အစ်ကိုက ရန်သူကိုရှာတာနဲ့ ညီမနဲ့လက်ထပ်တဲ့ကိစ္စ ဆိုင်

လို့လား အစ်ကို"

"ဆိုင်သင့်သလောက်တော့ ဆိုင်တာပေါ့"

"ဒါဖြင့် ဘယ်လိုဆိုင်သလဲဆိုတာ ပြောပါဦး"

ဟန်စင်း ပင့်သက်ရှိုက်လိုက်၏။

သူ၏မျက်နှာ တစ်ခုလုံးလည်း တည်ကြည်လေးနက်လာသည်။

"အစ်ကို့ရန်သူဟာ ကြောက်စရာကောင်းတယ်၊ အင်မတန်မှလည်း ဉာဏ်များကောက်ကျစ်တယ်၊ သူ့ကို ရှာတွေ့တဲ့တစ်နေ့မှာ အစ်ကိုနဲ့သူ စာရင်းရှင်းရမယ်၊ အစ်ကိုနိုင်ချင်လည်း နိုင်မယ်၊ သူ့လက်ချက်နဲ့ အသက်ဆုံးချင်လည်း ဆုံးမယ်လေ၊ နိုင်ယင် အကြောင်းမဟုတ်ပေမယ့် ရှုံးပြီးသေသွားယင်ဆိုတဲ့ အချက်က ညီမကို လက်မထပ်လိုသေးတဲ့ အဓိက အကြောင်းရင်းပဲ"

"ဘာဖြစ်လို့လဲ အစ်ကို"

"အစ်ကို သေဆုံးသွားယင် ညီမကို ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမလေး မဖြစ်စေချင်ဘူးလေ"

"ဩော်...အစ်ကိုရယ်"

ဟန်စင်းမှာ မိမိအတွက် အစစအရာရာ အနစ်နာခံစဉ်းစားပေးနေကြောင်း သိရလျှင် ယွင်ကူး၏ရင်ထဲ လှုပ်ရှားလာမိသည်။

"အစ်ကို ရန်သူနဲ့ရင်ဆိုင်ပြီး အသက်ရှင်ကျန်ရစ်မှ ညီမကို လက်ထပ်ဖို့ စဉ်းစားမိတာပါ၊ ဒါကြောင့် အခုလောလောဆယ် လက်ထပ်ဖို့အတွက် မဖြစ်နိုင်ဘူးဆိုတာ ညီမနားလည်ပေးပါ"

"အစ်ကို ရန်သူ့လက်ချက်နဲ့ သေဆုံးသွားရမယ်ဆိုယင်



လည်း ညီမက ဒီအတိုင်းတော့ ကျန်မနေရစ်ခဲ့ချင်ဘူး၊ အစ်ကိုနဲ့ သေအတူ ရှင်မကွာပဲ"

ယွင်ကူး၏ ရဲရဲတောက် စကားများကို ကြားရလျှင် ဟန်စင်းမှာဖော်မပြနိုင်သော ခံစားချက်များ ဖြစ်လာရသည်။

ကြည်နူးစိတ်ဖြင့် ယွင်ကူးအား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်မိတော့သည်။

* * *

ချစ်သူနှစ်ဦး၏ ကြည်နူးသာယာမှုလေးကို မိုးကြိုးဖြင့် ပစ်ခွင်းလိုက်သလို ကျယ်လောင်စွာ အော်ဟစ်လိုက်သံက နှောင့်ယှက်ဖျက်ဆီးလိုက်လေသည်။

"ဟော့...ဘယ်လိုဖြစ်နေကြတာလဲ၊ လူတစ်ယောက်လုံး လာနေတာတောင် မသိကြဘူးလား"

"ဟင်"

အလန့်တကြား လူချင်းခွဲလိုက်ရသည်။

သူတို့နှစ်ယောက်၏ ကြည်နူးမှုလေးကို နှောင့်ယှက်လာသူမှာ အသက်လေးဆယ်ဝန်းကျင်ခန့်ရှိသော အမျိုးသမီး တစ်ဦးဖြစ်လေသည်။

အမျိုးသမီးမှာ အရွယ်မကျသေးဘဲ ချောမောလှပကာ ခန့်ညားနေဆဲပင်။ ငယ်နုစဉ်အခါက လွန်စွာပင် ချောမောလှပခဲ့သည် ဖြစ်ကြောင်း သိသာထင်ရှားစေသည်။

အမျိုးသမီး၏မျက်နှာသည် မာနကြီးသူ တစ်ဦး၏အသွင်စရိုက်ကို ဖော်ပြထား၏။

ထူးခြားသည့် သူမ၏မျက်နှာသည် ယွင်ကူး၏မျက်နှာပေါက်နှင့်ဆင်နေသောကြောင့်ပင် ဖြစ်သည်။

ဟန်စင်း မျက်မှောင်ကုပ်သွားမိသည်။

အမျိုးသမီး မည်သို့မည်ပုံ ရောက်ရှိလာမှန်း မသိသည့်အတွက် အလွန်အံ့သြနေမိသည်။

သူ အကဲခတ်ကြည့်နေဆဲမှာပင် ယွင်ကူး၏ အသံလွင်လွင်လေးထွက်ပေါ်လာသည်။

"မေမေ"

တဆက်တည်း ပြေးသွားကာ အမျိုးသမီးအား ပွေ့ဖက်လိုက်၏။

"ဟိုက်"

ဟန်စင်း ကိုယ့်နဖူးကိုယ် လက်ဝါးဖြင့် ပြန်ရိုက်မိမတတ်ဖြစ်သွားသည်။ အမျိုးသမီးကြီးသည် ယွင်ကူး၏မိခင် ဖြစ်နေသည်။

သူက ယွင်ကူးနှင့် ချစ်ကြိုက်ခဲ့သော်လည်း ယွင်ကူးအိမ်သို့ မသွားဖူးပါ။ ယွင်ကူး၏ မိခင်ကိုလည်း မတွေ့ခဲ့ဖူးပါ။

ယွင်ကူး၏မိခင်ကတော့ သူ့အား သိနေသည့်ပုံရလေသည်။ ဟန်စင်းမှာ မျက်နှာမထားတတ်အောင် ဖြစ်သွားမိသည်။

အမျိုးသမီးရှေ့တွင် ယွင်ကူးအား ပွေ့ဖက်ထားခဲ့မိသည် မဟုတ်ပါလား။

သူက ရှက်ရက်ဖြင့် ခေါင်းငုံ့ထားလိုက်မိသည်။



ယွင်ကူးက မိခင်ရင်ခွင်ထဲမှ ထွက်ကာ…

"မေမေ..အဲဒါ အစ်ကို ဟန်စင်းပါ"

အမျိုးသမီးကြီး သက်ပြင်းချလိုက်၏။

"သမီးတို့ အခြေအနေကို မြင်ကတည်းက သူဟာ သမီးရဲ့ချစ်သူ ဟန်စင်းပဲဖြစ်မယ်ဆိုတာ မေမေရိပ်မိပြီးသားပါ"

ဟန်စင်း မနေနိုင်တော့ပါချေ။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော် ဟန်စင်းက ဒေါ်ဒေါ်ကို ဂါရဝပြုပါတယ်"

အမျိုးသမီးကြီး ခေါင်းညိတ် အသိအမှတ်ပြုလိုက်၏။

"ဒေါ်ဒေါ့်နာမည်က ယွင်လန်းပါ ချယ်ရီဂေဟာကဆိုတာ မောင်ရင် သိပြီးသားပါ"

"ဟုတ်ကဲ့ ခင်ဗျာ"

အမျိုးသမီးကြီးယွင်လန်းက ဟန်စင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

"မောင်ရင့်ကို အခုမှမြင်ဖူးပေမယ့် သမီးပြောပြလို့ နားရည်ဝနေပါပြီ၊ ဒါနဲ့ မောင်ရင်က ဘယ်ဇာတိလဲ"

"ယင်နန်နယ် ဇာတိပါ"

"ဪ..ယင်နန်နယ်ဇာတိကိုး"

"ဟုတ်ပါတယ်"

"ဒါထက် မောင်ရင်က အာမခံအဖွဲ့တစ်ခုမှာ အလုပ်လုပ်ခဲ့တယ်လို့ သမီးပြောဖူးတယ် ဟုတ်သလား"

ဟန်စင်းက ချိုသာစွာပြောလိုက်၏။

"ဟုတ်ပါတယ်၊ တံခွန်ဖြူအာမခံဌာနမှာပါ၊ ပိုင်ရှင် ဆရာဝ်ုကွမ်းဟာ ကျွန်တော့်ဆရာပါ"

ယွင်လန်းမှာ ခေါင်းတဆတ်ဆတ်ညိတ်ယင်း ထပ်မမေးတော့ချေ။

ဟန်စင်းနှင့်ယွင်လန်းတို့ လေပေးဖြောင့်နေ၍ ယွင်ကူး အပူလုံးကြီး ကျသွားသည်။ သူမက မိခင်၏လက်ကို လှုပ်ယမ်းယင်း...

"မေမေကိုယ်တိုင် လိုက်လာတာ အကြောင်းထူးကိစ္စရှိနေလို့လား"

ထိုအခါမှ ယွင်လန်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ဟုတ်တယ် သမီး၊ သမီးဦးလေး ရောက်နေတယ်၊ သူအလာတုန်းက လမ်းမှာ လူဆိုးဓားပြတွေနဲ့တွေ့ပြီး အလုခံလိုက်ရတယ်၊ ဟောဒီ ဝက်ပါတောင်နားမှာ ဖြစ်တာလို့ပြောတယ်၊ ဒါနဲ့ မေမေ ထွက်လာပြီးစုံစမ်းတာ"

ယွင်ကူး မျက်လုံးလေးဝိုင်းသွား၏။

"ဦးလေး လုယက်ခံလိုက်ရတယ် ဟုတ်လား"

ဟန်စင်းမှာလည်း စိတ်ဝင်စားမိ၍ မသိမသာနားစွင့်နေလိုက်၏။

ယွင်လန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်သမီး ခု ဒီနားတစ်ဝိုက်မှာလည်း ဘာမှစုံစမ်းလို့ မရဘူးလေ၊ အရေးထဲ မင်းတို့နဲ့လာတိုးနေရသေးတယ်ကွယ်"

ယွင်ကူး ချစ်စဖွယ် ပြုံးလိုက်သည်။

"မေမေကလဲ"



သူမက နွဲ့ဆိုးဆိုးသော အမူအရာဖြင့် မပွင့်တပွင့်ဆိုလာလျှင် ယွင်လန်း ရယ်မောလိုက်လေသည်။

ယွင်လန်း၏ပုစံအား ကြည့်ခြင်းဖြင့် ယွင်ကူးအား လွန်စွာပင်ချစ်မြတ်နိုးကြောင်း သိသာထင်ရှားစေပါသည်။

ယွင်ကူးက ဟန်စင်းအား လှမ်းပြုံးပြယင်း...

"အစ်ကို ကြို့တုန်း အိမ်ကိုလိုက်ခဲ့ပါလား ဟင်"

သူမက ဖိတ်ခေါ်နေသော်လည်း ယွင်လန်းက ဟန်စင်းလိုက်လည်မည်ကို စိုးရွံ့နေသလိုပင်။

သူတို့ ဆွေမျိုးသားချင်း တွေ့ဆုံခိုက် မိမိကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေရဟု တွေးမိလျှင် ခေါင်းကိုအသာခါယမ်းလိုက်သည်။

"မလိုက်တော့ပါဘူး၊ အစ်ကို ကိစ္စလေးနည်းနည်း ရှိလို့ပါ"

"ဘာကိစ္စလဲ"

"ဒီနေ့ ဦးလေးက စောစောပြန်လာဖို့ မှာလိုက်တယ်၊ သူ့အတွက် ဆေးဝယ်ပေးရဦးမယ်"

တမင် အကြောင်းပြနေမှန်းသိ၍ ယွင်ကူး နှုတ်ခမ်းလေးရှုံ့သွား၏။

ဟန်စင်းက ယွင်လန်းအား ဦးညွှတ်လိုက်သည်။

"ဒေါ်ဒေါ် ကျွန်တော့်ကို ခွင့်ပြုပါဦး ကိစ္စလေးရှိနေလို့ပါ၊ နောက်မှပဲ အေးအေးဆေးဆေး လာလည်ပါတော့မယ်ခင်ဗျာ"

ယွင်လန်း ပြုံးကာ ခေါင်းညိတ်လိုက်၏။

"အေးကွယ်၊ ဒေါ်ဒေါ်လည်း မင်းနဲ့တွေ့ချင်ပါသေးတယ်"

ယွင်ကူးက ဟန်စင်းအား မကျေမနပ်ဖြင့် လှမ်းကြည့်ယင်း...

"အစ်ကိုက အိမ်ကိုလိုက်ဖို့ဆိုယင် အမြဲတမ်း အကြောင်းရှာပြီးငြင်းနေတော့တာပဲ"

ဟန်စင်း မဖြေမီ ယွင်လန်းက ကြားဖြတ်ပြောလိုက်၏။

"သမီး ဒီလိုမပြောရဘူးလေ၊ ဟန်စင်းက လာလည်ပါ့မယ်လို့ပြောပြီးပြီပဲ၊ နောက်မှ မေမေတို့ အေးအေးဆေးဆေးတွေ့ကြတာပေါ့၊ အခု သူ့မှာလည်း ကိစ္စနဲ့မဟုတ်လား"

"ဖိတ်ခေါ်ပါလျက် မလိုက်နိုင်တာ အားနာပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီကွယ်"

သူက ခြေလှမ်းပြင်စဉ် ယွင်လန်းက စေ့စေ့ကြည့်ယင်းမှ.."

"ဟန်စင်း...ဘာပဲဖြစ်ဖြစ် မင်းအတော် ကံကောင်းတာပဲ၊ သမီးရဲ့ဒဏ်ကို တော်ရုံလူမခံနိုင်ဘူးကွယ်"

ဟန်စင်းက အပြုံးမပျက် ပြန်ပြောလိုက်သည်။

"ညီမလေးက ဒီလောက်လဲ မဆိုးပါဘူး ဒေါ်ဒေါ်"

သူက ခြေလှမ်းပြင်ကာ လှမ်းထွက်သွားလိုက်သည်။

ဟန်စင်းအနေနဲ့ အရေးကြီးသော တာဝန်တစ်ရပ် ကျန်နေသေး၏။

ဝမ်းတိန်မြို့သို့သွားပြီး ကြေးအိုးဆိုင်ရှင်ကို တွေ့ရမည်။

ဆရာတော်ဂူးထံမှ သတင်းစကားဗုက်ကို သွားရောက်ပြောပြရမည်။



ကျောခိုင်းထွက်သွားသော ဟန်စင်း အတော်ဝေးဝေးသို့ရောက်သွားလျှင် အမြဲအလိုလိုက်ခံရပုံရသော ယွင်ကူးက ခြေလေးကိုဆောင့်လိုက်ပြီး...

"မေမေပဲ အစ်ကိုဟန်စင်းနဲ့ တွေ့ချင်တယ်ဆို အခုဘာလို့မခေါ်တာလဲ"

ယွင်လန်းက သမီးဖြစ်သူ၏လက်မောင်းအား အသာအယာ ဆုပ်ကိုင်လိုက်ပြီး..

"အချိန်မကျသေးလို့ပေါ့ကွယ်၊ ပြီးတော့ သမီးဦးလေးအကြောင်းမေ့နေပြီလား၊ သူက လူစိမ်းတွေနဲ့ အတွေ့ခံချင်တာ မဟုတ်ဘူးလေ"

ယွင်ကူး ပါးစပ်ပိတ်ထားလိုက်တော့သည်။

ယွင်လန်း၏မျက်ဝန်းထဲတွင် အလွန်နားလည်ရခက်သော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

သို့သော် ယွင်ကူးက ခေါင်းငုံ့ထားလိုက်သည့်အတွက် မတွေ့လိုက်ရပါတော့ချေ။

* * *

## အဆက်အသွယ်

ဝမ်းထိန်မြို့…။

ဝမ်းထိန်မြို့သည် လွန်စွာစည်ကားသည်။

ဝက်ပါတောင် ပတ်ဝန်းကျင်ဒေသတွင် အကြီးဆုံးနှင့်အစည်ကားဆုံး ကုန်သွယ်မှု အချက်အချာအကျဆုံး မြို့တော်ကြီးဖြစ်လေသည်။

ထို့အပြင် သိုင်းသမားများ အများဆုံး ကျက်စားရာမြို့တော်ကြီးလည်း ဖြစ်သည်။

စည်ကားလှသော ဝမ်းထိန်မြို့၏ အရှေ့ဘက်တံခါးအနီးတွင် အလွန်ကျော်ကြားသော စားသောက်ဆိုင်ရှိ၏။

ဆိုင်အပြင်အဆင် ခမ်းနားလှပပြီး စားဖွယ်များမှာ လွန်စွာအရသာရှိလှသည်။ ဆိုင်လုလင်များမှာလည်း လွန်စွာဖော်ရွေလှသည်။

မြို့ခံများက ဝမ်းထိန်မြို့သို့လာသော ဧည့်သည်တစ်



ယောက်သည် နန်းဖွေးဆိုင်မှ ကြေးအိုးပြုတ်အား မစားသောက်ခဲ့လျှင် အလွန်ခေတ်နောက်ကျသည်ဟုပင် ဆိုစမှတ်ပြုကြလေသည်။

ဆိုင်ရှင်နန်းဖွေးသည် အစားအသောက် ရောင်းချသူပင်ဖြစ်လင့်ကစား လုပ်ငန်းအား အလွန်ဂရုစိုက်၏။

အစားကောင်း အသောက်ကောင်းကို ကြိုက်တတ်သောလူတို့၏မနောကို သိသဖြင့် ရောင်းချသမျှ စားသောက်ဖွယ်ရာတို့ကို ဝို၍ကောင်းအောင် ဂရုစိုက်၏။

သို့သော် နန်းဖွေးက လောဘသားမဟုတ်။

စည်းကမ်းရှိသူဖြစ်သည်။

တစ်နေ့ကုန် စားသောက်သူများဖြင့် စည်ကားနေလေ့ရှိသောဆိုင်ကို မိုးချုပ်သည်နှင့် သိမ်းလေ့ရှိ၏။

ဆိုင်ပိတ်ပြီဆိုသည်နှင့် မည်သို့သော ပုဂ္ဂိုလ်မျိုးကိုမဆို ရောင်းချလေ့မရှိတော့။

ဤအချက်မှာမူ နန်းဖွေး၏အထူးခြားဆုံး အကျင့်စရိုက်ဖြစ်သည်။

သို့သော် အသားကျနေပြီဖြစ်သော မြို့ခံလူများနှင့်ဖောက်သည်များကမူ ထူးဆန်းခြင်းမရှိတော့ပါချေ။

* * *

နေဝင်သွားပြီဖြစ်သည်။
ဝမ်းထိန်မြို့မှာ မီးရောင်များ ထိန်လင်းလာသည်။

နန်းဖွေး၏ကြေးအိုးပြုတ်ဆိုင်လည်း သိမ်းနေပြီဖြစ်သည်။

ဆိုင်လုလင်များက တူများ၊ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းနေပြီ။

ဆိုင်တွင်း၌ စားသောက်သူ တစ်ယောက်မျှ မရှိတော့ပါ။

နန်းဖွေးကိုယ်တိုင်လည်း အတွင်းခန်းတစ်နေရာ၌ ငွေစက္ကူများကို ရေတွက်နေလေပြီ။

ထိုအချိန်တွင် ခရီးပြင်းနှင်လာပုံရသော လုလင်တစ်ယောက် ဆိုင်ရှေ့၌ပေါ်လာပြီး ဆိုင်တွင်း ဖွတ်ဝင်လာလေတော့သည်။

လုလင်ကား ဟန်စင်းပင်ဖြစ်လေသည်။

ဟန်စင်းအဖို့ ဆိုင်ပိတ်ချိန်ကို ရွေး၍ဝင်လာခဲ့ခြင်းဖြစ်လေသည်။

အကြောင်းကား ဝမ်းထိန်မြို့သို့အလာခရီးတွင် သူ့နောက်မှနောက်ယောင်ခံလိုက်သူ ရှိခဲ့သည်ဟု ယုံကြည်ယူဆသောကြောင့်ဖြစ်၏။

ဟန်စင်းက စားပွဲတစ်လုံး၌ ဝင်ထိုင်ပြီးဓားကို စားပွဲပေါ် ဝုန်းခနဲ ပစ်တင်ကာ..

"ဟေ့..လာကြစမ်းပါဦးကွ"

ဟုလှမ်း၍ အသံပြုလိုက်သည်။

ဆိုင်လုလင်တစ်ယောက် ရယ်ကျဲကျဲမျက်နှာဖြင့် ရောက်လာပြီး..

"ဆရာလေး..ဆိုင်ပိတ်သွားပါပြီ ခင်ဗျာ"



"ဟာ..မင်းတို့ဆိုင်က တစ်မျိုးပါလား၊ အခုမှ မိုးချုပ်ရုံပဲရှိသေးတယ်၊ ကဲ လုပ်မနေနဲ့ အကောင်းဆုံး ခေါက်ဆွဲပြုတ်တစ်ပွဲနဲ့ ဝက်ခြေထောက်တစ်ပွဲယူလာခဲ့စမ်းကွာ"

"ဒီနေ့တော့ ဘာမှမရနိုင်တော့ပါဘူး ခင်ဗျာ၊ မနက်ကျမှ စောစောကြွခဲ့ပါနော်"

"အခု ဗိုက်ဆာတာကို ငါက မနက်ဖြန်အထိ စောင့်နေရမှာလားကွ၊ ဘယ်အချိန်ရှိသေးလို့ ဆိုင်ပိတ်တာလဲ၊ လာစားသောက်တဲ့ လူကို နှင်ထုတ်တာ မင်းတို့တစ်ဆိုင်ပဲ တွေ့ဖူးသေးတယ်"

ဆိုင်လုလင်ခမျာ ဟန်စင်းကို စိတ်ရှည်လက်ရှည်ဖြင့်လိုက်၍ရှင်းပြရှာသည်။

"ကျွန်တော်တို့ဆိုင်က နေဝင်တာနဲ့ ပိတ်လေ့ရှိပါတယ်၊ ဒီစည်းကမ်းကို တစ်မြို့လုံးသိပါတယ်၊ ဆရာလေးက တစ်နယ်တစ်ကျေးက ထင်တယ်"

"ဟေ့..မင်းတို့စည်းကမ်းတွေ ဘာတွေ ငါမသိဘူးကွ၊ ငါက ဗိုက်ဝအောင်ဖြည့်ပြီး ခရီးဆက်ရဦးမှာ ကဲ မှာထားတာတွေသာ ယူလာပေး"

"ဒုက္ခပါပဲ ဆရာလေးရယ်"

ပထမ ဆိုင်လုလင်ကတောင်းပန်မရသဖြင့် နောက်ထပ် ဆိုင်လုလင်နှစ်ယောက်က ထပ်ရောက်လာပြီး ဝိုင်းတောင်းပန်လာကြပြန်သည်။

ဟန်စင်းကတော့ ရည်ရွယ်ချက်ရှိသူမို့ လူမိုက်ဆန်ဆန် စားပွဲကို ဝုန်းခနဲလက်ဝါးဖြင့် ပုတ်လိုက်ကာ...

"ငါမသိဘူး၊ ဘယ်မှာလဲ မင်းတို့ဆိုင်ရှင်၊ ငါဆိုင်ရှင်နဲ့ပဲ စကားပြောတော့မယ်"

ထိုခဏတွင် အတွင်းဘက်မှ သြဇာညောင်းသော အသံတစ်သံ ထွက်ပေါ်လာသည်။

"ဟေ့ ဘာဖြစ်နေကြတာလဲ၊ ဧည့်သည်ကျေနပ်အောင် ကောင်းကောင်း ဧည့်ခံကြလေကွာ"

ဟုလှမ်းပြောသည်။

"ရှင်းပြပါတယ် သူဌေး၊ ဒါပေမယ့် ဒီဆရာလေးက လက်မခံပါဘူးခင်ဗျာ"

ခဏငြိမ်သက်သွားပြီးနောက် ဆိုင်အတွင်းဘက်မှ အဘိုးအိုတစ်ဦးလှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

အဘိုးအို၏ အမူအရာသည် တည်ငြိမ်ကာ အရိပ်အကဲသုံးပါးနားလည်သူတစ်ယောက် အသွင်ရှိသည်။

ဟန်စင်းရှေ့ရောက်လာလျှင် ဖော်ရွေစွာပြုံးပြကာ..

"မောင်ရင်လေး..ဆိုင်က ထုံးစံအတိုင်း ဒီအချိန်ပိတ်လေ့ရှိပါတယ်၊ မနက်ဖြန်မှ စောစောကြွခဲ့ပါလား၊ ကျုပ်က မောင်ရင်လေး စိတ်တိုင်းကျအောင် စီမံဆောင်ရွက်ပေးပါ့မယ်"

"မဖြစ်ဘူး၊ ကျုပ် ခရီးဆက်ရဦးမယ်၊ ဒါထက် ခင်ဗျားက ဆိုင်ရှင်မဟုတ်လား"

"ဟုတ်ပါတယ်၊ မောင်ရင်လေးက ကျုပ်ကိုသိလို့လား၊ ကျုပ်နာမည်နန်းဖွေးပါ"

"ခင်ဗျားကိုတော့ ကျုပ်မသိပါဘူး၊ ဒါပေမယ့် ကျုပ်နဲ့ခင်



မင်ခဲ့တဲ့ ထန်အမျိုးအနွယ် မိန်းကလေးတစ်ယောက်က ခင်ဗျားဆိုင်က အစားအသောက်ကို စားဖြစ်အောင်ဝင်စားပါဆိုလို့ လာခဲ့တာဗျ"

ထန်အမျိုးအနွယ်ဟူသော အမည်ကြားလျှင် နန်းဖွေး၏ မျက်နှာပေါ်၌ ထူးခြားသော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

"မောင်ရင်က ထန်အင်းရဲ့ မိတ်ဆွေကိုး၊ သူဘာမှာလိုက်သလဲ"

"ကြေးအိုးကို မြည်းဖြစ်အောင် မြည်းပါတဲ့"

"သြော် တခြားဘာမှာလိုက်သေးလဲ"

ဟန်စင်းက ဆိုင်လုလင်များကို လှမ်းကြည့်လိုက်၏။

နန်းဖွေးက အကင်းပါးစွာဖြင့် ငွေသိမ်းစားပွဲဆီ ခေါ်သွားပြီး စောစောက ကိစ္စကို တောင်းပန်ဟန်ဖြင့် စကားဆက်လိုက်၏။

"သတင်းစကား တစ်ခုခု မှာလိုက်သလား မောင်ရင်"

"ဟုတ်ကဲ့၊ ဆရာတော်ဝူးဆီကတစ်ဆင့် ပါးလာတဲ့ စကားပါ"

"ဟုတ်ပြီ မောင်ရင်ဟာ ထန်အင်း လွှတ်လိုက်တဲ့ အဆက်အသွယ်ဆိုတာ ကျုပ်ယုံပါပြီ၊ မောင်ရင့်နာမည်က..."

"ထိုက်ယန်မြို့က ဟန်စင်းပါ"

"ဒီလိုလုပ်လေ ကျုပ်တို့ တစ်နေရာရာမှာ လျှို့ဝှက်တွေ့ဆုံကြရအောင်"

ဟန်စင်း တစ်ချက်စဉ်းစားလိုက်ပြီး..

"ဒါဖြင့် ညကျယ်င် အရှေ့မြို့ပြင်မှာ တွေ့မယ်"

"ကောင်းသားပဲ"

ဟန်စင်းက ဘေးဘီသို့ တစ်ချက်ဝေ့ကြည့်ယင်း...

"ကျုပ်က တောင်းပန်တာ မလိုချင်ဘူး၊ ဗိုက်ပြည့်တာပဲ လိုချင်တယ်"

အသံကျယ်ကျယ်ဖြင့် ပြောလိုက်၏။

"သည်းခံပါ မောင်ရင်၊ စားစရာ ဘာမှ မလုပ်ပေးနိုင်တော့လို့ပါ"

နှစ်ယောက်သား ဇာတ်တိုက်ထားသလို ပြန်လည်သရုပ်ဆောင်နေစဉ် အသက်နှစ်ဆယ်ကျော် လူရွယ်တစ်ယောက် ဆိုင်ထဲ ဝင်လာပြန်သည်။

"စားစရာရှိသေးလား"

နန်းဖွေးက ရယ်ကျဲကျဲဖြင့်...

"မရတော့ပါဘူးကွယ်၊ ဟောဒီက ဆရာလေးကိုတောင် မရလို့ တောင်းပန်နေတာပါ"

ဟန်စင်းက စိတ်ဆိုးမာန်ဆိုး ဝင်၍ ပြောပြန်သည်။

"သိပ်လဲ မကြီးကျယ်ပါနဲ့ဗျာ၊ ဒီမြို့မှာ ကြေးအိုးပြုတ်ဆိုင်ရယ်လို့ ခင်ဗျားတို့ တစ်ဆိုင်ထဲ ရှိတာမှ မဟုတ်ဘဲ၊ ငွေရှိယင် ဘယ်ဆိုင်မှာ စားစားရတယ်"

ဤတွင် မျက်နှာစိမ်းလူငယ်က ဟန်စင်း၏စကားကို ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်ဗျ၊ နေဝင်တာနဲ့ ဆိုင်က သိမ်းတော့တာပဲကိုး၊ ဒီက မိတ်ဆွေက တစ်နယ်သား ခရီးသည် ထင်ပါရဲ့"



"ဟုတ်ပါတယ်"

"ဒီမြို့မှာ စားသောက်ဆိုင်ကောင်းကောင်းတွေ ပေါပါတယ်၊ မိတ်ဆွေ ကျုပ်နဲ့ လိုက်ခဲ့ပါလား"

ဟန်စင်း အသာပြုံးလိုက်သည်။

"ကောင်းသားပဲ၊ ကျုပ်လဲ အဖော်ရတာပေါ့"

သူက မိတ်ဆွေဖွဲ့လာသူလူရွယ်နှင့် လိုက်လာခဲ့သည်။

ဆိုင်အပြင်သို့ ရောက်လျှင် လူရွယ်က မိတ်ဆက်စကား ဆိုလာသည်။

"ကျုပ်က 'စု'အမျိုးအနွယ်ပါ၊ စုကျင်းလို့ ခေါ်ပါတယ်"

"ကျုပ်က ထိုက်ယန်မြို့က ဟန်စင်းပါ"

"အခုလို သိကျွမ်းရတာ ဝမ်းသာဂုဏ်ယူစရာပါပဲ၊ မိတ်ဆွေဖြစ် အထိမ်းအမှတ်အနေနဲ့ တစ်ခွက်တစ်ဖလားလောက် မော့ကြရအောင်လား"

"မိတ်ဆွေက ဖိတ်ခေါ်မှတော့ ကျုပ်က ငြင်းမနေတော့ပါဘူးဗျာ"

ဟန်စင်းက သဘောတူလိုက်လျှင် လူရွယ်မှာ ဝမ်းသာသွားတော့သည်။ စုကျင်းသည် ရန်သူ့ဘက်တော်သား ဖြစ်နိုင်သည်။

မိမိထံ ချဉ်းကပ်ခြင်းသည် လျှို့ဝှက်ချက်အား သိလိုချင်သောကြောင့်သာ ဖြစ်ရမည်။

သူက ရေလိုက်ငါးလိုက် ပြန်၍ ဆက်ဆံနေခြင်းမှာ ရန်သူ့ထံမှ သတင်းကို ပြန်နှိုက်လို၍ပင် ဖြစ်သည်။

လမ်းပေါ်တွင် မီးအိမ်ကလေးများပင် ထွန်းညှိထားလေပြီ။

"တစ်ခုတော့ ရှိတယ်၊ ကျုပ်က ဆူဆူညံညံ နေရာမျိုးဆိုယင် မကြိုက်ဘူးဗျ"

"ဟာ ကျုပ်ခေါ်သွားမယ့် နေရာက သိပ်အေးချမ်းပါတယ်ဗျာ၊ ဟောဒီ မြို့တွင်းမှာပဲ လုံခြုံစိတ်ချရပါတယ်"

ဟန်စင်းမှာ ကျိတ်ပြုံးလိုက်မိသည်။

စုကျင်းက ဆက်ပြောလာသည်။

"ကျုပ် တည်းခိုနေတဲ့ စားသောက်ဆိုင်က အတော်လေး တိတ်ဆိတ်ငြိမ်သက်ပါတယ်၊ သီးသန့်ခန်းလဲ ရှိတယ်၊ အေးအေးဆေးဆေး စကားပြောယင်း စားသောက်လို့ ရတာပေါ့"

နှစ်ယောက်သား လမ်းမပေါ်မှ လျှောက်လာစဉ် မျက်နှာချင်းဆိုင်မှ လာသော ခါးကုန်းအဘိုးအိုတစ်ယောက်ကို ထူးထူးခြားခြား တွေ့လိုက်ရသည်။

ခါးကုန်းအဘိုးအို လျှောက်လာပုံက ကြက်သီးသုတ်ဖျာ နိုင်လှ၏။ ခါးကုန်းအဘိုးအိုက ဝင်တိုက်မိမည်စိုး၍ ဟန်စင်းက နံဘေးသို့ အသာတိမ်းရှောင်ပေးလိုက်သည်။ သို့သော်…

"ဗုန်း"

"အင့်"

ရှောင်ပေးပါမှ ခါးကုန်းအဘိုးအိုနှင့် တည့်တည့်ဝင်တိုးမိ၏။

ဟန်စင်း မျက်မှောင်ကုပ်သွားသည်။

ရှောင်တိမ်းပေးသော မိမိအား ဝင်တိုက်လိုက်နိုင်သော ခါးကုန်းအဘိုးအိုသည် သိုင်းပညာရှင်တစ်ယောက်သာ ဖြစ်ပေလိမ့်မည်။



သို့သော် အဘိုးအိုနှုတ်မှ ဝါးဂူးအသံများသာ ထွက်လာ၍ စကားမပြောတတ်သော ဆွံ့အနေသူတစ်ယောက်မှန်း သိရပြီး အမူအရာ ကြည့်ရခြင်းဖြင့် ဟန်စင်းအား ဝင်တိုက်မိသည့်အတွက် တောင်းပန်နေခြင်းပင် ဖြစ်ပေမည်။

ပထမတော့ ဟန်စင်း မကျေမနပ် ရန်စကားဆိုဖို့ ဟန်ပြင်မိသော်လည်း ထိုခဏမှာပင် ထူးဆန်းသော အရာတစ်ခုက သူ့လက်ဖဝါးတွင် ရောက်ရှိနေသည်ကို ခံစားမိသဖြင့် နှုတ်ဆိတ်သွားမိ၏။

ခါးကုန်းအဘိုးအို၏ ရည်ရွယ်ချက်ကို သိလိုက်မိချေပြီ။

တစ်စုံတစ်ခုကို ပေးချင်သဖြင့် တမင် ဝင်တိုက်ခြင်း ဖြစ်ပေလိမ့်မည်။ စုကျင်းက ကြားမှ ဝင်၍ ဝေဖန်လိုက်သည်။

"ဆွံ့အအဘိုးအိုတစ်ယောက်ပဲ မျက်လုံးလည်း သိပ် မကောင်းဘူးထင်တယ်"

"ဟုတ်မှာပါလေ"

စုကျင်းမှာ ခါးကုန်းအဘိုးအို၏ လျင်မြန်သော လှုပ်ရှားမှုကို လုံးဝရိပ်စားမိဟန် မတူပါ။

ဟန်စင်းက ခပ်တည်တည်ဖြင့်…

"သွားကြပါစို့"

သူတို့ ထွက်လာလျှင် ခါးကုန်းအဘိုးအိုမှာလည်း ဟန်ပါပါဖြင့် ဆက်လျှောက်သွားတော့သည်။

* * *

## ရန်သူ့ဘက်တော်သား

စားသောက်ဆိုင်နှင့် တွဲထားသော တည်းခိုရိပ်သာလေး တစ်ခုဖြစ်သည်။

ဟန်စင်းတစ်ယောက် စုကျင်း၏ဖိတ်ခေါ်ရာသို့ လိုက်သွားရာ မြို့တွင်းတစ်နေရာမှ တည်းခိုရိပ်သာလေး၏ ချောင်ကျကျသီးသန့်ခန်းကလေးတစ်ခန်းအတွင်း ရောက်နေလေပြီ။

အခန်းကလေးမှာ တိတ်ဆိတ်နေ၏။

"ဘယ့်နှယ်လဲ မိတ်ဆွေ၊ နေရာထိုင်ခင်းကို သဘောကျရဲ့လား"

"အတော် အေးချမ်းတဲ့နေရာပဲ"

"ကဲ..မိတ်ဆွေ ခဏထိုင်ဦး၊ ကျုပ်စားသောက်စရာတွေ သွားမှာလိုက်ဦးမယ်"

"ကောင်းပါပြီ"

စုကျင်း အခန်းပြင်ထွက်သွားသည်နှင့် ဟန်စင်းက လက်ဖဝါးကို အသာဖြန့်ကြည့်လိုက်၏။



မီးရောင်မှိန်မှိန်အောင်တွင် သူမြင်နေရသည်က လက်သည်းခွံအရွယ်ရှိ အဖြူရောင်ဆေးလုံးတစ်လုံးပင်။

ဆေးလုံးကို ထုပ်ထားသော စက္ကူပေါ်တွင် ရေးထားသော စာအချို့ကိုလည်း တွေ့ရ၍ ကပျာကယာ ဖတ်ကြည့်လိုက်၏။

"ရန်သူကို သတိထား၊ ဆေးလုံးက အဆိပ်နဲ့မေ့ဆေးကို ကာကွယ်ဖို့ပါ၊ ပြီးတော့ ချိန်းဆိုထားတာကိုလည်း မမေ့နဲ့"

ဟန်စင်း အံ့သြသွားမိသည်။

"ခါးကုန်းအဘိုးအိုက ချိန်းဆိုထားတဲ့ကိစ္စကို ဘယ်လိုလုပ်သိနေပါလိမ့်"

ထိုစဉ် အခန်းအပြင်က ခြေသံကြားရသည်။

ဟန်စင်း စဉ်းစားချိန်မရတော့။

ဆေးလုံးကို ပါးစပ်ထဲပစ်ထည့်ပြီး သတိပေးစာရွက်ကို ဆုပ်ဖြေလွှင့်ပစ်လိုက်သည်။

စုကျင်း အခန်းတွင်း ပြန်ဝင်လာသည်။

"စောင့်ရတာ ကြာသွားလို့ တောင်းပန်ပါတယ်"

"ရပါတယ် ကိစ္စမရှိပါဘူး"

စုကျင်းက နှစ်ပေါင်းများစွာကွဲကွာနေသော မိတ်ဆွေပမာ တွေ့ရာလေးပါး လျှောက်ပြောယင်း စကားလက်ဆုံကျဖို့ ကြိုးပမ်းနေ၏။

ခဏအကြာတွင် ဆိုင်လုလင်တစ်ယောက် မှာကြားထားသော စားသောက်ဖွယ်ရာများကို လာပို့သည်။

"ကဲ..နောင်ကြီး ကျုပ်တို့ မိတ်ဆွေဖြစ်တဲ့အနေနဲ့ သုံး

ဆောင်လိုက်ပါ"

စုကျင်းကပြောယင်း အရက်တစ်ခွက် ငှဲ့ကာ ကမ်းပေးလိုက်သည်။

ဟန်စင်းက သူဆင်တားသောအကွက်၌ ဝင်မိဟန်ဆောင်သည်။

ရယ်ရယ်မောမော ပြောဆိုယင်း တိုက်သမျှ အရက်ကို သောက်သည်။

တည်ခင်းထားသော စားသောက်ဖွယ်ရာများကိုလည်း စားသောက်သည်။

စုကျင်းကိုလည်း အရက်များဖိတိုက်သည်။

အကြံသမားစုကျင်းမှာ အခြေအနေမှန်ကို ဟန်စင်း မသိဟုယူဆပြီး သောက်စားနေယင်းမှ မူးယစ်လာလေသည်။

သို့သော် စုကျင်းမှာ ဖြေဆေးကို ကြိုသောက်ထားပုံရလေသည်။

အရက်နှစ်အိုး ကုန်သွားသောအခါတွင် စုကျင်းက လုပ်ငန်းစလာသည်။ ဟန်စင်းအား စေ့စေ့ကြည့်ကာ...

"မိတ်ဆွေက ထိုက်ယန်မြို့ကနေ ဒီကိုလာတာ ကိစ္စရှိမယ်ထင်တယ်၊ ဘယ်လိုကိစ္စမျိုးလဲ"

"ထွေထွေထူးထူး မဟုတ်ပါဘူးဗျာ"

"မလိမ်ပါနဲ့ဗျာ၊ ကျုပ်က ထိုက်ယန်မြို့ကတည်းက မိတ်ဆွေနောက်ကို ခြေရာခံလိုက်လာခဲ့တာဗျ"

"ဘာ"



ဟန်စင်းက အံ့သြချင်ဟန်ဆောင်ကာ ခုန်ထလိုက်၏။

သို့သော် ချက်ချင်းပြန်လှဲချကာ...

"မင်း အရက်ထဲမှာ ဆေးခတ်ထားတယ် ဟုတ်လား"

"ဟုတ်တယ်၊ သိပ်လည်း မစိုးရိမ်ပါနဲ့၊ အတွင်းအားကို ထိန်းချုပ်ထားရုံသောက်ပါ၊ အသက်အန္တရာယ်မဖြစ်စေနိုင်ပါဘူး"

"မင်း ဘယ်လိုအကြံနဲ့ အခုလိုလုပ်ရတာလဲ"

"ကျုပ်က အမိန့်အတိုင်း ဆောင်ရွက်နေရတယ်ဆိုတာ နားလည်ပေးပါ၊ ပြောပါ၊ ဘာကိစ္စနဲ့လာတာလဲ၊ ဘယ်သူနဲ့အဆက်အသွယ်လာလုပ်တာလဲ"

ဟန်စင်း ပြုံးလိုက်၏။

"မင်းတို့အဖွဲ့က ဒီအကြောင်းကို သိချင်ယင် အခြားအဆင့်မြင့်တဲ့လူတွေကို စေလွှတ်ဖို့သင့်တယ်၊ အခုတော့"

စကားဆုံးလျှင် သူ၏လက်ချောင်းများက စုကျင်း၏ပခုံးရှိသွေးကြောအား ထိုးပိတ်လိုက်လေသည်။

စုကျင်း မျက်လုံးပြူးသွားသည်။

"ခင်ဗျား"

သူက အထိတ်တလန့် ရောင်တိမ်းလိုက်သော်လည်း မလွတ်မြောက်တော့ပါ။

ကြမ်းပေါ် ဝုန်းခနဲ ပစ်ကျသွားတော့သည်။

"မင်းက မိန်းကလေးတစ်ယောက်ဆိုတာ ကျုပ်သိထားတယ်"

ဟန်စင်းကပြောယင်း မျက်နှာပေါ်မှ သားရေတုအားဆွဲ

ချွတ်လိုက်သည်။

ထိုအခါ မိန်းကလေးတစ်ဦး၏မျက်နှာ ပေါ်လွင်လာ၏။

"ရှင်...ရှင်"

ဟန်စင်း ပြုံးလိုက်သည်။

"အရက်ထဲ ခတ်ထားတဲ့ဆေးက ကျုပ်ကို ဘာမှဒုက္ခမပေးနိုင်ပါဘူး၊ မင်း နောက်ယောင်ခံလိုက်လာကတည်းက ကျုပ်ရိပ်မိပါတယ်"

စုကျင်း ခေါင်းငိုက်စိုက်ကျသွားသည်။

ဟန်စင်းက သူမအား စေ့စေ့ကြည့်ကာ...

"မင်းတို့အဖွဲ့က အလွန်လျှို့ဝှက်ပြီး ရက်စက်ကြမ်းကြုတ်ကြတယ်၊ မင်းအနေနဲ့ အမှန်ကို ဖွင့်ပြောမယ်ဆိုယင် ကျုပ်က အသက်ချမ်းသာပေးလိုက်ပါ့မယ်"

စုကျင်း ခေါင်းထောင်လာသည်။

"ကျွန်...ကျွန်မ ဘာမှပြောနိုင်မှာ မဟုတ်ဘူး"

"မင်းက ခေါင်းမာချင်တာကိုး"

"ကျွန်မအနေနဲ့ ဖွင့်ပြောခဲ့ယင်လည်း ရက်ရက်စက်စက်ဒဏ်ခတ်ခံရမှာ၊ အဲဒီလို ဒဏ်ခတ်ခံရမှာထက်စာယင် ရှင့်ဓားချက်နဲ့သေရတာက အကောင်းဆုံးဖြစ်မှာပါ"

ဟန်စင်း လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

ဂိုဏ်းအပေါ် သူလျှိုလုပ်ခဲ့သော စိန်ကြူးနှင့် ထန်အင်းဂိုဏ်း၏လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် ကြံရွယ်သည့်ချွေလန်း၊ သူတို့အားလုံးကံဆိုးခဲ့ကြရသည်။



ထို့ကြောင့် စုကျင်းပြောသည်မှာ သဘာဝကျနေသည်။

ဟန်စင်းက ဆုံးဖြတ်ချက်တစ်ခုချကာ သွေးကြော ပြန်ဖွင့်ပေးလိုက်၏။

"မင်းကြုံရမယ့် ဒုက္ခကိုလည်း ကျုပ်စာနာမိပါတယ်၊ ဒါကြောင့် မင်းဆီကဘာမှ မသိချင်တော့ပါဘူး၊ ကဲ ဒီနေရာက ထွက်သွားပါတော့"

စုကျင်းက သူ့အား အံ့သြခြင်း၊ လေးစားခြင်းမျက်လုံးများဖြင့် ကြည့်လာ၏။

သို့သော် သူမ၏မျက်နှာ ချက်ချင်းညှိုးကျသွားသည်။

ဝှက်ထားသော ဓားတစ်လက်ထုတ်ယူကာ မိမိကိုယ်ကို ပြန်လည်ထိုးစိုက်ချလိုက်၏။

"ဟင်"

မည်သို့မျှ မျှော်လင့်မထားသောအဖြစ်ကြောင့် ဟန်စင်းမှာ တားဆီးချိန်ပင် မရလိုက်တော့ချေ။

စုကျင်းမှာ မသဲမကွဲညည်းညူနေသည်။

"မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"ကျွန်မက သတင်းမပေးနိုင်ဘဲ ပြန်သွားယင်၊ သူတို့က လျှို့ဝှက်ချက်ကို ထုတ်ပြောတယ်လို့ထင်ပြီး ဒဏ်ပေးမှာပဲ၊ ဒီတော့ အကောင်းဆုံးလမ်းကို ရွေးချယ်လိုက်တာပါ၊ ကျွန်မ ဘာမှမပြောနိုင်တဲ့အတွက်တော့ ခွင့်လွှတ်ပေးပါ"

သူမ၏စကားသံ တဖြည်းဖြည်း တိမ်ဝင်သွားကာ ငြိမ်သက်သွားတော့၏။

ဟန်စင်းမှာ စုကျင်းအားငေးကြည့်ယင်း ငိုင်တွေနေမိသည်။

ရင်ထဲတွင်လည်း ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာမိသည်။

ဟန်စင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။

"တောက်..ဘယ်လောက်အထိ လျှို့ဝှက်နိုင်မလဲ၊ တစ်နေ့ငါလက်နဲ့ စိစိညက်ညက် ချေမှုန်းပစ်မယ်"

သူက အံတင်းတင်းကြိတ်ယင်း အသံထွက်အောင်ပင် ကြုံးဝါးရေရွတ်လိုက်တော့သည်။

* * *



အဖြေ

လခြမ်းကလေးသည် ကောင်းကင်ပေါ်၌ရှိနေ၏။

ကြယ်ကလေးများက ဝိုင်းရံလင်းလက်နေ၏။

ဟန်စင်းသည် မြို့ပြင်ရောက်ရှိလာပြီး မကြာမီမှာပင် လူရိပ်တစ်ခု လျှင်မြန်စွာရောက်ရှိလာလေသည်။

ရောက်ရှိလာသူသည် ခါးကုန်းအဘိုးအိုဖြစ်နေသည့်အတွက် ဟန်စင်း အံ့ဩသွားရလေသည်။

"ကျုပ်က ဆိုင်ရှင်ကိုယ်စား ချိန်းဆိုရာကို လာခဲ့တာပါ၊ သူ့ကိုယ်စားလှယ်ဆိုပါတော့"

ခါးကုန်းအဘိုးအိုက ဆိုလာလျှင် ဟန်စင်း ပို၍အံ့အားသင့်သွားမိလေသည်။

"ခင်ဗျား စကားပြောတတ်တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်တို့အလုပ်က အလွန်လျှို့ဝှက်နိုင်မှ

အန္တရာယ်ကင်းမှာလေ၊ ဒါကြောင့် အစစအရာရာ သတိထားနေရတာပေါ့"

ဟန်စင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"နေပါဦး၊ နန်းဖွေးက ဘာကြောင့်ကိုယ်တိုင် မလာသလဲ၊ သူ့အတွက် အရေးကြီးတဲ့ကိစ္စပဲ မဟုတ်လား"

"အရေးကြီးတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ရန်သူတွေက သူ့ကိုအကဲခတ်နေကြလို့ လှုပ်ရှားဖို့မလွယ်ကူဘူး ဖြစ်နေတယ်၊ ဒါကြောင့် သူ့ကိုယ်စားကျုပ်တို့တွေက ဝိုင်းဝန်းဆောင်ရွက်ပေးနေရတာပါ"

ခါးကုန်းအဘိုးအို၏စကားကို သူယုံကြည်ရပါမည်လော။

သူ့အား တမင်လှည့်စားကာ စုကျင်းနှင့်ကိစ္စတွင် ကယ်တင်ရှင်အဖြစ် ဖန်တီးခဲ့ခြင်းဆိုလျှင် မည်သို့လုပ်မည်နည်း။

သူ့အားလှည့်စားကာ ဆရာတော်ဂူးဆီမှ သတင်းစကားကို နှိုက်ယူရန်လည်း ဖြစ်နိုင်ပေသည်။

ဟန်စင်းမှာ သံသယအမျိုးမျိုး ဝင်လာမိသည်။

ခါးကုန်းအဘိုးအိုအား စေ့စေ့စပ်စပ် အကဲခတ်ကြည့်ယင်း...

"နန်းဖွေးက ဘာမှာလိုက်သလဲ"

"ဆရာလေးဆီက ဆရာတော်ဂူး တဆင့်ပါးလာမယ့် သတင်းကိုရလိမ့်မယ်တဲ့"

"ထားပါတော့ ခင်ဗျားဟာ နန်းဖွေးရဲ့လူဆိုတာ ကျုပ်က ဘယ်လိုယုံရမှာလဲဗျ"

"ဆရာလေးနဲ့နန်းဖွေး ဆက်သွယ်ထားတာ ဘယ်သူမှသိ



တာ မဟုတ်ဘူး၊ မယုံလို့ မဖြစ်ဘူးလေ"

"ရန်သူက အင်မတန်မှပါးနပ်တော့ ရိပ်မိကောင်းရိပ်မိသွားနိုင်တယ်လေ"

"ဩော်..မောင်ရင်လေးက ကျုပ်ကို မယုံဘူးကိုး"

"မယုံတာ မဟုတ်ပါဘူး၊ အခု ဒီကိစ္စက အရေးကြီးတော့ နန်းဖွေးကိုယ်တိုင်လာမှ သင့်တော်မှာမို့ပါ"

ခါးကုန်းအဘိုးအို၏ မျက်နှာပေါ်တွင် ဝေခွဲရခက်သော အရိပ်အယောင်များ ပေါ်လွင်ထင်ရှားလာ၏။

"ဆရာလေးအနေနဲ့ ကျုပ်တို့ကို အကူအညီပေးဖို့ ဆုံးဖြတ်ထားသလို ဆရာလေးကိုလည်း ကျုပ်ကိုယ်တိုင် သတိပေးကူညီခဲ့ပြီးပြီ မဟုတ်လား၊ ရှင်းရှင်းပြောရယင် ရန်သူတွေက အင်မတန်လျင်ကြတယ်၊ တစ်ချက်ကလေးမှားတာနဲ့ လူအတော်များများ သေကုန်လိမ့်မယ်"

"အင်း..ကျုပ် ကိုယ်တွေ့ကြုံခဲ့ပြီးသားပါလေ"

ဟန်စင်း အသေအချာ စဉ်းစားယင်း တစ်စုံတစ်ခုကို တွေးမိလာ၏။

"ခင်ဗျားဟာ နန်းဖွေးရဲ့ကိုယ်စားလှယ်ဆို မေးခွန်းတစ်ခုတော့ဖြေနိုင်မယ်၊ ဘာလို့လဲဆိုတော့ ကျုပ်ကို အကူအညီတောင်းသူကနန်းဖွေးနဲ့တွေ့ယင် သိချင်ရာကို မေးနိုင်တယ်လို့ဆိုထားပါတယ်၊ ကျုပ်ရဲ့မေးခွန်းကို ဖြေနိုင်မလား"

"ကျုပ်သိသမျှ ဖြေပါ့မယ်"

ဟန်စင်း အားတက်လာ၏။

ပထမမေးခွန်းကို စမေးလိုက်သည်။

"ကောင်းပြီ ဝက်ပါတောင်တစ်ဝိုက်မှာ လှုပ်ရှားနေတဲ့အဖွဲ့က ဘယ်လိုအဖွဲ့မျိုးလဲ"

ခါးကုန်းအဘိုးအိုက သူ့အားတစ်ချက် စိုက်ကြည့်လိုက်ပြီး...

"မဟူရာစံအိမ်က လူတွေပါ"

ဟန်စင်း မျက်လုံးပြူးသွားသည်။

"မဟူရာစံအိမ် ဟုတ်လား"

"ဟုတ်တယ်"

"မဟူရာစံအိမ် သိုင်းလောကက ပျောက်ကွယ်သွားပြီ မဟုတ်လား"

"ကျုပ် လိမ်မပြောဘူး"

"မဟူရာစံအိမ်အကြောင်း ကျုပ်ကိုပြောပြပါလား"

"ကျုပ်တို့က အကြောင်းတစ်ခုကြောင့် အဖွဲ့ဝင်မိန်းကလေး နှစ်ယောက် စေလွှတ်ထောက်လှမ်းခိုင်းခဲ့တယ်၊ ဒါကြောင့်လည်း မဟူရာစံအိမ်က လူတွေဖြစ်တယ်ဆိုတာ သိခဲ့ရတယ်၊ မဟူရာစံအိမ်မှာ အိမ်ဖော်မိန်းကလေး အများအပြားရှိတယ်၊ အားလုံးဟာ သိုင်းပညာထက်မြက်တဲ့ လူတွေချည်းပဲ၊ အရေးမကြီးတဲ့ကိစ္စတွေကို အိမ်ဖော်တွေပဲ စေခိုင်းတက်ကြတယ်၊ ထိပ်တန်းသိုင်းသမားတွေကျတော့ အမျိုးမျိုး ရုပ်ပြောင်းရုပ်လွှဲ လုပ်ထားတယ်၊ ယောကျ်ားက မိန်းမအဖြစ်၊ လူငယ်က အဘိုးအို၊ အဘွားအိုတွေအဖြစ် ဟန်ဆောင်လှုပ်ရှားတတ်ကြတယ်"

"အင်း...ဒါကြောင့် ခန့်မှန်းရခက်နေတာကိုး၊ ရုပ်ဖျက်တာလည်း အတော်ပိရိနေတာကိုး၊ ဒါထက် ခင်ဗျားတို့က ဘယ်အဖွဲ့ကလဲ"



ခါးကုန်းအဘိုးအို ပင့်သက်ရှိုက်လိုက်သည်။

"ကျုပ်တို့က လျှို့ဝှက်တာဝန်တစ်ခု ထမ်းဆောင်နေရတဲ့ အမှန်တရားအဖွဲ့လို့ သိထားယင်ပဲ လုံလောက်ပါပြီ"

အဘိုးအိုက မပြောချင်မှန်းသိ၍ ဟန်စင်းကမေးခွန်းပြောင်းကာမေးလိုက်၏။

"မဟူရာစံအိမ် ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းလို့ရပြီလား"

ခါးကုန်းအဘိုးအို ခေါင်းခါယမ်းလိုက်၏။

"မဟူရာစံအိမ် တကယ်တည်ထားတဲ့ လျှို့ဝှက်နေရာကိုတော့ စုံစမ်းနေဆဲပါ၊ ဒီလျှို့ဝှက်နေရာကို မဟူရာစံအိမ်ပိုင်ရှင်နဲ့လူနည်းစုလောက်ပဲ သိကြတာပါ၊ ကျန်တဲ့လူတွေက ပြင်ပမှာ လျှို့ဝှက်တည်ထားပြီး လျှို့ဝှက်ခိုင်းစေနေတာပါ"

"သူတို့ဟာ ဘာအတွက် လှုပ်ရှားနေတာလဲ"

"ကျုပ်တို့ သိချင်တဲ့ လျှို့ဝှက်ချက်ကို သိချင်လို့ပဲလို့ ယူဆထားလိုက်ပါ"

ခါးကုန်းအဘိုးအိုတို့မှာ မည်သူ့ကိုမျှ ယုံကြည်ဟန်မပြဘဲ လျှို့ဝှက်နေသည်မှာ အဘယ်ကြောင့်နည်းဟု စဉ်းစားမရဖြစ်သွားသည်။

သို့သော် ယခုအဖြေစကားများသည် အမှန်ပင်ဖြစ်သည်ကို သူက နားလည်ထားသည်။

တိတိကျကျ မဟုတ်လျှင်တောင်မှ ရိပ်ဖမ်းသံဖမ်းသိရှိထား

သဖြင့် သူ့အတွက် လှုပ်ရှားရလွယ်ကူသွားပေမည်။

စမ်းတဝါးဝါးဖြစ်စရာအကြောင်း မရှိတော့ချေ။

"မောင်ရင်လေး ဘာမေးချင်သေးလဲ"

"ကျုပ်ရဲ့နဖူးပေါ်မှာ မဟူရာအမှတ်အသား ပြုလုပ်ခံခဲ့ရတယ်၊ အဲဒါ ဘယ်လိုအဓိပ္ပါယ်လဲ"

"ဒါဟာ သိုင်းလောကသားတွေ မသိကြတဲ့ မဟူရာစံအိမ်ရဲ့စည်းကမ်းချက်တစ်ခုပဲ၊ အဲဒီအမှတ်အသားဟာ မဟူရာစံအိမ်ရဲ့ မိတ်ဆွေဆိုတဲ့ အထိမ်းအမှတ်တစ်ခုပဲ၊ ဒါကြောင့် ထန်အင်းက မောင်ရင့်ကို အကူအညီတောင်းခဲ့တာပေ့ါ"

"ဟာ"

ဟန်စင်း အံ့ဩသွားသည်။

မဟူရာအမှတ်အသား ပြုလုပ်ခဲ့သော ဝတ်စုံနက်အဘိုးအိုသည် မဟူရာစံအိမ်မှဖြစ်ကြောင်း ထင်ရှားခဲ့ချေပြီ။

ဆက်စပ်၍ စဉ်းစားလိုက်သောအခါ ဆေးဆရာခုံးစိန်က သူ၏ဒဏ်ရာကို ကုသမပေးရဲသည်မှာ မဟူရာစံအိမ်၏ ခြိမ်းခြောက်ခြင်းကို ခံရသောကြောင့် ဖြစ်ပေမည်ဟု စဉ်းစားမိသည်။

သို့သော် သူစဉ်းစားမရသေးသော အချက်ရှိသေး၏။

မဟူရာစံအိမ်က သူ့ကိုအဘယ်ကြောင့် မိတ်ဆွေအဖြစ် အသိအမှတ်ပြုခဲ့ရသနည်း။

တဆက်တည်း ခါးကုန်းအဘိုးအိုတို့လူစုက တစ်ဘက်မှအကူအညီယူခဲ့ပြီး တစ်ဘက်မှ လျှို့ဝှက်ချက်များအား မပြောလိုခြင်းမှာ မဟူရာအမှတ်အသားကြောင့်ဖြစ်သည်ကို ဆင်ခြင်မိလိုက်သည်။



သူ့အား ယုံကြည်နိုင်သော်လည်း ပတ်သက်ဆက်နွယ်မှုအကြောင်းတရားကို မသိရှိ၍ပင် ဖြစ်ပေလိမ့်မည်။

"ကျုပ်ကို မိတ်ဆွေအဖြစ် သတ်မှတ်တယ်ဆိုတာက ဘာသဘောလဲ"

ခါးကုန်းအဘိုးအိုက အံ့ဩသလိုဖြင့် ကြည့်လာသည်။

ထို့နောက် သက်ပြင်းချကာ...

"ကျုပ်လည်းမပြောတတ်ဘူး၊ အချိန်တန်ယင်တော့ မောင်ရင်သိချင်တာတွေ အလိုလိုသိလာပါလိမ့်မယ်"

"အင်းပေ့ါလေ၊ အဖြစ်အပျက်ကို သိအောင်တော့ စိတ်ရှည်ရှည်ထားရမှာပေ့ါ"

"ကဲ အခုလောက်ဆို ကျုပ်ဟာ နန်းဖွေးရဲ့ကိုယ်စားလှယ်ဆိုတာ ယုံပြီမဟုတ်လား၊ မောင်ရင်ရခဲ့တဲ့ သတင်းကိုသာ ပြောပါတော့"

"ဆရာတော်ဂူးဟာ ရန်သူ့လက်ချက်နဲ့ သေဆုံးသွားတယ်၊ သူ မသေဆုံးမီ စကားတစ်ချို့တော့ ပြောခဲ့တယ်"

"ဘယ်လိုစကားမျိုးလဲ"

"နေဝန်း...စောင့်မျှော် ဆိုတဲ့ စကားပါ"

ခါးကုန်းအဘိုးအို အံ့ဩသွားသည်။

"ဒါ ဘာအဓိပ္ပါယ်လဲ"

"ကျုပ်လည်း မပြောတတ်ဘူး၊ ဆရာတော်ဂူး ပြောသွားနိုင်တာ အဲဒီစကားတစ်ခွန်းတည်းပါပဲ"

ဆရာတော်ဂူးထံမှ စကားဝှက်မှာ စဉ်းစားမရနိုင်လောက်

အောင် ခက်ခဲနေသဖြင့် ခါးကုန်းအဘိုးအို ငိုင်တွေသွားသည်။

ထိုစကားဝှက်အား အဘယ်ကြောင့် နှစ်ဦးနှစ်ဘက် အလုအယက်ဖြစ်နေကြသနည်းဟု မေးမည် စဉ်းစားထားသော ဟန်စင်းမှာ အဘိုးအို၏အမူအရာကိုကြည့်ပြီး မမေးဖြစ်တော့ပါ။

သူ၏အကြောင်း မပြောပြနိုင်သကဲ့သို့ ခါးကုန်းအဘိုးအိုမှာလည်း ဤနည်းအတိုင်းပင် ရှိချေလိမ့်မည်။

လျှို့ဝှက်ချက်ဟူသည် တစ်ဦးတစ်ယောက်တည်းသာ သိထားသင့်သည် မဟုတ်ပါလား။

တွေဝေနေသော အဘိုးအိုက မေးလာသည်။

"မောင်ရင် ထန်အင်းရဲ့အဖြစ်ကိုကော သိပြီးပြီလား"

"ဟုတ်ကဲ့...သိပြီးပါပြီ"

"ကျုပ်ကြားရတဲ့ နောက်ဆုံးသတင်းအရဆိုယင်တော့ သူ့ရဲ့ဒုက္ခတွေအားလုံး ချုပ်ငြိမ်းသွားပါပြီလေ"

"သူ့ကို သတ်ပစ်လိုက်ကြပြီပေါ့"

"တကယ်တော့ သူဟာ ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားခဲ့တာပါ"

ဟန်စင်း စိတ်မကောင်းစွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

အတော်လေးကြာမှ မရှင်းသည့်အချက်အား မေးလိုက်၏။

"ကျုပ်ရဲ့နဖူးမှာ မဟူရာအမှတ်အသား ရှိနေပါလျက်နဲ့ ထန်အင်းက ဘာလို့ယုံကြည်စိတ်ချစွာ အကူအညီတောင်းခဲ့ရတာလဲ"

"မောင်ရင်လေးဟာ အမှန်တရားလိုလားသူ တစ်ယောက်မှန်း ကျုပ်တို့က စုံစမ်းသိရှိထားပါတယ်၊ ပွင့်ပွင့်လင်းလင်းပြောရယင်



နိုက်စွာက မဟူရာစံအိမ်ကို မကြောက်မရွံ့ရင်ဆိုင်မယ့်သူ ဒါမှမဟုတ် မိတ်ဆွေဖြစ်သူမှပဲ အောင်မြင်စွာ ဆောင်ရွက်နိုင်မှာမို့ပါ"

"ဪ"

သူက မရှင်းသည်များကို မေးရန်စိတ်ကူးမိသော်လည်း ခါးကုန်းအဘိုးအို၏စကားကြောင့် လက်လျှော့လိုက်ရသည်။

"ကျုပ်တစ်ခု တောင်းပန်ချင်တာက ဒီထက်ပိုပြီး ဘာမှမသိချင်ပါနဲ့ဦး၊ တစ်နေ့ ကျုပ်ကိုယ်တိုင် လျှို့ဝှက်ချက်တွေအားလုံး မောင်ရင်လေး နားလည်အောင် ရှင်းပြပါ့မယ်၊ ဒါဟာလည်း ကျုပ်တို့ကို ကူညီခဲ့လို့ပါ၊ အခုတော့ အချိန်မကျသေးဘူး"

ဟန်စင်း သက်ပြင်းချကာ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ အခု အကြောင်းတွေ ဘယ်သူ့ကိုမှမပြောပါဘူး၊ ကျုပ်က ခင်ဗျားတို့အကြောင်းကိုလည်း သိချင်ပါသေးတယ်၊ ကဲ ကျုပ်ကိုခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

ဟန်စင်းမှာ အဘိုးအိုအား နှုတ်ဆက်ကာထွက်ခွာလာခဲ့လေတော့သည်။

* * *

ထိုညတွင်းချင်းပင် ဟန်စင်းသည် ထိုက်ယန်မြို့သို့ ခရီးပြင်းနှင်ခဲ့သည်။

ဝမ်းထိန်မြို့၌ သူလှုပ်ရှားစရာအကြောင်း မရှိတော့ပါ။

မဟူရာစံအိမ်...။

သူ၏အတွေးထဲ လွှမ်းမိုးထားသည်မှာ မဟူရာစံအိမ်ဖြစ်သည်။

သူက ခါးကုန်းအဘိုးအိုတို့လူစုနှင့် မဟူရာစံအိမ်တို့ကြားမှ ပြဿနာတွင်ပါဝင်ပတ်သက်ခဲ့သည်။

မဟူရာစံအိမ်မှ လူအချို့ သူ၏လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ သို့သော် မဟူရာစံအိမ်မှ သူ့အားချမ်းသာပေးခဲ့ကြသည်။

အဘယ်ကြောင့်နည်း။ သူမသိသော အကြောင်းတရားတစ်ခုခုတော့ ရှိနေမည်မှာ သေချာလှပေသည်။

သူက အတွေးများစွာဖြင့် ခရီးနှင်ခဲ့ရာ နောက်တစ်နေ့ညနေပိုင်းအချိန်တွင် ထိုက်ယန်မြို့နှင့် နီးကပ်သော ကြားခံမြို့ကလေးသို့ ရောက်ရှိလာသည်။

ထိုအခါမှ ဝမ်းဗိုက် တကြုတ်ကြုတ် ဆာလောင်နေမှန်း သတိပြုမိတော့သည်။ သူက စားသောက်ဆိုင်တစ်ခု အတွင်းသို့ဝင်ကာ စားစရာများ မှာကြားယင်း ဆက်၍စဉ်းစားသည်။

ခါးကုန်းအဘိုးအိုသည် အဖြေစကား အတော်များများပြောခဲ့သော်လည်း ထိပ်တန်းလျှို့ဝှက်ချက်များ မပါရှိသေးပေ။

အဘိုးအို ဆိုခဲ့သလို သေချာသောအချိန်သာ စောင့်ရပေတော့မည်။

သူမှာထားသော စားစရာများ ရောက်လာသဖြင့် အတွေးစများ ပြတ်သွားကာ စားသောက်လိုက်တော့သည်။

* * *

## ထူးခြားသောအဘိုးအို

ဟန်စင်းမှာ အလွန်ပင် ဆာလောင်နေသောကြောင့် အားပါးတရပင် စားသောက်နေလိုက်၏။

မကြာမီ စားသောက်ဖွယ်ရာများ တက်တက်စင်အောင် ပြောင်သွားတော့သည်။

ထိုစဉ်...

"ကြွပါ...ဆရာကြီး...ကြွပါ၊ ဟောဒီဘက်က စားပွဲလွတ်တွေ အားပါတယ်"

စားသောက်ဆိုင်ထဲ ဝင်လာသော ဧည့်သည်အား ဆိုင်လုလင်က နေရာချပေးသံ ထွက်ပေါ်လာသည်။

ဟန်စင်းက ဘာရယ်မဟုတ် လှမ်းကြည့်မိသည်။

ဆိုင်ထဲဝင်လာသူမှာ အသက်ငါးဆယ်ကျော်ခန့် အဘိုးအိုတစ်ယောက်ဖြစ်သည်။

အရောင်တောက်ပသော အဝါရောင်ပိုးဖဲအင်္ကျီဝတ်ဆင်ထားသလို ပြောင်စပ်စပ်နိုင်လှသော မျက်နှာထားရှိသည်။

ရုတ်တရက်ကြည့်လျှင် လူရွှင်တော်တစ်ဦးနှင့်ပင် တူလှပေသည်။

သူက အဘိုးအိုအား အကဲခတ်ကြည့်နေစဉ် အဘိုးအိုက သွားများပေါ်အောင်ပင် ရယ်ပြလာ၏။

"ဟင်"

ဟန်စင်း ကြောင်အမ်းအမ်းဖြစ်သွားရသည်။

ထိုစဉ်မှာပင် အဘိုးအိုက ဆိုင်လုလင်အား အသာအယာ တွန်းထုတ်ယင်း...

"ငါ့မိတ်ဆွေနဲ့ပဲ သွားထိုင်တော့မယ်"

ပြောပြောဆိုဆို ဟန်စင်းထံ လှမ်းလာသည်။

တဖန် စားပွဲတွင် ခပ်တည်တည်ဝင်ထိုင်လိုက်သည်။

ဟန်စင်းက နားမလည်နိုင်စွာဖြင့် ကြည့်နေမိသည်။

ထိုစဉ် ဆိုင်လုလင်တစ်ယောက် ရောက်လာပြီး...

"ဘာသုံးဆောင်မလဲ ခင်ဗျာ"

အဘိုးအိုက လက်ကာပြလိုက်၏။

"ကျုပ်က စားသောက်ရအောင် လာတာမဟုတ်ဘူး၊ ဟောဒီက မိတ်ဆွေလေးနဲ့ အရောင်းအဝယ်လုပ်ဖို့လာတာ"

"ဪ...ဟုတ်ကဲ့ ခင်ဗျာ"

ဆိုင်လုလင်က ရှောင်ထွက်သွားလေသည်။

ဟန်စင်း စဉ်းစားရကြပ်သွားသည်။



အဘိုးအို၏စကားသည် မည်သည့်အဓိပ္ပါယ်ဆောင် နေပါသနည်း။

အဘိုးအိုအား သိကျွမ်းခြင်းမရှိပါချေ။

ဟန်စင်းမှာ အဘိုးအိုအား ငေးစိုက်ကြည့်နေမိသည်။

အဘိုးအိုက အသာအယာပြုံးပြလိုက်သည်။

"ဆရာလေးကို အဖိုးတန်တဲ့ပစ္စည်းတစ်ခု ကျုပ်ပြောပြချင်တယ်"

"ဗျာ"

"ဆရာလေးနဲ့ကျုပ် အရောင်းအဝယ်လုပ်ကြရအောင်"

ဟန်စင်း ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျား လူမှားနေပြီ၊ ကျုပ်က ကုန်သည်မဟုတ်ဘူး၊ ခင်ဗျားက ဘာများရောင်းဝယ်ချင်လို့လဲ"

"အလွန်တရာမှ ရှားပါးလှပြီးဆရာလေးတစ်ယောက်တည်း ဝယ်နိုင်မယ့် ပစ္စည်းပါ"

အဘိုးအိုသည် အကြောင်းထူးရှိ၍ သူ့ကိုလာရောက်ဆက်သွယ်ခြင်းဖြစ်မည်။

"ကျွန်တော်တို့ တွေ့ဖူးလို့လားခင်ဗျာ၊ ကျွန်တော် ဘယ်သူလဲဆိုတာ သိနေလို့လား"

"သိဖို့မလိုဘူးလေ၊ ပစ္စည်းရောင်းတယ်ဆိုတာ မသိသူကျော်သွား သိသူဖော်စား၊ ဒါပဲမဟုတ်လား"

"ဪ..ဒါတော့ ဟုတ်ပါတယ်လေ"

"ကျုပ်အနေနဲ့ အရောင်းအဝယ်လုပ်ငန်းမှာ နှစ်ပေါင်းလေး

ဆယ်လောက် အတွေ့အကြုံရှိခဲ့ပါပြီ၊ ဘယ်ပစ္စည်းကို ဘယ်လိုဝယ်သူ ရောင်းရမယ်ဆိုတာ တစ်ခါမှ မလွဲခဲ့ဘူးလေ"

လူကြီးက အေးအေးဆေးဆေး ပြောနေ၏။

စားသောက်ဆိုင်ထဲမှာ စားသောက်နေသူတွေ ဆယ်ယောက်လောက် ရှိသော်လည်း ဟန်စင်းတို့ဘက်ကို မည်သူမျှ စိတ်မဝင်စားကြပါချေ။

ဟန်စင်းကတော့ ဤအဘိုးအိုသည် နန်းဖွေးတို့ဘက်မှ မဟုတ်လျှင် မဟူရာစံအိမ်ကဖြစ်ရမည်ဟု မှတ်ယူထားမိတော့သည်။

"ဒါထက် ဆရာကြီးနာမည်က ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်ရဲ့နာမည် ဟုတ်လား၊ ကျုပ်ရဲ့နာမည်က ဘာလုပ်မှာလဲ၊ နာမည်က အရေးမကြီးပါဘူး၊ အရေးကြီးတာက ကျုပ်နဲ့မောင်ရင် အရောင်းအဝယ်လုပ်မယ်၊ ပစ္စည်းနဲ့ဈေးညှိပြီးယင် အရောင်းအဝယ်ဖြစ်ပြီ၊ ပြီးတော့ လမ်းခွဲကြရုံပဲပေါ့"

"ထားပါတော့လေ၊ မိတ်ဆွေကြီးရဲ့ပစ္စည်းကို ကျွန်တော်မှုချဝယ်လိမ့်မယ်လို့ ယုံကြည်ထားတယ်ပေါ့"

"ဒါပေါ့လေ..ဒါပေါ့၊ ဟဲ..ဟဲ...လေလုံးထွားတာ မဟုတ်ဘူးနော်၊ ပစ္စည်းကိုကြည့်ပြီးယင် ဆရာလေး သဘောပေါက်သွားမှာပါ"

"ကိုင်း ကြာတယ်ဗျာ၊ ဘာပစ္စည်းလဲ"

"ပစ္စည်းက သိပ်ရှားပါတယ်၊ ဆရာလေး ဝယ်ချင်မှာပါ။ ကျုပ်တောင်းတဲ့ ဈေးကိုလည်း ပေးနိုင်မယ့်သူပါ"

"ကောင်းပြီ ဒါဆို ပစ္စည်းကို ဘယ်မှာလိုက်ကြည့်ရမလဲ



ပြောပါ"

"သည်အနီးအနားမှာပဲ ဆိုပါတော့၊ အခုပဲ လိုက်ခဲ့ပေါ့ ဟုတ်လား"

"ကောင်းပြီလေ"

ဟန်စင်းက စားလက်စ စားသောက်ဖွယ်ရာများအတွက် ကျသင့်ငွေကို ရှင်းပြီး အဘိုးအိုခေါ်ဆောင်ရာ လိုက်သွားလေတော့သည်။

* * *

## အပေးအယူ

မြို့ကလေး၏ မြို့ပြင်တစ်နေရာတွင် ဈေးဟောင်းဆန်လှသော်လည်း အလွန်သားနားထည်ဝါသော အိမ်ကြီးတစ်လုံး ရှိနေ၏။

ထိုနေရာမှဆိုလျှင် မြို့နှင့် ဆယ်မိုင်ခန့်သာ ကွာဝေးပေလိမ့်မည်။

အချိန်က နေဝင်ရီသရော ဆည်းဆာချိန်။

ပဟေဠိဆန်သော အဘိုးအိုက သည်အနီးအနားကလေးတွင်ပါဟု ဆိုသော်လည်း အတော်ဝေးဝေးလျှောက်လိုက်ရသည်။

အိမ်ကြီး၏ တံခါးမကြီးကို မပိတ်ဘဲ စေ့ရုံသာစေ့ထားရာ အဘိုးအိုသည် တံခါးကို တွန်းဖွင့်ကာ ဦးဆောင်၍ဝင်သွားလေသည်။

အိမ်ကြီးမှာ အပြင်ဘက်က ကြည့်လျှင် သားနားသလောက် အတွင်းမှာ မှောင်မည်းတိတ်ဆိတ်နေ၏။



မီးရောင် လုံးဝမမြင်ရပါ။

လူရိပ်လူရောင်လည်း မတွေ့ရပါ။

အဘိုးအိုကတော့ တစ်မျိုးမျိုး မျက်လှည့်ပြလိမ့်မည်ဟု ထင်ရလေသည်။

"သည်မှာ မိတ်ဆွေကြီး သည်နေရာက ဘယ်လိုနေရာမျိုးပါလိမ့်"

"ဩော်..ကုန်ပစ္စည်းသိုလှောင်တဲ့ ဂိုဒေါင်ကြီးတစ်လုံးပါမောင်ရင်"

"ဗျာ၊ သည်လောက်ကောင်းတဲ့ အိမ်ကြီးကို ပစ္စည်းထားတဲ့ ဂိုဒေါင်အဖြစ် သုံးရသတဲ့လားဗျာ"

"ဟုတ်ပါ့ဗျာ၊ တိတိကျကျပြောရယင်တော့ သည်အိမ်ကြီးကိုယာယီငှားသုံးတာပါ၊ အကြောင်းကတော တချို့အဖိုးတန်ပစ္စည်းတွေထားဖို့ ဂိုဒေါင်တွေ လိုတယ်မဟုတ်လား၊ ဟား..ဟား"

အဘိုးအိုက ရယ်နေပြန်၏။

ဟန်စင်းစိတ်ထဲမှာ မသင်္ကာဖြစ်မိလေပြီ။

"တချို့ပစ္စည်းတွေဆိုတာ ဘယ်လိုပစ္စည်းမျိုးကို ဆိုလိုတာလဲဗျာ"

"သိပ်ရှားပါးတဲ့ ပစ္စည်းမျိုးဆိုပါတော့၊ ဝယ်မယ့်သူက တစ်ဦးတစ်ယောက်ပဲ ဖြစ်ချင်ဖြစ်နေနိုင်တဲ့ ပစ္စည်းမျိုးပါ၊ လူတိုင်းဈေးပေးပြီးဝယ်နိုင်တာမျိုး မဟုတ်ပါဘူး"

ပြောရင်းကပင် အိမ်ကြီး၏တတိယခြံဝင်းအတွင်းသို့ ရောက်လာခဲ့လေပြီ။

ခန်းမကြီးတစ်ခုအတွင်းသို့ ရောက်လာလျှင် ဟန်စင်းက မေးသည်။

"ကိုင်း...ခင်ဗျား ရောင်းမယ်ဆိုတဲ့ပစ္စည်းက ဘယ်မှာလဲဗျ"

"မြေအောက်ခန်းထဲမှာ အသေအချာ သိမ်းထားပါတယ်လေ"

"ဗျာ..မြေအောက်ခန်း"

"ဘာမှ တွေးပူမနေပါနဲ့၊ တစ်ဦးနဲ့တစ်ဦး အရောင်းအဝယ်လုပ်ရာမှာ ပစ္စည်းကိုကြည့်ပြီးမှ ဈေးစကားပြောကြတာပေါ့ မောင်ရင်"

"ကောင်းပြီလေ၊ ယုံကြည်စိတ်ချစွာနဲ့ လိုက်ကြည့်ပါ့မယ်၊ ကျုပ်ဆိုတဲ့ကောင်က ဘာကိုမှ သိပ်မမှုပါဘူး၊ အဲ မိတ်တွေကြီး ဘယ်အဖွဲ့ကလည်းဆိုတာတော့ ပြောလို့ရပြီ ထင်တယ်နော်"

"ဩော်...ဒါပေါ့...ဒါပေါ့..ပြောပြရမှာပေါ့၊ ကျုပ်ရဲ့ဘွဲ့ထူးက သိုင်းလောကမှ ပွဲစားတဲ့ နာမည်ရင်းကတော့ မုစန်းတဲ့"

"သိုင်းလေကမှာပဲ အရောင်းအဝယ်လုပ်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပါ့ဗျာ"

အဘိုးအိုသည် သိုင်းလောကသားတစ်ဦးမို့ ခပ်လည်လည်ထဲကပဲဖြစ်မည်။

ပွဲစားဆိုတာကတော့ သူပေါက်ကရပြောသော နာမည်ပင်ဖြစ်ပေလိမ့်မည်။

"ကိုင်း ဒါဆို ပွဲစားရောင်းမယ့်ပစ္စည်းကို ကြည့်ကြရအောင်"



"ကောင်းပြီလေ"

မုစန်းဆိုသော အဘိုးအိုက ပိုးလိုက်ကာကလေးတစ်ခုဆီ လျှောက်သွားပြီး ပိုးသားလိုက်ကာကလေး နံဘေးမှ ခလုတ်တစ်ခုကို နှိပ်လိုက်သောအခါ ခန်းမကြီးအတွင်းမှ လေးထောင့်စားပွဲတစ်လုံးသည် လည်ထွက်သွားပြီး အလိုအလျှောက် ရွှေ့လျားသွားသည်ကို မြင်လိုက်ရပေသည်။

စားပွဲရွှေ့သွားသည်နှင့် ကြမ်းပြင်ပေါ်တွင် လိုဏ်ခေါင်းအဝတစ်ခု ပေါ်လာ၏။

ဝိုးတဝါး အလင်းရောင်အောက်တွင် အောက်ဘက်သို့ဆင်းသွားသော ကျောက်သားလှေကားထစ်များကို တွေ့ရလေသည်။

"ကိုင်း လာ..မောင်ရင်၊ ကျုပ်နောက်ကသာ လိုက်ခဲ့ပေတော့၊ ကျုပ် ရှေ့ကလမ်းပြသွားမယ်"

အဘိုးအိုက ခေါ်နေပေပြီ။

အတွင်းကို ဝင်လိုက်သွားသင့်သလား။

ယန္တရားတွေဖြင့် ထောင်ချောက်ဆင်ထားလျှင် မည်သို့လုပ်မည်နည်း။သို့ပေမယ့် သည်နေရာရောက်မှတော့ နောက်တွန့်၍မဖြစ်ချေ။

အရေးကြုံလျှင် အဘိုးအိုကို အလျှင်ချုပ်ကိုင်ထားရမည်ဖြစ်ပေသည်။ သူသည် အဘိုးအိုနောက် ကပ်လိုက်၍ မြေအောက်ခန်းထဲ ဆင်းသွားလေသည်။

ရှေ့ကဆင်းသွားနေသော အဘိုးအိုက သွက်လက်လှသည်။ သူက ဓားရိုးကို တင်းတင်းဆုပ်ကိုင်ကာ ဆင်းလိုက်သွား

သည်။ လှေကားက ခပ်တိုတိုပင်ဖြစ်သည်။

အောက်ခြေမှာ တံခါးပေါက်လေးခုရှိနေကြောင်း တွေ့ရ၏။

ဘယ်ဘက်ခြမ်းမှာ တံခါးပေါက်နှစ်ခု။

ညာဘက်ခြမ်းမှာ တံခါးပေါက်နှစ်ခု။

တံခါးတွေက သံဘောင်တံခါးစစ်စစ်တွေ ဖြစ်ပေတော့သည်။ ပြောရလျှင် မှောင်မည်းနေသော အကျဉ်းစခန်းနှင့်ပင်တူနေပေတော့၏။

"ဟဲ...ဟဲ"

အဘိုးအိုက ခြောက်ကပ်ကပ်အသံကြီးဖြင့် ရယ်လိုက်သည်။

"ကဲ...ဆရာလေး သည်က ခဏစောင့်၊ ကျုပ်ပစ္စည်းကိုသွားယူလိုက်ဦးမယ်"

လှောင်သလိုလို ပဟေဠိဆန်ဆန်ပြောပြီး ညာဘက်ခြမ်းက တံခါးတစ်ပေါက် ဆွဲဖွင့်ကာ အထဲသို့ဝင်သွားသည်။

ပြီးတော့ တံခါးကို ပြန်ဆွဲပိတ်သွားရာ ဝုန်းခနဲမြည်သံကြီး ကပဟိန်း၍ထွက်ပေါ်လာသည်။

လူမရှိသော အိမ်ကြီးတစ်အိမ်။

မြေအောက်ခန်း ဝိုးတဝါး အလင်းရောက်အောက်မှာ ဟန်စင်းတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

"ဟင်း"

သက်ပြင်း မသိမသာချယင်း ဓားရိုးကို တင်းတင်းဆုပ်ကိုင်ကာအသင့်အနေအထားဖြင့် စောင့်နေမိလေသည်။

* * *

ဓားစာခံ

"ချလွမ်"

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို အသံတစ်သံက ဖျက်ဆီးလိုက်၏။

တပြိုင်နက်တည်းမှာ ညာဘက်ခြမ်းရှိ ဒုတိယတံခါးအလယ်မှာအဝိုင်းပေါက်ကလေးတစ်ခု ပေါ်လာ၏။

ထိုစဉ် ဉာဏ်အတော်များပုံရသော ပွဲစားမုစန်း၏အသံကို ကြားလိုက်ရသည်။

"ကိုင်း...ဆရာဟန်စင်း သိပ်စိတ်ဝင်စားတဲ့ပစ္စည်းကို ကြည့်နိုင်ပါပြီ၊ မီးလင်းနေတဲ့ အခန်းကလေးထဲမှာပါ ဟဲ ဟဲ ဟဲ"

ခြောက်ကပ်သော ရယ်သံကြီးသာ မြေအောက်ခန်းအတွင်းမှာပဲ့တင်ထပ်၍ ကျန်ရစ်သည်။

မုစန်းကိုတော့ မတွေ့ရချေ။

ရောင်တိမ်း၍သွားပုံရသည်။

ဟန်စင်း ရင်လေးစွာနှင့် မီးရောင်ထွက်နေသော အပေါက်ဝိုင်းလေးဆီသွားကာ တဖြည်းဖြည်း ချဉ်းကပ်မိလေသည်။

"ဟင်"

အပေါက်ကလေးမှ အခန်းတွင်းသို့ လှမ်းမြင်ရသောအခါတွင်မှာတော့ ဟန်စင်းတစ်ယောက် ဝုန်းခနဲ ဒေါသများ ဆူဝေလာသည်။

အခန်းတွင်းရှုခင်းကတော့ တံခါးနောက်မှာ အိပ်ခန်းအသွင်ဖြင့် ဖွဲ့စည်းထားသည်။

ခုတင်နှင့် အသုံးအဆောင်ပစ္စည်းများက သားသားနားနား အဖိုးတန်တွေဖြစ်သည်။

မွေ့ရာ၊ ခြင်ထောင်စသည်တို့မှာလည်း အဖိုးတန်ပိုးဖဲကတ္တီပါစသည်များ ဖြစ်နေ၏။

ပန်းနုရောင် ဇာခြင်ထောင်ကို အသာလှပ်ထားရာ အိပ်ရာပေါ်မှ အမျိုးသမီးကို မြင်နေရသည်။

ခုတင်ပေါ်တွင် လှဲနေသူမှာ သူ၏ချစ်သူယွင်ကူး ဖြစ်နေသည်။

ရန်သူက ယွင်ကူးကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ထားသည်။

လောလောဆယ်တွင် ယွင်ကူး ခုတင်ပေါ်မှာ မောပန်းနွမ်းလျစွာ အိပ်ပျော်နေသည်။



အခန်းတွင်းမှာ ယွင်ကူးတစ်ယောက်တည်း ရှိနေသည်မဟုတ်ပါ။

မျက်နှာထား ခက်ထန်တင်းမာလှသော အမျိုးသမီးနှစ်ယောက်က ယွင်ကူးကိုစောင့်နေပြီး ခုတင်ခြေရင်းမှာ ထိုင်ငိုနေသောယွင်ကူးမိခင် ယွင်လန်းကိုယ်တိုင် ရှိနေသည်။

အစောင့်မိန်းမပျိုနှစ်ယောက်၏ လက်တွင်းမှာ ပြောင်လက်ဝင်းဝင်းတောက်နေသော သံဆူးချွန်များကိုကိုင်ထားသည်။

ရန်သူသည် ယွင်ကူးတို့သားအမိအား ဓားစာခံလုပ်ထားပြီ။

အဘယ်ကြောင့် သူတို့အား ဓားစာခံလုပ်ထားရသနည်း။

သူက တွေးတောစဉ်းစားနေစဉ်မှာပင် တံခါးပေါက်ပြန်ဝိတ်သွားသည်။

ဟန်စင်း နောက်ကြောင်း ပြန်လှည့်ခဲ့ရသည်။

ထို့နောက် မုစန်းဝင်သွားသော တံခါးဆီ မျက်နှာချင်းဆိုင်လိုက်သည်။

ထိုစဉ် မုစန်း၏အသံ ဒုတိယအကြိမ် ထွက်ပေါ်လာပြန်သည်။

"ဘယ့်နှယ်လဲ ဟန်စင်း၊ ရောင်းမယ့်ပစ္စည်းကို တွေ့ပြီနော်၊ ဘယ့်နှယ်လဲ ဝယ်လိုစိတ်ရော ရှိသလား"

"လူယုတ်မာ...ထွက်ခဲ့စမ်း"

ဟန်စင်း ဒေါသပေါက်ကွဲကာ အသံကုန်အော်ဟစ်ပစ်လိုက်လေသည်။

မုစန်းကား အပြုံးမပျက် ရှိနေ၏။

"မိတ်ဆွေလေးက အတော်ဒေါသကြီးတာပဲကိုး၊ အရောင်းအဝယ်တစ်ခုလုပ်ဖို့ စိတ်ရှည်ရတယ်၊ ကျုပ်အနေနဲ့ အခုကိစ္စမှာ မိတ်ဆွေလေးကို အတင်းအကြပ် မတိုက်တွန်းလိုပါဘူး၊ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ပါ"

ဟန်စင်း အံကြိတ်လိုက်သည်။

"ခင်ဗျားက မဟူရာစံအိမ်ကလူ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ မိတ်ဆွေလေးကတောင် ကျုပ်တို့အကြောင်းသိနေပြီကိုး၊ ချီးကျူးပါတယ်ဗျာ"

နာမည်ကြီးကာ ကြောက်စရာကောင်းခဲ့ဖူးသော မဟူရာစံအိမ်နှင့် ရင်ဆိုင်နေရချေပြီ။

ရန်သူမှာ အကွက်စေ့လှ၍ ဟန်စင်းမှာ ဒေါသကိုထိန်းကာ စိတ်ကိုတည်ငြိမ်အောင် ကြိုးစားလိုက်သည်။

လတ်တလော ရင်ဆိုင်နေရသော ပြဿနာမှာ သိုင်းပညာဖြင့် ဖြေရှင်းရမည့်အခြေအနေ မဟုတ်ပါ။

ဉာဏ်သုံး၍ ယွင်ကူးတို့သားအမိအား ရန်သူ့ဘက်မှ လွတ်မြောက်အောင် ကယ်တင်ရန်ပင်ဖြစ်သည်။

အံ့ဩစရာကောင်းသည်မှာ မဟူရာစံအိမ်သည် သူ၏နဖူးတွင် မဟူရာအမှတ်အသား ခပ်နှိပ်ပြီး မိတ်ဆွေအဖြစ်သတ်မှတ်ထားသည်ဆိုပြီးမှ ယွင်ကူးတို့သားအမိအား ဖမ်းချုပ်ပြီး မိမိကိုအကြပ်ကိုင်ဖို့ အဘယ်ကြောင့် ကြံစည်ရသနည်း။

ဟန်စင်း တွေးမရအောင် ဖြစ်မိသည်။

"မှစန်း ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်ရတာလဲ"



"အရောင်းအဝယ်လုပ်တာပါလို့ ကျုပ်စောစောကတည်းက ကျေညာပြီးသားပဲ"

"ခင်ဗျား ဘာလိုချင်သလဲ ပြောပါ"

"ဆရာလေး ဝယ်မယ်ပေါ့"

"ဆိုပါတော့"

"ဈေးက မျှမျှတတရှိပါတယ်၊ သက်မဲ့ပစ္စည်းတစ်ခုနဲ့ သက်ရှိအရာဝတ္ထုနှစ်ခုကို လဲလှယ်ရမှာပါ"

ဟန်စင်း စိတ်မရှည်ဘဲ ဖြစ်သွားသည်။

"ခင်ဗျား ဘာဆိုလိုလဲ ရှင်းရှင်းပြောယင် ကောင်းမယ်၊ ကျုပ် စိတ်မရှည်တော့ဘူး"

"စိတ်မဆိုးပါနဲ့ဗျာ၊ သတ်မှတ်ထားတဲ့ကြေးက ဆရာလေးကိုင်ဆောင်ထားတဲ့ ဓားနဲ့ပါ"

"ဟာ"

ဟန်စင်း တုန်လှုပ်သွားရသည်။

ဤဓားသည် လူတစ်ယောက်ထံမှ လက်ဆောင်ရထားခြင်းဖြစ်သည်။

သူ့အနေဖြင့် တန်ဖိုးထားကာကွယ်ရန် တာဝန်ရှိနေပေသည်။

ဟန်စင်း ပင့်သက်ရှိုက်လိုက်သည်။

"သူတို့နှစ်ယောက်ကို ပြန်ရဖို့ ဒီဓားနဲ့လဲမှဖြစ်မယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာကြောင့် ဒီဓားနဲ့မှ လဲချင်ရတာလဲ"

မုစန်း ဟက်ခနဲ ရယ်လိုက်၏။

"ဘာကြောင့်လဲဆိုယင် ဒီဓားဟာ ကြေးနီဓားဖြစ်နေလို့ပေါ့"

ဟန်စင်း ပို၍အံ့သြသွားသည်။

"ခင်ဗျားက တိကျလှချည်လား"

"ကျုပ် အကဲခတ်ယင် လွဲခဲပါတယ်၊ ဒီဓားဟာ သိုင်းလောကမှာကျော်ကြားခဲ့တဲ့ ကြေးနီဓားဖြစ်နိုင်ဖို့များတယ်"

ဟန်စင်းက မုစန်းအား ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ကျုပ်က မလဲဘူးဆိုယင်ကော"

ဟန်စင်း၏စကားကြောင့် မုစန်း သဘောကျစွာ ရယ်လိုက်သည်။

"သေသေချာချာ စဉ်းစားပါဦး၊ အကယ်၍သာ သဘောမတူဘူးဆိုယင် မင်းရဲ့ကောင်မလေး သေတာထက်ဆိုးမယ့် အဖြစ်မျိုးနဲ့ကြုံရလိမ့်မယ်"

"ခင်ဗျား"

ဟန်စင်းမှာ ဒေါသထွက်လွန်း၍ အသားများပင် တဆတ်ဆတ်တုန်ယင်လာလေသည်။

မဟူရာစံအိမ်၏ လူမဆန်မှုကို ကောင်းစွာသဘောပေါက်နားလည်ထားသည် မဟုတ်ပါလား။

ယွင်ကူးသာ ထန်အင်းကဲ့သို့ ဘဝဆုံးမည်ဆိုလျှင်…

ဟန်စင်း ဆက်၍မတွေးဝံ့တော့ပါ။

ထိုစဉ် မုစန်း၏အသံ ထွက်ပေါ်လာပြန်သည်။



"ဘယ်လိုလဲ ဟန်စင်း၊ အရောင်းအဝယ်ကိစ္စကို သဘောတူပြီလား"

မုစန်း၏အသံမှာ မြေအောက်ခန်းအတွင်း၌ ပဲ့တင်ထပ်၍သွားလေသည်။

ဟန်စင်း စိတ်တည်ငြိမ်အောင် ကြိုးစားယင်း ဆုံးဖြတ်ချက်ချနိုင်ဖို့ကို အတော်ကြိုးစားနေရသည်။

နောက်ဆုံးတော့ ယွင်ကူးတို့ သားအမိအား လျစ်လျူရှုမနေနိုင်သဖြင့် အလျှော့ပေးလိုက်ရတော့သည်။

"ကောင်းပြီ၊ အလဲအလှယ်လုပ်ဖို့ ကျုပ်သဘောတူပါပြီ"

"မင်း တကယ်ပြောတာလား၊ ပြီးမှ စိတ်ပြောင်းသွားယင်"

သူ၏စကားမဆုံးမီ ဟန်စင်းက ကြားဖြတ်ပြောလိုက်၏။

"ကျုပ်က ယောကျ်ားပါ၊ ပြောပြီးသားစကားကိုလည်း တည်တယ်ဆိုတာ မှတ်ထားပါ"

"ကောင်းပြီ၊ ဒါဆိုယင် မင်းရဲ့ကြေးနီဓားကို ချထားခဲ့ပါ၊ အပြင်ဘက်ခန်းမမှာ စောင့်နေ။ သူတို့ကို ပြန်လွှတ်ပေးလိုက်မယ်"

"ဘာလဲ ကျုပ်ဓားကို အရင်ထားခဲ့ရမှာလား"

"ယုံစမ်းပါ ဟန်စင်းရာ၊ ကဲ အခု မောင်ရင်ပြန်လိုချင်တဲ့ လူနှစ်ယောက်ကို လွှတ်ပေးလိုက်ပြီ"

"ဟင်း"

ဟန်စင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် ကြေးနီဓားကို ချောင်ကျကျစားပွဲတစ်လုံးပေါ်အသာတင်ထားလိုက်သည်။

ဓားကို ကျောခိုင်းမထွက်မှ သူကစိတ်ထဲ တိုင်တည်မိ၏။

"ဒီဓား လူယုတ်မာတွေရဲ့လက်ထဲ အမြဲမရှိစေရဘူး၊ မကြာခင် ပြန်ယူမယ်"

သူက ဓားကိုလှည့်မကြည့်ဖြစ်အောင် သတိထားပြီး ကျောခိုင်းထွက်ခဲ့တော့သည်။

* * *

အပြင်ခန်းမအတွင်းမှာတော့ မီးရောင်က လင်းနေပြီဖြစ်သည်။

မီးရောင်အောက်၌ ကုလားထိုင်တစ်လုံး ချထားလေသည်။

ကုလားထိုင်ပေါ်၌ကား ယွင်ကူးရှိနေ၏။

စောစောက မြေတိုက်ခန်း ခုတင်ပေါ်၌ အိပ်ပျော်နေခဲ့သော ယွင်ကူးမှာ ယခုမူ ကုလားထိုင်ပေါ်၌ ငိုင်တွေလျက် ထိုင်နေ၏။

သူမကို လှမ်းကြည့်ရုံနှင့်ပင် အင်အားချည့်နဲ့နေ၍ဖြစ်ကြောင်း သိသာနေသည်။

ဟန်စင်း သူမ၏အနီးသို့ ကပျာကယာလျှောက်သွားပြီး လက်ကလေးအား အသာအယာ ဆုပ်ကိုင်ကာ...

"ညီမ ဘာမှမဖြစ်ဘူးနော်"

"အစ်ကိုရယ်၊ ညီမတော့ အစ်ကိုနဲ့ဝေးပြီထင်တာ၊ ရန်သူက သိပ်ကြောက်စရာကောင်းတာပဲ"

မျက်ရည်များ ရစ်ဝဲလာယင်းက ယွင်ကူး တိုးတိုးလေးဖြေ



လိုက်သည်။

"ဒေါ်ဒေါ်ရော"

"ညီမတို့ထက် အရင် ပြန်လွှတ်လိုက်ပြီ"

"တစ်နေ့တော့ ဒီလူတွေကို ကောင်းကောင်းဆုံးမပစ်မယ်"

ယွင်ကူး စိတ်မကောင်းဟန်ဖြင့်...

"ညီမတို့သားအမိ လွတ်မြောက်ဖို့အတွက် အစ်ကို့ဓားဆုံးရှုံးခဲ့ပြီနော်"

"ညီမ ဒီကိစ္စကို သိတယ်"

"အင်း...သူတို့က အစ်ကို့ဆီက ကြေးနီဓားရမှ ပြန်လွှတ်ပေးမယ်လို့ ခြိမ်းခြောက်ထားတာ"

"ဒါတွေ ပြောမနေပါနဲ့တော့ ရန်သူက ဒီလောက်တောင် အတင့်ရဲတာ ထူးဆန်းတယ်၊ ဘယ်လိုများဖြစ်ခဲ့တာလဲ"

"ဦးလေးကို လိုက်ပို့ပြီးအပြန်မှာ လူတစ်စု တိုက်ခိုက်လာတာ၊ သူတို့က မေမေ့ကို အယင်ဖမ်းခေါ်သွားကြတယ်၊ ညီမက ရန်သူတွေကို ရင်ဆိုင်နေတုန်း နောက်ထပ်အမျိုးသမီးကြီး တစ်ဦး ရောက်လာပြီး သွေးကြောပိတ်ဖမ်းဆီးခဲ့တော့တာပဲ"

"အမျိုးသမီးကြီး ဟုတ်လား"

"ဟုတ်တယ်၊ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားဝတ်ဆင်ထားပြီး မျက်နှာမှာ ဓာပုဝါနက်ဖုံးအုပ်ထားတဲ့ အမျိုးသမီးတစ်ယောက်ပဲ၊ သူ့ရဲ့သိုင်းပညာ အတော်ကြောက်စရာကောင်းတယ်"

ထိုအမျိုးသမီးမှာ မဟူရာစံအိမ်မှ အရေးပါသူတစ်ဦးဖြစ်ရ

မည်ဟု ဟန်စင်းတွက်ဆလိုက်မိသည်။

"ကဲပါ ညီမရယ်၊ အစ်ကိုတို့ ဒီနေရာက သွားကြပါစို့"

သူက ယွင်ကူးအား အသာအယာဆွဲထူကာ အဆောက်အအုံထဲမှ ထွက်လာခဲ့ကြလေတော့သည်။

* * *

## မေတ္တာဟူသည်

ချယ်ရီဂေဟာ...။

ဟန်စင်းသည် ယွင်ကူးအား ချယ်ရီဂေဟာသို့ ပြန်ပို့ပေးခဲ့သည်။

ယွင်လန်းသည် ဦးစွာရောက်နေပြီး ဧည့်ခန်းရှိ ထိုင်ခုံတစ်လုံးတွင် မျက်နှာမသာမယာဖြင့် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

ယွင်ကူးသည် အလွန်ပင် အားအင်ဆုတ်ယုတ်နေသောကြောင့် အခန်းတွင်းသို့ ပို့ဆောင်ကာ အနားယူခိုင်းခဲ့ရသည်။

ယွင်လန်းက ဟန်စင်းအား အသာခေါ်ထုတ်သွားပြီး...

"သမီးလေးရဲ့ အခြေအနေကို ငါတူ မြင်တယ် မဟုတ်လား"

တုန်ယင်သောလေသံဖြင့် ပြောလာသည်။

ဟန်စင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ရန်သူတွေက အဆိပ်များခတ်လိုက်သလား မသိဘူး"

"သေချာတာပေါ့ကွယ်"

"ဗျာ..ဒါဖြင့် ယွင်ကူး အဆိပ်မိနေပြီပေါ့ ဟုတ်လား"

ဟန်စင်း အထိတ်တလန့်ဖြင့် မေးလိုက်၏။

"ထိုင်ပါဦးကွယ်"

နှစ်ယောက်သား ဧည့်ခန်းတွင်း မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

ယွင်လန်းက ဆေးပုလင်းတစ်လုံးအား ထုတ်ယူကာ စားပွဲပေါ်တင်လိုက်၏။

ပုလင်းထဲတွင် အဖြူရောင်ဆေးလုံးနှင့် အနီရောင်ဆေးလုံး နှစ်လုံးစီရှိလေသည်။

ဟန်စင်းက နားမလည်နိုင်စွာဖြင့် ကြည့်လိုက်၏။

ယွင်လန်းက မျက်နှာမသာမယာဖြင့် ပြောလာသည်။

"သမီးလေးကို သူတို့က 'သုံးရက်အဆိပ်' ကိုတိုက်ကျွေးခဲ့တယ်"

"သုံးရက်အဆိပ် ဟုတ်လား၊ ဘယ်လိုအဆိပ်မျိုးလဲ"

"အဆိပ်မိပြီး လူဟာ အင်အားဆုတ်ယုတ်လာတယ်၊ ပြီးတော့အသားအရေတွေပါ ပြောင်းလဲလာပြီး သုံးရက်ပြည့်တဲ့နေ့ကျယင် ဘယ်ဖြေဆေးမှ မတိုးတော့ဘဲ အဆိပ်တန်ခိုးပြပြီး သေဆုံးရတာပါပဲ"



"အတော် ထူးဆန်းတာပဲ"

"ဟုတ်တယ်၊ သုံးရက်အဆိပ်မိတဲ့လူဟာ သုံးရက်မပြည့်မီ နှစ်ရက်အတွင်း ဖြေဆေးသောက်ရမှဖြစ်မယ်"

ဟန်စင်းက စားပွဲပေါ်မှ ဆေးပုလင်းအား တစ်ချက်ကြည့်ယင်း...

"ဒီဆေးတွေက ဘာတွေလဲ ဒေါ်ဒေါ်"

ယွင်လန်း သက်ပြင်းချလိုက်၏။

"သူတို့က ဒေါ်ဒေါ့်ကို လွှတ်လိုက်တုန်းက ဒီဆေးပုလင်းကိုပါ ပေးလိုက်တယ်"

ဟန်စင်း မျက်မှောင်ကုပ်သွားသည်။

"ဘာအဓိပ္ပါယ်နဲ့လဲ"

ယွင်လန်းက စိတ်ကို ကြိုးစားထိန်းချုပ်လိုက်ပြီးမှ..

"ဒီဆေးနှစ်မျိုးထဲမှာ တစ်မျိုးက အဆိပ်ဖြစ်ပြီး သောက်လိုက်တာနဲ့ မကြာခင် သေဆုံးသွားနိုင်တယ်၊ နောက်တစ်မျိုးကတော့ အဆိပ်ဖြေဆေးပဲ၊ အတွင်းအားကောင်းသူမှ ဖြေဆေးနဲ့အဆိပ်ခွဲခြားတတ်မယ်လို့ပြောတယ်"

ဟန်စင်း၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

အတန်ကြာမှ သူက မချိပြုံးပြုံးလိုက်ကာ...

"ကျွန်တော် သဘောပေါက်ပါပြီ ဒေါ်ဒေါ် သူတို့ဟာ တမင်ကျွန်တော်နဲ့ယွင်ကူးတို့ရဲ့ ကံကြမ္မာကို စမ်းသပ်လိုက်တာပဲ၊ အဆိပ်နဲ့ဖြေဆေးခွဲခြားဖို့ ကျွန်တော်ကိုယ်တိုင် လုပ်ဆောင်ရအောင် အကွက်ဆင်လိုက်တာပဲ"

ယွင်လန်းက မျက်ရည်များ စီးကျလာသည်။

"သမီးကိုကယ်ပါဦး ငါ့တူရယ်၊ ဒီဆေးပုလင်းထဲမှာ သမီးလေးကို ကယ်နိုင်တဲ့ အဆိပ်ဖြေဆေးပါနေတယ်၊ အဒေါ်က စမ်းသပ်ဖို့ စိတ်ကူးပေမယ့် သိုင်းပညာမတတ်တော့…"

သူမက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ ငိုကြွေးလိုက်၏။

ဟန်စင်းက အားပေးနှစ်သိမ့်လိုက်၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဒေါ်ဒေါ်ရယ်၊ ဒီဆေးလုံးကို ကျွန်တော်သောက်ပြီး ရွေးချယ်လိုက်ပါမယ်"

ယွင်လန်းက သူ့အား မျက်လုံးပြူးကာ ကြည့်ယင်း…

"ငါ့တူ သေသေချာချာ စဉ်းစားပါဦး၊ ဖြေဆေးဆိုယင် အကြောင်းမဟုတ်ပေမယ့် အဆိပ်ဆိုယင်…"

သူမ စကားရပ်သွားသည်။

ပြီးမှ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ပါဘူး ငါ့တူရယ်၊ ဒေါ်ဒေါ်တို့ထိုက်နဲ့ ဒေါ်ဒေါ်တို့ကံပဲရှိပါစေတော့၊ ငါ့တူကို ဒုက္ခမရောက်စေချင်ဘူး၊ သမီးရယ် ကံဆိုးလှချည်လားကွယ်"

ယွင်လန်းက ဝမ်းနည်းပက်လက် ငိုကြွေးလိုက်သည်။

သူမသည် ယွင်ကူးသေဆုံးသွားမည်ကို မလိုလားသလို ဟန်စင်းဒုက္ခရောက်မည်ကိုလည်း မလိုလားနိုင်ပဲ ရှိနေ၏။

သမီးဖြစ်သူ အသက်ရှင်ပြီး ဟန်စင်းသေဆုံးသွားလျှင်လည်း သူမအနေဖြင့် သမီးအတွက် စိုးရိမ်မိသည်။

ယွင်ကူးသည် ဟန်စင်းအား အလွန်ချစ်မြတ်နိုးကြောင်း



ကောင်းစွာသိထားသည် မဟုတ်ပါလား။

သူမကိုယ်တိုင်လည်း သိုင်းပညာမတတ်သူမို့ အလွန်ထူးဆန်းသည့် ဖြေဆေးနှင့်အဆိပ်အား ခွဲခြားနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဘာတစ်ခုမျှ လုပ်ဆောင်နိုင်ခြင်းမရှိသော သူမသည်ငိုကြွေးရုံမှတပါး မတတ်နိုင်တော့ချေ။

ဟန်စင်းမှာလည်း ယွင်လန်း၏အဖြစ်အား ကောင်းစွာဆင်ခြင်တွေးတောမိလေသည်။

သူသည် သက်ပြင်းတစ်ချက်ချကာ ဆေးပုလင်းအား ငေးကြည့်နေ၏။

ထို့နောက် ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် ဆေးပုလင်းအား ကောက်ယူလိုက်၏။

ယွင်လန်းက ငိုကြွေးရာမှရပ်တန့်ကာ…

"ငါ့တူ ဘာလုပ်မလို့လဲ"

ဟန်စင်းက ဆေးပုလင်းအား ဖွင့်ကာ ဆေးလုံးများအား သွန်ချလိုက်ပြီး ယွင်လန်းအား ပြုံးပြလိုက်သည်။

"စိတ်မပူပါနဲ့ ဒေါ်ဒေါ်၊ ညီမ ဘာမှမဖြစ်စေရပါဘူး"

ယွင်လန်း မျက်လုံးပြူးသွား၏။

"မင်းက‥"

"ကျွန်တော် ယွင်ကူးကို မသေစေချင်ဘူး"

ယွင်လန်းသည် ပါးစပ်အဟောင်းသားဖြင့် သူ့အားငေးကြည့်နေလိုက်လေသည်။

ဟန်စင်းကလက်ထဲမှ ဆေးလုံးများအား စိုက်ကြည့်လိုက်

လေသည်။

အနီရောင်နှင့်အဖြူရောင် ဆေးလုံးအနက် မည်သည့်ဆေးလုံးက ဖြေဆေးနည်း။

ဟန်စင်းမှာ စိတ်ကို တည်ငြိမ်အောင်ထိန်းထားယင်းမှပင် ချွေးများစို့လာ၏။

သို့သော် သူက အမူအရာတစ်စက်ကလေးမျှ ပျက်မသွားချေ။

သူက ဖြေဆေးသောက်မိသည်ဖြစ်စေ၊ အဆိပ်သောက်မိသည်ဖြစ်စေ ယွင်ကူး အသက်ရှင်ဖို့ အခွင့်အရေးရှိနိုင်သည် မဟုတ်ပါလား။

ဟန်စင်းက အဖြူရောင်ဆေးလုံးအား ကောက်ယူပြီး ကျန်ဆေးလုံးများအား ပုလင်းထဲပြန်ထည့်ကာ စားပွဲပေါ်တင်ထားလိုက်၏။

တဖန် ယွင်လန်းအား ပြုံးပြယင်း...

"ကျွန်တော် တစ်ခုပြောချင်ပါတယ်"

ယွင်လန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဘာများလဲကွယ်"

ဟန်စင်း၏မျက်နှာ လေးနက်တည်ကြည်သွားသည်။

"ကျွန်တော် သေဆုံးသွားခဲ့မယ်ဆိုယင် ယွင်ကူးကို အတတ်နိုင်ဆုံးဖျောင်းဖျနှစ်သိမ့်ပေးပါ။ သူ သိပ်ခံစားရမှာ"

ယွင်လန်း၏ရင်ထဲ လှုပ်ရှားသွားသည်။

ဟန်စင်းသည် သမီးဖြစ်သူအား အသက်ထက်ပင်ပို၍



တန်ဖိုးထားမြတ်နိုးကြောင်း မျက်မြင်တွေ့နေရပြီဖြစ်သည်။

မိမိအသက်ကိုပင် အနစ်နာခံကာ စွန့်ဝံ့သည့် ဟန်စင်း၏ မေတ္တာတရားသည် အလွန်ပင်ရှားပါးလှပေသည်။

ယွင်လန်း၏ရင်ထဲ ဆို့နင့်လာပြီး မျက်ရည်များ အလိုလိုစီးကျလာလေသည်။

"အေး..အေးပါကွယ်၊ ဘာပဲဖြစ်ဖြစ် ငါ့တူက သမီးအပေါ် ဘယ်လောက်ချစ်ခင်မြတ်နိုးတယ်ဆိုတာ ဒေါ်ဒေါ်ယုံပါပြီ၊ ငါ့တူရဲ့ မေတ္တာတရားက ငါ့တူကို ကံကောင်းစေမှာပါကွယ်"

သူမ ပြောနေယင်းမှ မျက်နှာပေါ်တွင် ထူးခြားသော အရိပ်အယောင်များထွက်ပေါ်လာသည်။

သို့သော် ချက်ချင်းပင် ပြန်လည်ပျောက်ကွယ်သွားလေသည်။

ဟန်စင်းက သူမအား မကြည့်ပါ။

လက်ထဲမှ အဖြူရောင်ဆေးလုံးအား ဟန်မူရာကင်းမဲ့စွာဖြင့် ကြည့်နေ၏။

ယွင်ကူး၏ ပြုံးရွှင်သောမျက်နှာလေးအား မြင်ယောင်လာမိယင်း...

"ညီမရယ်"

စိတ်ထဲ ကျိတ်၍ရေရွတ်လိုက်၏။

ထို့နောက် အဖြူရောင်ဆေးလုံးအား ပါးစပ်ထဲ ပစ်ထည့်လိုက်တော့သည်။

အဖြူရောင်ဆေးလုံးသည် အဆိပ်လော။

သို့တည်းမဟုတ် ဖြေဆေးလော။

ဟန်စင်းသည် ယွင်ကူး၏မျက်နှာအား ပြန်လည်မြင်ခွင့်ရှိပါမည်လော။

မည်သူမျှ တတ်အပ်မပြောနိုင်ချေ။

ကံတရားသည် အရာရာ ဆုံးဖြတ်သွားမည် မဟုတ်ပါလား။

* * *



## အကျိုးတရား

ဟန်စင်းမှာ ဆေးလုံးလေးအား သောက်ချလိုက်ပြီဖြစ်၏။

ယွင်လန်းသည် အသက်ပင် ပြင်းပြင်းမရှူဝံ့အောင် ဖြစ်နေသည်။

ဟန်စင်းမှာ အတွင်းအား ထုတ်ဖော်ကာ ခန္ဓာကိုယ်ထဲ လှည့်ပတ်လိုက်၏။

မည်သို့မျှ ထူးခြားမှုမရှိချေ။

ဟန်စင်း အံ့ဩသွားသည်။

သူက အတွင်းအား လေ့ကျင့်လိုက်မိသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ဟန်စင်း၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် ထွက်လာသည်မှလွဲ၍ မည်သို့မျှထူးခြားလာခြင်းမရှိချေ။

ဟန်စင်း ဝမ်းသာအားရ ခုန်ထလိုက်၏။

"ဒါ..အဆိပ်မဟုတ်ဘူး"
ယွင်လန်း အံ့သြသွားသည်။
"ဒါဖြင့် ဖြေဆေးပေါ့ ဟုတ်လား"
"ဟုတ်တယ် ဒေါ်ဒေါ်"
"ဟင်..မင်းနဖူးပေါ်က အမှတ်က ပျောက်သွားပါလား"
ဟန်စင်း နဖူးအား ယောင်ယမ်း၍စမ်းသပ်လိုက်မိသည်။
မည်သည့်အမာရွတ်မှ မရှိ၍ အံ့သြသွားရသည်။
"ဒီဆေးဟာ အဆိပ်ဖြေဆေးဆိုတာ သေချာပြီ"
ဟန်စင်း အတိုင်းမသိ ဝမ်းသာသွားသည်။
မဟူရာအမှတ်သည် အဖြူရောင်ဆေးလုံးသောက်ပြီးနောက် ထူးဆန်းစွာပင် ပျောက်ကွယ်သွားချေပြီ။
ဟန်စင်းက ဆေးပုလင်းအား ကောက်ယူလိုက်ပြီး...
"ကျွန်တော်တို့ ယွင်ကူးကို ဖြေဆေးသွားတိုက်ရအောင်"
"အေးကွယ်...အေး"
သူတို့သည် ယွင်ကူး၏အခန်းသို့ ကမန်းကတန်းပင်ထွက်လာခဲ့ကြတော့သည်။

* * *



အဖြူရောင်ဆေးလုံးသည် အဆိပ်မဟုတ်ဘဲ ဖြေဆေးဖြစ်နေ၏။
ယခု ယင်းဆေးလုံးအား ယွင်ကူးကို တိုက်ကျွေးလိုက်ပြီဖြစ်လေသည်။
ယွင်ကူးသည် ဆေးသောက်ပြီးနောက် ခဏချင်းပင် အိပ်မောကျသွားလေသည်။
ယွင်လန်းသည် ဟန်စင်းအား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်ယင်း...
"ကျေးဇူးတင်လိုက်တာ ငါ့တူရယ်၊ သမီးမှာ မင်းပေးတဲ့အသက်ပဲ ရှိပါတော့တယ်"
"ဒီလောက်လဲ မဟုတ်ပါဘူးဒေါ်ဒေါ်၊ ကံတရားက ဖေးမသွားတာပါ"
ယွင်လန်းသည် သမီးဖြစ်သူ၏မျက်နှာအားကြည့်ယင်း...
"သမီး အတော်ကံကောင်းတာပဲ၊ သမီးအတွက် မေမေစိတ်ချပါပြီလေ"
သူမက တီးတိုးရေရွတ်လိုက်သည်။
တဖန် ဟန်စင်းအားစိုက်ကြည့်ယင်း...
"ဒေါ်ဒေါ် သမီးအတွက် အတော်စိတ်ပူမိခဲ့တာ၊ အခုတော့ သမီးလေးအတွက် စိတ်အေးသွားရပြီ၊ ငါ့တူရဲ့လက်ထဲ ယုံကြည်စိတ်ချစွာနဲ့ အပ်လိုက်ပါပြီကွယ်"
ယွင်လန်းက သဘောတူကြည်ဖြူလာ၍ ဟန်စင်းမှာ အလွန်ပင် ဝမ်းသာသွားမိလေသည်။

"ဝမ်းသာလိုက်တာ ဒေါ်ဒေါ်ရယ်၊ ကျွန်တော် ယွင်ကူးကို တစ်သက်လုံး စောင့်ရှောက်သွားမှာပါ"

ယွင်လန်းသည် ပီတိလွှမ်းသော အပြုံးမျက်နှာဖြင့် ခေါင်း တဆတ်ဆတ်ညိတ်နေလိုက်တော့သည်။

* * *

ဟန်စင်းသည် မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားမိသည်။

ညတုန်းက မပြန်ဖြစ်ပါ။

ယွင်ကူး၏အခြေအနေအား စောင့်ကြည့်ပေးပါရန် ယွင်လန်း ကအထပ်ထပ် တောင်းပန်ခဲ့သည် မဟုတ်ပါလား။

သူသည်ယွင်ကူး၏ခုတင်ဘေးတွင် ယွင်လန်းနှင့်အတူ စောင့်ယင်းမှ မိုးလင်းခါနီးတွင် မှေးခနဲအိပ်ပျော်သွားခဲ့မိခြင်းဖြစ် သည်။

မည်မျှကြာအောင် အိပ်ပျော်သွားမှန်းမသိ။

ယွင်ကူး၏အသံကြောင့် လန့်နိုးလာသည်။

"ညီမ ဘာဖြစ်လို့လဲ"

သူက ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်သည်။

ယွင်ကူးကား စိုးရိမ်ရသည့် အခြေအနေ မရှိတော့ပါ။

လူကောင်းပကတိ ပြန်ဖြစ်လာခဲ့ချေပြီ။

သူမ၏လက်ထဲတွင် စာတစ်စောင်ကိုင်ထားသလို မျက်ရည် များလည်း စီးကျနေသည်။



"ညီမ ဘာဖြစ်လို့လဲ ဟင်"

ဟန်စင်းက ထပ်မေးလိုက်၏။

ယွင်ကူး တစ်ချက်ငိုရှိုက်ယင်းမှ...

"မေမေ အိမ်က ထွက်သွားပြီ အစ်ကို"

"ဟင်...ဘာဖြစ်လို့လဲ"

သူက တအံ့တဩဖြင့် မေးလိုက်သည်။

ယွင်ကူးက လက်ထဲမှစာအား မြှောက်ပြယင်း...

"မေမေက ကျွန်မအတွက် စိတ်ချသွားပြီတဲ့ အစ်ကို့လက်ထဲ ကို ယုံကြည်စွာနဲ့ အပ်လိုက်ပြီတဲ့၊ ကျွန်မအတွက် စိတ်ချရပြီမို့ မေမေ တရားအားထုတ်ယင်း ကျောင်းသင်ခန်းမှာပဲနေဖို့ ဆုံးဖြတ်လိုက်ပါပြီ တဲ့"

"ဟာ...ဒေါ်ဒေါ်က သီလရှင်ဝတ်မလို့လား မဖြစ်သေးပါ ဘူး၊ ဘယ်အချိန်တုန်းက ထွက်သွားတာပါလိမ့်၊ ညီမ အစ်ကိုတို့ အ ချိန်မီလိုက်ခေါ်ကြယင် ကောင်းမယ်ထင်တယ်"

ယွင်ကူး ခေါင်းခါယမ်းလိုက်သည်။

"မေမေ့ကိုမှီယင်တောင် မေမေ့ဆုံးဖြတ်ချက်ကို ပြင်နိုင် တော့မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ညီမရဲ့"

ယွင်ကူး သက်ပြင်းလေးချကာ...

"မေမေ မကြာခဏပြောဘူးတယ် သမီးအတွက် စိတ်ချယုံ ကြည်ရသူတစ်ဦးနဲ့ အပ်နှံပြီးတဲ့အခါကျယင် သူက သီလရှင်ဝတ်တော့ မယ်တဲ့၊ ဒီအခါကျယင် သူ့ကိုခွင့်ပြုဖို့ ခဏခဏသတိပေးခဲ့ရတဲ့

မေမေ့ကို ဒီတစ်ခါတော့ စိတ်ချမ်းသာသလို လုပ်စေချင်တယ်"

"ညီမ သဘောပါပဲလေ"

ဟန်စင်းမှာ ဟန့်တားရန် မသင့်တော်မှန်း နားလည်ထားသောကြောင့် ယွင်ကူး၏ဆန္ဒအား မဝေဖန်တော့ပါ။

တိတ်ဆိတ်စွာပင် နားထောင်နေ၏။

"မေမေက မှာခဲ့သေးတယ်"

"ဘာများလဲ ညီမ"

"ကျွန်မတို့နှစ်ယောက် ဒီမြို့ကထွက်ခွာပြီး တစ်နေရာမှာ အေးချမ်းစွာ အခြေချနေထိုင်ပါတော့တဲ့"

ဟန်စင်း မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ရန်သူတွေက ထပ်ပြီးဒုက္ခပေးနိုင်တယ်၊ တိုက်ခိုက်ဖို့ထက် ကိုယ့်ဘာသာ အေးချမ်းတဲ့ဘဝ တည်ဆောက်ဖို့က အရေးကြီးဆုံးပဲတဲ့"

ဟန်စင်း စိတ်ညစ်သွားသည်။

သူက ရန်သူအား ရှာဖွေကာ မဟူရာစံအိမ်အား ဖြိုခွဲဦးမည်ဖြစ်လေသည်။

ယွင်လန်းက သမီးဖြစ်သူအား အပ်နှံပေးပြီးနောက် ယုံကြည်စိတ်ချစွာဖြင့် ဘေးကင်းရန်ကင်းရှိရန် ဆန္ဒရှိကြောင်းလည်း သူကနားလည်ထားသည်။

ဟန်စင်းမှာ ရုတ်တရက် စကားပင်မဆိုနိုင်တော့ဘဲ ငိုင်တွေသွားမိလေသည်။



ယွင်ကူးက ဆက်ပြောလာသည်။

"မေမေက ရေးထားခဲ့တယ်၊ ဒီအိမ်ကို စွန့်ခွာပြီး ကျန်းနန်မြို့မှာ အခြေချပါတဲ့"

"ကျန်းနန်မြို့မှာ ဘာကြောင့် အခြေချခိုင်းတာလဲ"

"ကျန်းနန်မြို့မှာ အိမ်တစ်လုံး အဆင်သင့်ဝယ်ယူထားပြီးသားပါ၊ ညီမတောင် တစ်ခါရောက်ဖူးခဲ့တယ်"

ဟန်စင်း သက်ပြင်းချလိုက်၏။

"ညီမ မေမေက အစစအရာရာ ပြင်ဆင်သွားခဲ့တာကိုး"

"အစ်ကို ဘယ်လိုသဘောရသလဲ"

"အစ်ကိုက ရန်သူနဲ့ရင်ဆိုင်ရဦးမယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ အစ်ကိုရယ်၊ ညီမတို့လက်ထပ်ပြီး ကျန်းနန်မှာနေမယ်၊ ပြီးမှ အစ်ကိုက ရန်သူကိုလိုက်ရှာလည်းရတာပဲ မဟုတ်လား၊ ညီမအတွက် ခေါင်းထဲမထည့်ပါနဲ့"

ဟန်စင်း သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

"လောလောဆယ် အစ်ကို့မှာ အစီအစဉ်မရှိသေးတဲ့အတွက် ဒီအတိုင်းလုပ်ကြတာပေါ့၊ ဒါပေမယ့် ဆယ်ရက်လောက် အစ်ကို့ကို အချိန်ပေးပါလား"

ယွင်ကူး အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ အစ်ကို"

ဟန်စင်း၏မျက်နှာ တည်သွားသည်။

"ဒီဆယ်ရက်အတွင်း ရန်သူကို ဖော်ထုတ်နိုင်မယ် ယုံကြည်လို့ပါ၊ တကယ်လို့ ဘာမှမထူးခြားဘူးဆိုယင်တော့ အစ်ကိုတို့ ဒီမြို့ကို

စွန့်ခွာသွားတာပေါ့"

"ကောင်းပါပြီ အစ်ကို၊ အခုလို လိုက်လျှောပေးတဲ့အတွက်နဲ့ ညီမအသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် အစ်ကို"

"ညီမရယ် အစ်ကိုတို့ကြားမှာ ကျေးဇူးတင်စရာလိုနေသေးလို့လား၊ ကဲ ညီမအနေနဲ့ ဒီမှာ တစ်ယောက်တည်းနေဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အစ်ကိုလည်း စိတ်မချဘူး၊ ဒီတော့ ဒီဆယ်ရက်အတွင်း ဦးလေးဟန်ဆီမှာပဲ လိုက်နေပေါ့၊ ဘယ်လိုသဘောရသလဲ"

"အစ်ကို့သဘောပါပဲ"

"ကောင်းပြီ..မိုးလည်း လင်းနေပြီ၊ လိုအပ်တာတွေ ထုပ်ပိုးပြင်ဆင်လိုက်ရအောင်"

"ဟုတ်ကဲ့"

နှစ်ယောက်သား လိုအပ်သည်များကို ထုပ်ပိုး၍ ဧည့်ခန်းတွင်းပို့ဆောင်ကာ အလုပ်ရှုပ်သွားကြတော့သည်။

* * *

## အပြိုင်အဆိုင်

ညဉ့်နက်ပြီဖြစ်သည်။

ထင်းကျားတစ်မြို့လုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေပြီဖြစ်သည်။

ထင်းကျားမြို့သည် ဝမ်းထိန်မြို့၊ ထိုက်ယန်မြို့တို့နှင့် ဖိုခနောင့်ဆိုင် အနေအထားဖြင့်ရှိကာ ကြားခံမြို့ကလေး၏အနောက်ဘက်နှစ်မိုင်အကွာတွင်ရှိကာ ဝက်ပါတောင်ရှိ တောတန်းများနှင့်ထိစပ်နေသည်။

ထင်းကျားမြို့တွင် အသုံးမပြုသည်မှာ ကြာမြင့်ပြီဖြစ်သော ဘုံကျောင်းပျက်တစ်ခုရှိသည်။

ယင်းဘုံကျောင်းမှာ နေဝန်းဘုံကျောင်းဟု ယခင်က ကျော်ကြားခဲ့ဖူးလေသည်။

ဤဘုံကျောင်း၏ ထူးခြားချက်မှာ အရုပ်လေးမျက်နှာသို့ မျက်နှာမူကာ ထွင်းထုထားသော သူတော်ရုပ်ထုများ ရှိနေခြင်းပင် ဖြစ်သည်။

နှစ်ကာလ ကြာမြင့်သည်နှင့်အမျှ ရုပ်ထုများသည်လည်း အကောင်းပကတိ မရှိတော့ဘဲ ကျိုးပဲ့ပျက်စီးနေပြီဖြစ်လေသည်။

ဤဘုံကျောင်းသည် တောတန်းနှင့်နီးသဖြင့် လူသူအရောက်အပေါက် နည်းသည်။

နေ့ခင်းအချိန်၌ပင် ရောက်လာသူမရှိသလောက်ပင်။

ညအခါဆို ပို၍ပင် ဆိုးလှပေသည်။

.သို့သော် လူသူအရောက်အပေါက်နည်းသော ဤဘုံကျောင်းပတ်ဝန်းကျင်၌ ယနေ့ညတွင်မူ မီးရောင်များ အနှံ့အပြား တွေ့နေရခြင်းမှာ အလွန်ပင် ထူးဆန်းဖွယ်ကောင်းနေတော့သည်။

* * *



မီးတုတ်အလင်းရောင်သည် ဘုံကျောင်းအနှံ့အပြား ဖြာထွက်နေသည်။

လူတစ်စုသည် မီးတုတ်ကိုယ်စီဖြင့် တစ်စုံတစ်ရာအား သဲသဲမဲမဲရှာဖွေကြ၏။

ပို၍အံ့သြစရာကောင်းနေသည်မှာ ထိုလူစုသည် ဝမ်းထိန်မြို့မှ ကျော်ကြားသော ကြေးအိုးစားသောက်ဆိုင်မှလူများပင် ဖြစ်ပေသည်။

နန်းဖွေးကိုယ်တိုင် ဦးဆောင်ရှာဖွေနေခြင်းဖြစ်သည်။

သူတို့သည် မည်သည့်ပစ္စည်းအား သဲကြီးမဲကြီး ရှာဖွေနေကြပါသနည်း။

* * *

"တွေ့ပြီဟေ့…တွေ့ပြီ"

ဝမ်းသာအားရ အော်ပြောသံသည် ဝန်းကျင်တစ်ခုလုံးအား လှုပ်ရှားသွားစေသည်။

တခဏချင်းပင် ရှာဖွေနေသူအားလုံးသည် အသံထွက်ပေါ်ရာဆီသို့ စုပြုံရောက်သွားတော့သည်။

လူတစ်ယောက်သည် ရုပ်ထုအောက်ခြေတစ်နေရာမှ ခြောက်လက်မပတ်လည်ခန့်ရှိသော သေတ္တာပြားလေးအား တုန်ယင်သော လက်အစုံဖြင့် ဆွဲထုတ်ယူလိုက်သည်။

တဖန် နန်းဖွေးအား ရိုသေစွာလှမ်းပေးလိုက်၏။

နန်းဖွေး၏မျက်နှာမှာ မီးရောင်ဖြင့် စိတ်လှုပ်ရှားနေလျှက်ရှိကြောင်း ထင်ရှားစွာ တွေ့နေရသည်။

သူက သေတ္တာပြားလေးအား လှမ်းယူပြီးဖွင့်ကြည့်လိုက်၏။

သေတ္တာထဲတွင် လက်သီးဆုပ်အရွယ်ခန့်ရှိသောတံဆိပ်ပြားလေးတစ်ခုရှိနေသည်ကို တွေ့လိုက်ရ၏။

ထို့အပြင် တံဆိပ်ပြားအောက်ခြေတွင် ဝါကျင့်ကျင့်စာရွက်ခေါက်လေးတစ်ခုရှိနေသည်ကိုပါ တွေ့လိုက်ရ၏။

နန်းဖွေးသည် တံဆိပ်ပြားလေးအား ရီဝေစွာ စိုက်ကြည့်လိုက်ပြီး...

"နောက်ဆုံးတော့ ရှာတွေ့ခဲ့ပြီပေါ့"

သူ၏အသံသည် တုန်ယင်အက်ကွဲနေ၏။

ခါးကုန်းအဘိုးအိုက ရှေ့သို့ တိုးထွက်လာသည်။

နန်းဖွေးအား နှစ်သိမ့်ပြုံး ပြုံးပြယင်း...

"ကျုပ်တို့လူတွေ တာဝန်ကျေပါတယ်၊ အခု ကျုပ်တို့အားလုံးတာဝန်ကို ကျေပွန်အောင်ထမ်းရွက်နိုင်ခဲ့ပြီ၊ ရှေ့လျှောက်လျှို့ဝှက်စရာမလိုတော့ပါဘူး"

နန်းဖွေးက သေတ္တာပြားလေးအား ရင်ဘတ်ကြားတွင် သေချာစွာ သိမ်းဆည်းလိုက်၏။

ခါးကုန်းအဘိုးအိုနှင့် ဆိုင်လုလင်များကို ဝေ့ကြည့်ယင်း...

"အချိန်များစွာ ကုန်ဆုံးစေပြီး လျှို့ဝှက်စွာထမ်းဆောင်ခဲ့တဲ့တာဝန်ဟာ ပြီးဆုံးသွားခဲ့ပါပြီ၊ ဒါဟာ အားလုံးရဲ့ မဆုတ်မနစ် ကြိုးစားခဲ့တာကြောင့်ပါ၊ ဒါပေမယ့် ကျုပ်တို့ဟာ နောက်ထပ်တာဝန်



တစ်ရပ် ထမ်းဆောင်ရဦးမယ်ဆိုတာတော့ သိထားစေချင်တယ်"

ဆိုင်လုလင်များသည် နန်းဖွေး၏ လက်ရွေးစင်သိုင်းသမားများဖြစ်နေသည်တကား။

"တာဝန်ကို အသက်နဲ့လဲပြီး ထမ်းရွက်ပါ့မယ် ဆရာကြီး"

အားလုံးပင် တညီတညွတ်တည်း ပြောလာကြ၏။

နန်းဖွေး အလွန်ပင် ကျေနပ်နှစ်သိမ့်သွားလေသည်။

ထိုစဉ်...

"ဟန်ကျလိုက်တာ ရေကန်အသင့် ကြာအသင့်ပါပဲလား"

စကားသံနှင့်အတူ လူရိပ်များ ရောက်ရှိလာသည်။

နန်းဖွေး ရင်ထိတ်သွားသည်။

ရန်သူများ မမျှော်လင့်ဘဲ ရောက်ရှိလာပြီ မဟုတ်ပါလား။

* * *

ရောက်လာသူများမှာ အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

စုစုပေါင်း ငါးယောက်ရှိပြီး အဘိုးအိုတစ်ယောက်က ဦးဆောင်ထားသည်။

ယင်းအဘိုးအိုသည် တစ်ခေါင်းလုံး ဆံပင်များဖြူဖွေးကာ စူးရှသော မျက်လုံးအစုံရှိလေသည်။

မြင်ရုံနှင့်ပင် ထိပ်တန်းသိုင်းသမားတစ်ဦးဟု သိသာလှပေသည်။

အဘိုးအိုသည် နန်းဖွေးအားကြည့်ပြီး အေးစက်သောအပြုံးဖြင့်...

"ကျုပ်တို့ဆီကို သူလျှိုလွှတ်ပြီး စုံစမ်းခိုင်းတဲ့လူဟာ ဝမ်းထိန်မြို့က စားသောက်ဆိုင်ပိုင်ရှင်ကိုး၊ ကျုပ်ထင်တာ မမှားဘူးဆိုယင် ခင်ဗျားဟာ အတော်ထက်မြက်တဲ့လူပဲ၊ ဘာကြောင့် ရုပ်ဖျက်ထားရတာလဲ"

နန်းဖွေးက တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေလိုက်၏။

"မဟူရာစံအိမ်ရဲ့ ဒုတိယအိမ်ထိန်းကြီးက ဘယ်ဆိုးလို့လဲ မျက်စိအတော် စူးရှတာပဲ"

အဘိုးအို အံ့သြသွားသည်။

"ခင်ဗျား ကျုပ်ကို သိတယ်"

"ဆံဖြူမြေခွေးဗှာကျင့်ဟာ မဟူရာစံအိမ်ရဲ့အိမ်ထိန်းကြီးသုံးယောက်ထဲက ဒုတိယအဆင့်ရှိသူဆိုတာ ကျုပ်မကြာခင်ကမှ သိရတာပါ"



အဘိုးအို မကျေမနပ်ဖြစ်သွားသည်။

သူ့အား နန်းဖွေးက သိနေပြီး သူကနန်းဖွေးအား မသိခြင်းက တပန်းရှုံးနေပြီ မဟုတ်လား။

နန်းဖွေးက အဘိုးအိုအား စေ့စေ့ကြည့်လိုက်၏။

"ဗှာကျင့် ခင်ဗျားတော်တော် အတင့်ရဲနေပါလား"

အဘိုးအို ဗှာကျင့် မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်က မင်းတို့ကို စောင့်ကြည့်နေတာ မှန်သွားပြီ ကဲ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့ ပစ္စည်းကိုပေးပါ ကျုပ်အသက်ချမ်းသာပေးလိုက်မယ်"

သူက သေတ္တာအတွင်းမှ ကြေးပြားအား ဆိုလိုခြင်းဖြစ်ကြောင်းနန်းဖွေးရိပ်မိလိုက်သည်။

သို့သော် သူက အမူအရာ တစ်စက်ကလေးမျှ ပျက်မသွားချေ။

"ကျုပ်က ပစ္စည်းကို ရှာမတွေ့သေးလို့ ငြိမ်နေတယ်ဆိုတာ မှတ်ထားပါ၊ ကျုပ်တပည့်တွေအတွက် မင်းတို့ကို ဆုံးမပစ်ဖို့ ဆုံးဖြတ်ပြီးပြီ ရှေ့လျှောက် မင်းတို့ အေးအေးဆေးဆေး နေရတော့မယ် မထင်နဲ့"

ဗှာကျင့် ဒေါသထွက်သွားသည်။

"ဟေ့..မြေခွေးလေးဖော် သူတို့ကို တစ်ယောက်မကျန် ရှင်းပစ်လိုက်စမ်း"

အမိန့်ပေးကာ နန်းဖွေးထံ ရိပ်ခနဲခုန်ဝင် တိုက်ခိုက်လိုက်သည်။

နန်းဖွေးက ရှောင်တိမ်းခြင်းမပြုဘဲ ပြန်လည်တိုက်ခိုက်လိုက်သည်။

တစ်ဘက်တွင်လည်း မြေခွေးလေးဖော်နှင့် ခါးကုန်းအဘိုးအိုဦးဆောင်သော သိုင်းသမားများက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြသည်။

ဘုံကျောင်း ပတ်ဝန်းကျင်တွင် ဆူညံသော တိုက်ပွဲတစ်ခု ရုတ်ခြည်းပင် ဖြစ်ပေါ်လာလေတော့သည်

* * *

ခါးကုန်းအဘိုးအို၏ သိုင်းပညာသည် အလွန်ပင်ထက်မြက်လှသည်။

ဆိုင်လုလင်အဖြစ် ဟန်ဆောင်ထားကြသော အဖွဲ့သားများသည်လည်း အကွက်စေ့ကာ လျင်မြန်လှ၏။

မြေခွေးလေးဖော်မှာ ဗာကျင့်၏တပည့်များပီပီ သိုင်းပညာမခေကြပါ။

ဗာကျင့်သည် သိုင်းလောကအား မွှေနှောက်ခဲ့သည့် သိုင်းသမားဆိုးတစ်ဦးဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။

သူတို့၏တိုက်ပွဲသည် ပြင်းထန်လွန်းလှသည်။

နောက်ဆုံးတွင် ဆိုင်လုလင်ခြောက်ဦးအနက် လေးဦးသေဆုံးကာ တစ်ဦးဒဏ်ရာရသွားခဲ့သည်။

မြေခွေးလေးဖော်အနက် သုံးယောက်မှာလည်း ကျဆုံးသွားခဲ့သည်။ ကျန်တစ်ယောက်မှာလည်း ကြာရှည်ရင်မဆိုင်နိုင်ပါ။



ခါးကုန်းအဘိုးအို၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားတော့သည်။

သူတို့ တိုက်ပွဲပြီးဆုံးသွားခဲ့သော်လည်း ဗာကျင့်နှင့်နန်းဖွေးတို့၏ တိုက်ပွဲမှာမူ မပြီးဆုံးသေးပါ။

တစ်ယောက်ကိုတစ်ယောက် သဲကြီးမဲကြီး ရင်ဆိုင်တိုက်ခိုက်နေဆဲပင်။

ခါးကုန်းအဘိုးအိုက ဒဏ်ရာရထားသူအား ပြုစုကာ တိုက်ပွဲအား အကဲခတ်ကြည့်နေလိုက်တော့သည်။

* * *

ဝှာကျင့်နှင့် နန်းဖွေးတို့သည် သဲကြီးမဲကြီး ရင်ဆိုင်တိုက်ခိုက်ကြရာ သိုင်းကွက်သုံးဆယ်ကျော်လာခဲ့ပြီ ဖြစ်သည်။

နောက်ထပ် ဆယ်ကွက်မျှ ထပ်မံယှဉ်ပြိုင်ပြီးသောအခါ နန်းဖွေး၏ တိုက်ခိုက်မှုက ရုတ်ခြည်းပြောင်းလဲသွားသည်။

သူ၏လက်ဝါးချက်များသည် ထူးထူးခြားခြား ပြောင်းလဲဖြစ်ပေါ်လာပြီးနောက်တွင်…

"ဝုန်း"

"အွန့်"

ဝှာကျင့်မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

သူ၏နှုတ်ခမ်းထောင့်တွင် သွေးများယိုစီးကာ မျက်နှာတစ်ခုလုံးဖြူဖပ်ဖြူရော်ဖြစ်နေ၏။

ခန္ဓာကိုယ် တစ်ခုလုံး ယိမ်းထိုးကာ နန်းဖွေးအား မျက်လုံးပြူးကာကြည့်လိုက်မိသည်။

"ခင်…ခင်ဗျားဟာ"

သူက နန်းဖွေးသည် မည်သူမည်ဝါဖြစ်မှန်း သိလိုက်ပြီဖြစ်သည်။

ရုတ်တရက် ဝှာကျင့်က နောက်သို့ ကျွမ်းပစ်ကာ အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားလေသည်။

မမျှော်လင့်သောအဖြစ်မို့ အားလုံးကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

အတန်ကြာမှ ခါးကုန်းအဘိုးအိုက သတိဝင်လာပြီးလိုက်ရန်ပြင်ရာ နန်းဖွေးက လက်ကာပြလိုက်၏။



"မလိုက်နဲ့တော့ ကျုပ်ရဲ့လက်ဝါးထိမှန်တဲ့နောက် ကြာကြာအသက်ရှင်နိုင်မှာ မဟုတ်တော့ဘူး၊ ရန်သူက ရိပ်မိသွားပြီး ဆက်လုပ်ရမယ့် အစီအစဉ်တွေအတွက် ခြေရာဖျောက်တာဖြစ်မယ်"

ယင်းနောက် သူတို့အားလုံး ဘုံကျောင်းပျက်မှ ထွက်ခွာ၍ ခြေရာ ဖျောက်လိုက်ကြတော့သည်။

* * *

## တောင်းဆိုချက်

မိုးစင်စင်လင်းသည့်တိုင် ဟန်စင်းတို့ မအားကြသေးပါ။

နှစ်ယောက်သား အလုပ်ရှုပ်နေစဉ် ဧည့်သည်တစ်ယောက် ရောက်ရှိလာသည်။

ကြေးနီစားကိုင်ဆောင်လာသော မုစန်းပင်ဖြစ်သည်။

မုစန်းအားမြင်လျှင် ဟန်စင်းဒေါသထွက်သွားမိတော့သည်။

"ခင်ဗျား ဘာလာလုပ်တာလဲ"

မုစန်းက သဘောကျဟန်ဖြင့် ပြုံးလိုက်ပြီး...

"သိပ်လည်း ဒေါသမကြီးပါနဲ့၊ ကျုပ်က မင်းတို့နှစ်ယောက်အတွက် ကြိုတင်ပြီး မင်္ဂလာလက်ဖွဲ့လာပေးတာပါ ဟဲ ဟဲ"

"ဘာဗျ"

"ကျုပ်က ကြေးနီစားကို လက်ဖွဲ့မလို့ပါ"

"ခင်ဗျားတို့က ဘာသဘောလဲ အကြပ်ကိုင်လဲတုန်းကလဲပြီး



အခုဘာကြောင့် အလွယ်တကူပြန်ပေးတာလဲ"

"အမှန်တော့ မိတ်ဆွေလေးကို သဘောကျလို့ မဟူရာစံအိမ်က မိတ်ဆွေအမှတ်အသားပြုခဲ့တာပါ၊ ကျုပ်တို့ရဲ့လုပ်ငန်းတချို့မှာ မိတ်ဆွေလေးက ကြားဝင်နေတဲ့အတွက် မပြေလည်တာလေးတွေ ဖြစ်ခဲ့ရတာပါ၊ အခု ကျုပ်တို့ခေါင်းဆောင်က ဘယ်လိုမှ သဘောမထားတော့တဲ့အတွက် မိတ်ဆွေအဖြစ် ပြန်ကမ်းလှမ်းတာပါ"

ဟန်စင်း မဲ့လိုက်၏။

"ကျုပ်က မဟူရာစံအိမ်နဲ့ မိတ်ဆွေမဖြစ်ချင်ဘူး"

ထိုစကားကြောင့် မုစန်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဘာပဲဖြစ်ဖြစ် မိတ်ဆွေလေးအနေနဲ့ မိတ်ဆွေအဖြစ် အသိအမှတ်မပြုယင်တောင်မှ ရန်သူအဖြစ် သဘောမထားသင့်ဘူး။ မိတ်ဆွေလေးတို့ရဲ့ သာယာတဲ့ဘဝကို မဟူရာစံအိမ်က ကြေးနီစားပြန်ပေးပြီး ချီးမြှင့်လိုက်တဲ့အပြင် လုံးဝနှောင့်ယှက်ခြင်း ပြုမှာမဟုတ်ဘူး၊ ဒီအတွက် မိတ်ဆွေလေးကလည်း တောင်းဆိုချက်တစ်ခုကို လိုက်လျောရမယ်"

"ဆိုစမ်းပါဦး"

ဟန်စင်းက ခပ်ရွဲ့ရွဲ့ပြောလိုက်၏။

မုစန်းက ခပ်တည်တည်ဖြင့်...

"တခြားတော့ မဟုတ်ပါဘူး၊ မိတ်ဆွေလေးအနေနဲ့လည်း မဟူရာစံအိမ်ကို ရန်မပြုဘဲ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး နေဖို့ပါ"

ဟန်စင်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး"

မုစန်း မျက်မှောင်ကုပ်သွားသည်။

"ဘာကြောင့် မဖြစ်နိုင်ရတာလဲ၊ မိတ်ဆွေလေးနဲ့ မဟူရာစံအိမ်မှာ ရန်ငြိုးရန်စများ ရှိနေလို့လား"

ဟန်စင်း မဲ့ပြုံးပြုံးလိုက်သည်။

"ရန်ငြိုးရန်စ မရှိပါဘူး၊ ဒါပေမယ့် လူကောင်းတွေအတွက် ရန်စူးရန်ညှောင့်ပဲ မဟုတ်လား၊ ကျုပ်က မတရားတာကို လက်ပိုက်ကြည့်နေရမှာလား"

စေ့စပ်ဆွေးနွေး၍မရသောကြောင့် မုစန်း စိတ်ဓာတ်ကျသွားသည်။

ဟန်စင်းက သူ့အားစေ့စေ့ကြည့်ယင်း မေးလိုက်သည်။

"နေပါဦး၊ ခင်ဗျားတို့ ဘာကြောင့် ကျုပ်အပေါ် သဘောကောင်းနေရတာလဲ၊ တကယ်ဆို ကျုပ်က မဟူရာစံအိမ်နဲ့ မျက်နှာကြောမတည့်တဲ့လူပဲ၊ ကျုပ်ကို သုတ်သင်လိုက်ယင် ပြီးတာပဲမဟုတ်လား"

မုစန်း လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

"မိတ်ဆွေလေး နားလည်အောင် ကျုပ်က အရိပ်အမြွက်ပြောပြပါ့မယ်၊ မဟူရာစံအိမ်မှာ ခေါင်းဆောင်နှစ်ယောက်ရှိတယ်၊ တစ်ယောက်က မိတ်ဆွေလေးကို ဒုက္ခမပေးချင်ဘူး၊ မဟူရာစံအိမ်နဲ့ မပတ်သက်ဘဲ အေးအေးဆေးဆေး နေစေလိုတယ်၊ ကျန်တစ်ယောက်က သဘောမတူဘူး၊ ဒါပေမယ့် လိုက်လျောပြီး အခြေအနေကို စောင့်ကြည့်နေတယ်၊ ဒီတစ်ခါမှ စေ့စပ်ဆွေးနွေးလို့မရယင်



အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပဲ"

ဟန်စင်း အံ့သြသွားသည်။

"ဘယ်လိုခေါင်းဆောင်နှစ်ယောက်လဲ၊ တစ်ယောက်က ဒုက္ခမပေးချင်ဘူး ဟုတ်လား၊ ဘာကြောင့်လဲ"

"ဒါတော့ ကျုပ်လည်းမသိဘူး"

ဟန်စင်း တွေဝေသွားသည်။

မိမိအား အဘယ်ကြောင့် ဒုက္ခမပေးလိုသနည်း။

မည်သည့်အကြောင်းများ ရှိသနည်း။

ဟန်စင်း မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

မုစန်းက သူ့အားကြည့်ယင်း ပြောလာသည်။

"မိတ်ဆွေလေးအနေနဲ့ မဟူရာစံအိမ်နဲ့ မိတ်ဆွေမဖြစ်ချင်ယင်တောင်မှ မပတ်သက်ဘဲ အေးအေးဆေးဆေး နေသွားစေချင်တယ်၊ တကယ်လို့ မိတ်ဆွေလေးသာ ခေါင်းမာမယ်ဆိုယင် အခြေအနေတွေ ပြောင်းလဲသွားနိုင်တယ်"

ဟန်စင်းက မုစန်းအား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျား ခြိမ်းခြောက်ချင်တာလား"

မုစန်း သက်ပြင်းချလိုက်၏။

"ကျုပ် ခြိမ်းခြောက်တာ မဟုတ်ပါဘူး၊ ဖြစ်နိုင်တာကိုတွက်ဆပြီး သတိပေးနေတာပါ၊ မိတ်ဆွေလေးအနေနဲ့ အေးအေးဆေးဆေးနေယင် မဟူရာစံအိမ်ကလည်း မိတ်ဆွေလေးကို့ကို ဘယ်တော့မှ နှောင့်ယှက်ဖို့ စိတ်ကူးမှာ မဟုတ်ပါဘူး"

ယွင်ကူးက တစ်ချိန်လုံး ငြိမ်သက်နေရာမှ ဝင်မေးလာ၏။

"ရှင်ပြောတာတွေအားလုံး တကယ်ပဲနော်"

"တကယ်ပါ မိတ်ဆွေမဖြစ်ယင်တောင်မှ တစ်ယောက်နဲ့ တစ်ယောက် ပြေပြေလည်လည် ရှိစေချင်လို့ ကျုပ်ဖျောင်းဖျပြောဆို နေရတာပါ"

ယွင်ကူးက ဟန်စင်း၏လက်မောင်းအား အသာအယာဆုပ် ကိုင်လိုက်ပြီး...

"အစ်ကို သူတို့နဲ့ ရန်ဖြစ်မယ့်အစား ညီမတို့ အေးအေးဆေး ဆေး နေသွားကြယင် မကောင်းဘူးလား"

ဟန်စင်း ပင့်သက်ရှိုက်လိုက်၏။

"သာမန်ဘဝဆိုယင်တော့ ကောင်းတာပေါ့ ညီမရယ်၊ အခု ဟာက ဘယ်လိုမှ လျစ်လျူရှုလို့မဖြစ်နိုင်လို့ပါ"

"ဘာကြောင့်လဲ ဟင်"

"အချိန်တန်ယင် ညီမသိလာပါလိမ့်မယ်၊ တစ်ခု ပြောနိုင် တာက၊ အခုသဘောတူလိုက်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်ကျယင် မဟူရာစံအိမ်နဲ့ ထိပ်တိုက်ပြန်ရင်ဆိုင်ရမယ့်အကြောင်းတွေ ရှိနေလို့ ပါပဲ ညီမရယ်"

ယွင်ကူးမှာ လှိုက်ဖိုလှိုက်ဖိုမျက်ရည်များဖြင့် ပြည့်နှက်နေသော ဟန်စင်းအား ကြည့်ယင်း သက်ပြင်းတစ်ချက် ခပ်လေးလေးချ လိုက်မိ တော့သည်။

မုစန်းက သူတို့အား တစ်ချက်အကဲခတ်ကြည့်ယင်းမှ ခေါင်း ညိတ်လိုက်သည်။

"ကျုပ် သဘောပါက်ပါပြီ၊ မိတ်ဆွေလေးက ဆုံးဖြတ်ချက်



ကို မပြင်နိုင်တော့မှန်းလည်း သိလိုက်ပါပြီ၊ အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ ကြေးနီဓားကို ပြန်ပေးဖို့ မှာလိုက်ပါတယ်"

ကြေးနီဓားအား စားပွဲပေါ်တင်ထားကာ..

"ကဲ...ကျုပ်ကို သွားခွင့်ပြုပါဦး၊ ကျုပ်တို့နောက်တစ်ကြိမ် ဆုံရဦးမှာပါ"

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားတော့ သည်။

ဟန်စင်းက ဟန့်တားခြင်းမပြုဘဲ ငေးကြည့်နေ၏။

သူ၏ရင်ထဲတွင် မတင်မကျဖြစ်နေသော ကိစ္စရပ်များ အ များအပြားရှိနေ၏။

သူက တွေးတောစဉ်းစားယင်းမှ နောက်ဆုံးတွင် ဆုံးဖြတ် ချက်တစ်ခုအား ချမှတ်လိုက်လေတော့သည်။

* * *

## လျှို့ဝှက်ချက်ကိုယ်စီ

ဟန်စင်းက အနီရောင် စာလိပ်လေးအား စာပို့ခို၏ခြေထောက်တွင် ချည်ပေးကာ ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ လွှတ်ပေးလိုက်၏။

စာပို့ခိုမှာ အတောင်ပံ တဖျပ်ဖျပ်ခတ်ယင်း အဝေးဆီသို့ ပျံသန်းသွားတော့သည်။

ယွင်ကူးမှာမြင်မြင်သမျှနှင့် ဟန်စင်းလုပ်ဆောင်ချက်များအား နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ဟန်စင်းသည် ပြဿနာများအား ဖြေရှင်းပြီးမှ ထွက်သွားတော့မည်ဟု ဆုံးဖြတ်ကာ သူမအား ဟန်ရိတောင်း၏အိမ်သို့ ခေါ်လာခဲ့သည်။

ဟန်ရိတောင်းကို မတွေ့ရသည့်အပြင် လျှို့ဝှက်ခန်းတစ်ခုနှင့် စာပို့ခို အများအပြား မွေးမြူထားကြောင်း တွေ့ခဲ့ရသည်။

ယခု ဟန်စင်းက စာပို့ခိုအား လွှတ်လိုက်ပြီဖြစ်သည်။

မည်သည့်အတွက်ကြောင့်နည်း။



မည်သူ့ထံ အဆက်အသွယ်လုပ်ကာ သတင်းပို့နေသနည်း။

တဖြည်းဖြည်းနှင့် ပို၍လျှို့ဝှက်လာသည်ဟု ထင်ရသော ဟန်စင်းကိုလည်း သူမ နားမလည်နိုင်ပါတော့ချေ။

သူမသည် မနေနိုင်တော့သည့်အဆုံး ဖွင့်မေးလိုက်တော့သည်။

"အစ်ကို ဘာတွေလုပ်နေတယ်ဆိုတာ ညီမနားမလည်တော့ဘူး၊ ညီမ နားလည်အောင် ရှင်းပြပါလား"

ဟန်စင်းက သူမအား ခုံတစ်လုံးတွင် ထိုင်စေလိုက်၏။

သူက မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ယင်း...

"ညီမ နားမလည်နိုင်ဘူးဆိုတာ အစ်ကိုသိပါတယ်၊ ညီမ နားလည်ဖို့ဆိုတာ အစ်ကို့လျှို့ဝှက်ချက်တွေသိမှပဲ ဖြစ်လိမ့်မယ်၊ မုစန်းနဲ့တွေ့ပြီးနောက် ညီမမေမေက ယုံကြည်စိတ်ချစွာနဲ့ အစ်ကို့လက်ထဲ ညီကိုအပ်ပြီးနောက် ညီမကို အကြောင်းစုံဖွင့်ပြောဖို့ အစ်ကို ဆုံးဖြတ်ထားပါတယ်"

ယွင်ကူး၏ မျက်နှာဝင်းလက်သွားသည်။

"အစ်ကို တကယ်ပြောတာလား"

"တကယ်ပေါ့ အစ်ကို့ရဲ့လျှို့ဝှက်ချက်တွေ ညီမကိုပြောပြပါ့မယ်၊ ဒါပေမယ့် ညီမ အချိန်တစ်ရက်ပေးရမယ်"

"ဘာဖြစ်လို့လဲ"

"အရေးပေါ်လုပ်စရာရှိလို့ပါ၊ ပြီးတော့ ညီမက ဒီလျှို့ဝှက်ခန်းထဲက မထွက်ဘဲ အစ်ကိုပြန်လာတဲ့အချိန်ထိ စောင့်ရမယ်၊ အစ်ကို

ပြန်လာတဲ့အချိန်ကျယင် ညီမသိချင်တာ အားလုံးပြောပြပါ့မယ်"

"အစ်ကို ဘယ်သွားမလို့လဲ"

"အစ်ကို့စိတ်ထဲ မတင်မကျဖြစ်နေတဲ့ ကိစ္စတစ်ခုကိုသွားစုံစမ်းမလို့ပါ"

"ညီမကော လိုက်လို့မရဘူးလား"

"ညီမ လိုက်ခဲ့လို့ မဖြစ်ဘူး"

ယွင်ကူး ပင့်သက်ရှိုက်လိုက်၏။

"ကောင်းပြီလေ၊ အစ်ကို့သဘောပါပဲ၊ ဒါထက် ဦးလေးဟန်ရိတောင်းကော"

"သူ ကိစ္စတစ်ခုနဲ့ အပြင်ထွက်သွားတယ် ကဲ နောက်မှ ညီမသိချင်တာ အစ်ကိုအားလုံး ပြောပြမယ် ဟုတ်လား၊ အခန်းထဲမှာ စားသောက်စရာတွေ အဆင်သင့်ရှိတယ်၊ မကြာဘူး၊ အစ်ကိုပြန်လာမှာပါ"

ဟန်စင်းက သူမဆံနွယ်များအား တစ်ချက်ပွတ်သပ်ပေးပြီးနောက် အခန်းတွင်းမှ ထွက်သွားတော့သည်။

ယွင်ကူးမှာ ဟန်စင်းနောက်ကျောအား ငေးကြည့်ယင်း သက်ပြင်းရှည်တစ်ချက် ချလိုက်မိလေတော့သည်။

* * *

မုစန်းသည် ရိုကျိုးသောအမူအရာဖြင့် ရပ်နေ၏။

သူက ဟန်စင်းနှင့်ဆွေးနွေးခဲ့သည်များကို အစီရင်ခံလိုက်



ပြီးဖြစ်သည်။

ဤနေရာသည် လျှို့ဝှက်သော မဟူရာစံအိမ် အထူးသီးသန့်ခန်းအတွင်း ဖြစ်သည်။

မုစန်း၏ရှေ့တွင် အမျိုးသမီးကြီးတစ်ယောက် ရှိနေသည်။

အနက်ရောင် ဝတ်ရုံရှည်ဝတ်ဆင်ထားပြီး မျက်နှာအား ဇာပုဝါအနက်ဖြင့် ဖုံးအုပ်ထားသောကြောင့် အသက်အရွယ်နှင့် မျက်နှာသွင်ပြင်အား ခန့်မှန်းနိုင်မည် မဟုတ်ပါချေ။

အမျိုးသမီးကြီး သက်ပြင်းချလိုက်၏။

"သူ ဒီလောက်ခေါင်းမာလိမ့်မယ်လို့ ငါမထင်ထားဘူး၊ အခုအချိန်မှာ ယွင်ကူးကလည်း သူ့ရဲ့အနီးဆုံးမှာ ရှိနေတယ်ဆိုတော့ အဆင်ပြေမယ်လို့လည်း တွေးထားမိခဲ့တယ် အခုတော့"

အမျိုးသမီးမှာ အလွန်တရာ စိတ်ပျက်နေသော ဟန်မူရာမျိုးရှိလေသည်။

ထိုအချိန်မှာပင် အခန်းတွင်းသို့ ခြေသံပြင်းပြင်းနင်း၍ လူတစ်ယောက် ဝင်ရောက်လာသည်။

ထိုလူသည် အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိပြီး အညိုရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

မျက်နှာပေါ်တွင် အေးစက်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းစသော အရိပ်အယောင်များ ဖုံးလွှမ်းနေသည်။

ထိုသူကား ယက္ခဂိုဏ်းချုပ်မာထုံးပင် ဖြစ်နေတော့သည်။

မာထုံးသည် ကိုးနဝင်းဂိုဏ်းချုပ် ကောင်းရိလုံအား လုပ်ကြံပြီးနောက် ပျောက်ဆုံးသွားခဲ့သည်။

သူက မဟာ့ရာစံအိမ်တွင် ခိုအောင်းနေကြောင်း ထင်ရှားနေပါတော့သည်။

မဟာ့ရာစံအိမ်နှင့် ယက္ခဂိုဏ်းချုပ်မာထုံးတို့ မည်သို့ပတ်သက်နေပါသနည်း။ မုမန်းက ဦးညွတ်အရိုအသေပေးယင်း…

"သခင်ကြီး"

အဖြစ်အပျက်အား တင်ပြရန် စကားဟလိုက်လျှင် မာထုံးက လက်ကာပြလိုက်၏။

"ကျုပ် အားလုံးကြားပြီးပြီ၊ မင်းသွားတော့"

မုစန်း သက်ပြင်းချလိုက်၏။

သူက ဦးညွတ်အရိုအသေပြုကာ အခန်းထဲမှ ထွက်ခွာသွားတော့သည်။

* * *

မုစန်း ထွက်ခွာသွားပြီဖြစ်သည်။

အခန်းထဲတွင် မာထုံးနှင့် ဓာပုဝါဖုံးအုပ်ထားသော အမျိုးသမီးကြီးတို့သာ ကျန်ရစ်ခဲ့တော့သည်။

မာထုံးက အခန်းထဲ ခေါက်တုန့်ခေါက်ပြန် လျှောက်လိုက်သည်။ အတန်ကြာမှ အမျိုးသမီးကြီးရှေ့တွင် ရပ်တန့်လိုက်ပြီး…

"အဖြစ်အပျက်ကတော့ မင်းထင်တားတာနဲ့ တက်တက်စင်အောင် လွဲနေတာပဲ၊ အခု မင်းဘာဆက်လုပ်ဦးမလဲ သူ့ကို အကာအကွယ်ပေးဦးမှာလား"



အမျိုးသမီးကြီးထံမှ သက်ပြင်းချသံ သဲ့သဲ့ထွက်ပေါ်လာသည်။

"ကျွန်မအနေနဲ့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ သူတို့ကိုအန္တရာယ်မဖြစ်စေဘဲ အေးအေးချမ်းချမ်း ဖြစ်စေချင်တာတော့ အမှန်ပဲ ဒါပေမယ့်…"

အမျိုးသမီးကြီးက စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့် လိုက်၏။ မာထုံးက သူမ၏ရှေ့တွင် ဝင်ရောက်ထိုင်ချလိုက်၏။

"ညီမ…သူဟာ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျုပ်တို့ကို ဆန့်ကျင်ပြီး ဒုက္ခပေးမှာ သေချာနေပြီ၊ ကိုယ့်ကိုရန်ပြုနိုင်တဲ့လူအပေါ် ဘာကြောင့် ကောင်းချင်ရတာလဲ"

"ကျွန်မက သူ့အတွက် ကောင်းပေးနေတာ မဟုတ်ဘူး၊ ကျွန်မ ဘယ်လိုခံစားခဲ့ရသလဲဆိုတာ ရှင်ကောင်းကောင်းသိပါတယ်"

အမျိုးသမီး၏အသံသည် မကျေနပ်မှုများ ရောစွက်နေ၏။

မာထုံး သက်ပြင်းတစ်ချက် မသိမသာချလိုက်၏။

"ထားပါတော့လေ၊ ဒါပေမယ့် မင်းက လူရွေးမှားနေတယ်၊ ငါတို့နဲ့ပူးပေါင်းဖို့မဟုတ်ယင်တောင်မှ ငါတို့ကို ဆန့်ကျင်မယ့်လူ မဟုတ်တဲ့သူကို ရွေးချယ်သင့်တယ်"

အမျိုးသမီးကြီး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"ဒါ ကျွန်မရဲ့ဆုံးဖြတ်ချက်ပါ၊ ကျွန်မ မဖြစ်ခဲ့တာတွေ နောင်တရခဲ့တာတွေကို ပြန်ပြီး အစားထိုးဖြေသိမ့်နေတာလေ"

မာထုံး၏ မျက်နှာကြီး နီရဲလာ၏။

သူက ဆတ်ခနဲ ထရပ်ယင်း…

"ညီမ…မင်းကို အလျော့ပေးခဲ့ပေါင်းများပြီ၊ သူဟာ ရန်သူဆိုတာ သိသိကြီးနဲ့ ဒီအတိုင်းလွှတ်ထားခဲ့ရတယ်၊ အခု မင်းဖြစ်ချင်သလိုမှ သူက မလိုက်နာနိုင်ဘဲ၊ ဘာတတ်နိုင်မလဲ၊ ဒီတစ်ခါတော့ ကျုပ်က အလျော့ပေးမှာမဟုတ်ဘူး၊ ကြေးနီဓားကို ကျုပ်စစ်ဆေးကြည့်ပြီးပြီ၊ ဒါဟာ ကြေးနီဓားငါးဖော်ရဲ့ မူပိုင်ဓားဆိုတာ သိရှိခဲ့ရတယ်၊ ဟန်စင်းက ကြေးနီဓားငါးဖော် နဲ့ပတ်သက်နေတယ်ဆိုတာ ထင်ရှားနေပြီ၊ ကျုပ်က အခုသံသယဖြစ်စရာအချက်နဲ့ ရန်သူကို တိတိကျကျသိဖို့ လူလွှတ်စုံစမ်းခိုင်းပြီးပြီ၊ ဒီတစ်ခါမှ သေချာယင်တော့ ကျုပ်ပြတ်ပြတ်သားသား လုပ်ရတော့မှာပဲ"

"ရှင်က ယွင်ကူးအတွက် မစဉ်းစားတော့ဘူးလား၊ ဟန်စင်းအပေါ် သူဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်မသိတယ်"

မာထုံး အံကြိတ်လိုက်၏။

"ဟန်စင်းဟာ ငါထင်သလို မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းပေ့ါ၊ ဒီလိုမှမဟုတ်ယင်တော့ ငါလည်း ဘာမှတတ်နိုင်တော့မှာမဟုတ်ဘူး"

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် အခန်းထဲမှ လှမ်းထွက်သွားလေသည်။ အမျိုးသမီးကြီး ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"ဒီပြဿနာကို ဘယ်လိုရှင်းရပ့ါမလဲ"

တစ်ကိုယ်တည်း ညည်းညူယင်း ထိုင်ခုံပေါ် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်လေတော့သည်။

* * *



ဟန်စင်းသည် ဝက်ပါတောင်ခြေအနီးမှ ခေါင်းငိုက်စိုက်ချကာ လျှောက်လာသည်။

သူက ဝမ်းထိန်မြို့မှ နန်းဖွေးတို့ ထံသွားရောက်ခဲ့ခြင်းဖြစ်သည်။

သူတွေးထင်ထားသလိုပင် ကြေးအိုးစားသောက်ဆိုင်မှာ ဗိတ်ထားပြီး နန်းဖွေးတို့လူစု ခြေရာပျောက်သွားချေပြီ။

မည်သို့မျှ စုံစမ်းမရခဲ့ချေ။

သူ့အတွက် ကွင်းဆက်တစ်ခု ပြတ်သွားခဲ့ပြီဖြစ်သောကြောင့် စိတ်ဓာတ်ကျကာ ပြန်လာခဲ့ခြင်းဖြစ်ပေတော့သည်။

* * *

## ပညာ

သူက မည်မျှကြာအောင်ငေးမော၍လျှောက်လာမှန်းမသိ။ လေတိုးသံကြားမှ သတိဝင်လာသည်။

ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်ရာ သစ်ပင်နောက်ကွယ်မှ လူသုံးယောက် ထွက်ပေါ်လာပြီး လမ်းပိတ်ထားသည်ကို တွေ့လိုက်ရသည်။

အနက်ရောင်ဝတ်ဆင်ထားသူ သုံးဦးဖြစ်သည်။

ဓားကိုယ်စီကိုင်ဆောင်ထားပြီး ရူးရဲသော မျက်လုံးများကြောင့် အဆင့်မြင့်ဓားသမားများမှန်း ရိပ်စားမိလိုက်သည်။

ဟန်စင်း သက်ပြင်းချလိုက်သည်။

"ခင်ဗျားတို့က မဟူရာစံအိမ်က ဟုတ်လား"

"ဟုတ်တယ်"

ဓားသမားသုံးယောက်က တပြိုင်နက်တည်း အဖြေပေးလာသလို ဓားချက်များကလည်း ကျရောက်လာသည်။

အလွန်လျင်မြန်တိကျလှသော ဓားချက်များပင်ဖြစ်သည်။



ဟန်စင်းနောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်ပေးလိုက်လျှင် ရှောင်တိမ်းပြီးသားဖြစ်သွား၏။

ဓားသမား သုံးယောက်က ညာသံပေးကာ တိုက်ခိုက်လာကြပြန်သည်။

ဟန်စင်း ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့ရဲ့ ဓားပညာ မဆိုးပါဘူး၊ ဒါပေမယ့် အစွမ်းထက်အောင် အသုံးမချတတ်သေးဘူး"

ပြောပြောဆိုဆို ခါးမှကြေးနီဓားအား ဆွဲထုတ်ကာ ခုတ်ချလိုက်လေသည်။

သူ၏ဓားချက်မှာ ရိုးရိုးရှင်းရှင်းလေးဖြစ်သော်လည်း လျင်မြန်တိကျသည်။

ဓားချက်တစ်ချက်တည်းဖြစ်သော်လည်း လျှပ်ရှားမှုမှာ သုံးကြိမ်တိတိ ပြောင်းလဲသွားသည်။

ဟန်စင်းက ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်...

"အား"

"အွန့်"

"အမယ်လေး"

ဓားသမားသုံးယောက်မှာ ရူးရှစွာ အော်ဟစ်ယင်း လဲကျသွား၏။

သူတို့လဲကျသွားချိန်တွင် ဟန်စင်းလက်ထဲမှ ကြေးနီဓားမှာ ဓားအိမ်တွင်း ပြန်လည်ရောက်ရှိသွားချေပြီ။

အလွန်လျင်မြန်လှသော လျှပ်ရှားမှုပင် ဖြစ်လေတော့သည်။

ရုတ်တရက်...

"ကြေးနီဓားသိုင်းဟာ တကယ်ပဲ ထက်မြက်လှပါတယ်"

စကားသံနှင့်အတူ လူတစ်ယောက် ရိပ်ခနဲ ခုန်ထွက်လာသည်။

ထိုလူအား မြင်လျှင် ဟန်စင်း၏မျက်နှာပေါ်တွင် ထူးခြားသောအရိပ်အယောင်များ ပေါ်ထွက်လာသည်။

ရောက်ရှိလာသူမှာကား သူ့အားမဟူရာအမှတ်အသားပေးသွားခဲ့သော ဝတ်စုံနက်အဘိုးအိုပင် ဖြစ်နေပေတော့သည်။

* * *

ဝတ်စုံနက်အဘိုးအိုသည် တောင်ဝှေးအား မြေပေါ်ထောက်ယင်း တစ်လှမ်းချင်းလျှောက်လာ၏။

သူ၏ပုံစံမှာ သားကောင်ကိုတွေ့သော မြေခွေးတစ်ကောင်ကဲ့သို့ပင်။

အဘိုးအိုသည် လဲကျနေသော ဓားသမားသုံးယောက်အား စောင်းငဲ့၍ပင် မကြည့်ပါချေ။

သူက ဟန်စင်းနှင့်ခြေငါးလှမ်းမျှ အကွာတွင် ရပ်တန့်လိုက်ပြီး...

"မင်းဟာ ကြေးနီဓားသိုင်း တတ်မြောက်ထားတဲ့အတွက် ငါအံ့သြမိတယ်၊ မင်းဟာ ငါတို့ကို ဒုက္ခပေးနိုင်တဲ့လူဆိုတာ ပိုပြီးယုံကြည်လာမိတယ်"



ဟန်စင်းက အဘိုးအိုအား စေ့စေ့ကြည့်ယင်း...

"ခင်ဗျား ဘယ်သူလဲ"

အဘိုးအို အသာအယာပြုံးလိုက်သည်။

"ကျုပ်က မဟူရာစံအိမ်ရဲ့ တတိယအိမ်ထိန်းကြီးပါ၊ သိုင်းလောကသားတွေကတော့ မရဏဝတ်စုံနက်ရှမ်းကုံးလို့ ခေါ်ကြတယ်"

ဟန်စင်း၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"မရဏဝတ်စုံနက်ရှမ်းကုံးဟာ အတော်ကြောက်စရာကောင်းမှန်းသိုင်းလောကသားတွေ ပြောတာ ကျုပ်ကြားဖူးခဲ့ပါတယ်၊ လက်စသတ်တော့ ခင်ဗျားဟာ မဟူရာစံအိမ်ကလူ ဖြစ်နေတာကိုး"

"မင်းအနေနဲ့ ကျုပ်နာမည်ကြားဖူးတာ ဗဟုသုတမဆိုးဘူးလို့ ဆိုရမယ်"

ဟန်စင်း သက်ပြင်းချလိုက်၏။

"ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ လာပြန်ပြီလဲ"

အဘိုးအိုရှမ်းကုံး ရယ်မောလိုက်သည်။

"ကျုပ်တို့ခေါင်းဆောင်က မင်းရဲ့ဇစ်မြစ်ကို သိချင်နေတယ်လေ"

"လွယ်ပါ့မလား"

"မင်းက သိုင်းပညာလျှို့ဝှက်ထားမှန်း ကျုပ်ရိပ်မိပါတယ်အကယ်၍ မင်းသာထုတ်ဖော်ခဲ့မယ် ဆိုယင် ကျုပ်ကသိမှာပဲ"

"ကျုပ်ရဲ့သိုင်းကွက်ကို သိတာနဲ့ တပြိုင်နက် ခင်ဗျားသေသွားမယ်ဆိုတာကော မတွေးမိဘူးလား"

အဘိုးအိုရှမ်းကိုးမှာ ရယ်စရာပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"

ဟန်စင်းက ဟန်မူရာကင်းမဲ့စွာဖြင့် ကြည့်နေ၏။

သို့သော် သူ၏မျက်လုံးအစုံက အရောင်တဖိတ်ဖိတ်တောက်ပနေ၏။

သူ၏စူးရှတောက်ပလွန်းသော အကြည့်ကို သတိပြုမိလိုက်လျှင် ရှမ်းကိုးမှာ ရယ်မောရာမှ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်လိုက်လေသည်။ ပြီးနောက် သက်ပြင်းတစ်ချက်ချကာ...

"ကျုပ်အတွက်တော့ မင်းဘယ်သူလဲဆိုတာ သိရဖို့က အရေးကြီးဆုံးပါ၊ မင်းမှာ မဟူရာအမှတ်အသားမရှိတော့တဲ့အတွက် သေဆုံးသွားလည်း ကျုပ်အပြစ် မရှိတော့ဘူး"

ဟန်စင်းက မျက်တောင်မခတ်တမ်း ကြည့်နေပြီးနောက်...

"ကျုပ်ကို မဟူရာအမှတ်အသား ပေးဖို့စေခိုင်းတာ ခင်ဗျားတို့သခင်ပဲလား"

"ဟုတ်တယ်"

"အခု စေလွှတ်လိုက်တာက နောက်တစ်ယောက်ပေါ့"

ရှမ်းကိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မင်း သိနေတယ် ဟုတ်လား"

ဟန်စင်း ဘာမှမပြောပါ။

ရှမ်းကိုးက သူ့အား စိုက်ကြည့်လာသည်။

အတန်ကြာမှ ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ...



"ကျုပ်သခင်က ကျုပ်ကို ပညာတစ်ခု လက်ဆောင်ပေးထားတယ်၊ မင်းလေ့လာနိုင်အောင် ကျုပ်ပြပေးမယ်"

စကားဆုံးလျှင် အလင်းရောင်တန်းတစ်ခုသည် ဟန်စင်းထံ တိုးဝင်လာသည်။

သို့သော် ဟန်စင်းက လက်ကိုလှုပ်ရှားလိုက်လျှင်...

"ထန်း"

မြည်သံနှင့်အတူ မြေပေါ်ပြုတ်ကျသွားသည်။

ဟန်စင်းက ထိုအရာဝတ္ထုအားမြင်လျှင် မျက်မှောင်ကုပ်သွား၏။

"ခရေပွင့်လက်နက်ပုန်းပါလား"

တီးတိုးရေရွတ်ကာ အဘိုးအိုရှမ်းကိုးအား ကြည့်လိုက်၏။

ရှမ်းကိုး ခေါင်းညိတ်လိုက်သည်။

"မင်း ထင်တာ မမှားဘူး"

ရှမ်းကိုးသည် ခရေပွင့်လက်နက်ပုန်း အသုံးပြုသူမှန်း ထင်[illegible]နေခဲ့ပြီ။

ဦးခေါင်းထဲ၌လည်း အဖြေတစ်ခု ရှင်းလင်းပြတ်သားစွာ ထွက်ပေါ်လာလေသည်။

"လက်စသတ်တော့ ခင်ဗျားတို့သခင်ကသွေးသခင်မပဲကိုး"

ရှမ်းကိုး မငြင်းပါချေ။

"ဟုတ်တယ် သိုင်းလောကသားတွေ သေပြီလို့ယူဆထားတဲ့ သွေးသခင်မဟာ မဟူရာစံအိမ်ရဲ့မျိုးဆက်ပဲ"

"သူ မသေဘူး ဟုတ်လား"

"ဟုတ်တယ်၊ သူဟာ အကြောင်းတစ်ခုကြောင့် သေပြီလို့ သကင်းလွှင့်ပြီး ဓာတ်မြုပ်သွားခဲ့တာပဲ"

ရှမ်းကုံးက သူ့အားချီးကျူးသော အကြည့်ဖြင့် ကြည့်လိုက်သည်။ ဟန်စင်း၏လက်ထဲမှ ဓားကိုကြည့်ယင်း…

"မင်းရဲ့ဓားထုတ်ပုံဟာ အတော်လေး လျင်မြန်လှပါတယ် ကျုပ်က သခင်မဆီက ခရေပွင့်လက်နက်ပုန်းပညာကို ရပြီးကတည်းက လွဲချော်သူဆိုလို့ မင်းတစ်ယောက်ထဲပဲ ရှိသေးတယ်"

ဟန်စင်း အသာပြုံးလိုက်သည်။

"ကျုပ်ရဲ့ဓစ်မြစ်ကို သိချင်ယင် ဒီထက်ပိုကြိုးစားလိုက်ပါဦး"

ရှမ်းကုံး၏မျက်နှာပေါ်တွင် လူသတ်လိုသော အရိပ်အရောင်များ ထွက်ပေါ်လာသည်။

သူက စကားတစ်လုံးမျှ မပြောတော့ပါ။

ဟန်စင်းအနီး လွှားခနဲ ခုန်ဝင်ကာ တောင်ဝှေးဖြင့် ထိုးသွင်းလိုက်၏။

ဟန်စင်း၏ဓားဖြင့် ခုခံတိုက်ခိုက်လိုက်၏။

တခဏအတွင်းမှာပင် သိုင်းကွက်ငါးကွက်တိတိ ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သည်။

ရှမ်းကုံး အတော်ပင် အံ့သြနေသည်။

ပထမတစ်ကြိမ်က အလွယ်တကူ အနိုင်ရခဲ့သော ဟန်စင်းသည်ယခုအခါတွင် သူ၏ပြောင်းလဲမှု သိုင်းငါးကွက်ကိုပင် ခုခံချေဖျက်လိုက်နိုင်သည်။



ဟန်စင်း၏ပညာသည် သူထင်ထားသည်ထက် ပို၍ထက်မြက်မြင့်မားမှန်း ရိပ်စားမိလျှင် မပေါ့ဆဝံ့တော့ပါချေ။

"ယား"

ရှမ်းကုံးက ညာသံပေးကာ သိုင်းကွက်ပြောင်းလဲ၍ တိုက်ခိုက်လိုက်သည်။

ယခု တစ်ကြိမ် တိုက်ခိုက်မှုသည် ပြင်းထန်ကာ ရက်စက်လွန်းလှသည်။

ဟန်စင်းကလည်း သိုင်းကွက်ပြောင်းလဲကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

နှစ်ယောက်သား ရင်ဆိုင်မိလျှင်….

"ခြွမ်း"

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာပြီး ရှမ်းကုံး၏လက်ထဲမှ တောင်ဝှေးသည် သုံးပိုင်းတိတိပြတ်ထွက်သွားလေသည်။

ရှမ်းကုံး ကပျာကယာ နောက်ဆုတ်သွားသည်။

ဟန်စင်း မည်သည့်ဓားကွက်အသုံးပြုလိုက်ကြောင်း သူ့အနေဖြင့် လုံးဝမသိပါချေ။

ရှမ်းကုံး၏ရင်ထဲ လေးလံလာမိသည်။

အပိုင်းပိုင်းဖြစ်နေသော တောင်ဝှေးအား ငေးကြည့်ယင်း…

"ဒါ ဘာဓားကွက်လဲ"

"ခင်ဗျား မသိတဲ့ဓားကွက်ပဲပေါ့၊ ဒီဓားကွက်ကို ပြည်မက လူတွေ မတွေ့ဖူးကြဘူး"

ဟန်စင်းကလေသံအေးအေးဖြင့်ပြောယင်း ကြေးနီဓားအား ပြန်လည်သိမ်းဆည်းလိုက်သည်။

"ကျုပ်က လက်နက်နဲ့ အနိုင်မယူချင်ဘူး၊ ခင်ဗျားကို သုတ်သင်ဖို့ ဆုံးဖြတ်ထားတဲ့အတွက် အခုအချိန်ကစပြီး ကိုယ့်လွတ် မြောက်ဖို့အတွက် ကြိုးစားအားထုတ်ပေတော့"

"တောက်…အတော်ကြီးကျယ်တဲ့ကောင်"

ရှမ်းကိုး ဒေါသတကြီး ရေရွတ်ယင်း ခုန်ဝင်တိုက်ခိုက်လာ သည်။

ယခုတစ်ကြိမ် တိုက်ခိုက်မှုသည် ပြောင်းလဲမှုများကား အ လွန်ပင်ရှုပ်ထွေးနေ၏။

လက်သီး၊ လက်ဝါး၊ လက်ချောင်းကလေးများ ပုံသဏ္ဌာန် အမျိုးမျိုးပြောင်းလဲကာ တရစပ် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

တနည်းအားဖြင့် သူက ဟန်စင်းအား အသေသတ်ရန် ကြိုး စားလိုက်ခြင်းပင်။

ဟန်စင်း၏မျက်နှာ ပို၍တည်ကြည်လေးနက်လာ၏။

သူ၏လက်ချောင်းများ ကွေးညွတ်လာပြီးနောက်…

"ယား"

ညာသံပေးကာ ဆတ်ခနဲ တုန့်ပြန်တိုက်ခိုက်လိုက်တော့ သည်။

တိုက်ခိုက်မှုများ ရောထွေးသွားပြီး မရှေးမနှောင်းမှာ ရှမ်း ကိုးနောက်ဆုတ်သွားရသည်။

သူ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေ၏။



"မင်း…မင်း"

ဟန်စင်း သက်ပြင်းချလိုက်၏။

"အခု ကျုပ်ရဲ့ဇစ်မြစ်ကို ခင်ဗျားသိသွားလောက်ပါပြီ၊ ဒါ ပေမယ့် ခင်ဗျား သတင်းပို့နိုင်တော့မှာ မဟုတ်ပါဘူး"

ရှမ်းကိုး၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။

"သေမိန့်လက်ချောင်း သိုင်းကွက် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် မင်းဟာ…"

ရှမ်းကိုးသည် စကားဆုံးအောင်ပင် မပြောနိုင်တော့ဘဲ ဝုန်း ခနဲလဲကျကာ ငြိမ်သက်သွားတော့သည်။

သူ၏ရင်ဘတ်တွင် နက်ရှိုင်းသော လက်ငါးချောင်းရာ အထင်းသားဖြစ်ပေါ်နေပြီး သွေးများ တစိမ့်စိမ့်ထွက်နေ၏။

ဟန်စင်း သက်ပြင်းချလိုက်သည်။

ထို့နောက် ချာခနဲ လှည့်ကာထွက်ခွာသွားလေတော့သည်။

* * *

ဟန်စင်း ထွက်ခွာသွားပြီ ဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး လှုပ်ရှားမှု ကင်းမဲ့နေ၏။

တရက် ချုံဖုတ်တစ်ခု လှုပ်ရှားပြီးနောက် လူတစ်စု ထွက်ပေါ်လာသည်။

သူတို့ကား နန်းဖွေးတို့လူစုပင် ဖြစ်သည်။

ခါးကုန်းအဘိုးအိုသည် ဟန်စင်းထွက်သွားရာဘက်သို့ငေး ကြည့်နေသည်။

နန်းဖွေး၏မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် တောက်ပနေ၏။

အတန်ကြာလျှင် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ် ပါပါဖြင့် ကြည့်လိုက်ကြ၏။

"သူ…သူဟာ"

ခါးကုန်းအဘိုးအိုမှာ စိတ်လှုပ်ရှားမှုကြောင့် ထစ်ထစ်ငေါ့ ငေါ့ဖြစ်နေ၏။

နန်းဖွေးက ရှမ်းကုံး၏ရင်ဘတ်မှ ဒဏ်ရာအား စစ်ဆေး ကြည့်လိုက်ပြီးနောက်…

"သူဟာ သခင်လေးကောင်းယုံပဲ"

ဝမ်းသာအားရလေသံဖြင့် မှတ်ချက်ချပြောဆိုလိုက်လေ တော့သည်။

* * *

မာထုံး၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေ၏။

သူ၏ရှေ့တွင် သေဆုံးနေသူတစ်ယောက် ရှိနေ၏။

နန်ဖွေးအား စောင့်ကြည့်ခိုင်းထားသော ဆံဖြူမြေခွေး ဇာ ကျင့်ပင် ဖြစ်လေသည်။

ဇာကျင့် မသေဆုံးမီ စကားတစ်ခွန်းတည်း ပြောခဲ့နိုင်သည်။



ယင်းမှာ…

"သံမဏိလက်"

ဟူ၍ပင် ဖြစ်သည်။

မာထုံးမှာ အကင်းပါသူပီပီ အခြေအနေအား တွက်ဆမိ လိုက်ပြီ ဖြစ်သည်။

နန်ဖွေးအမည်ခံသူသည် ကိုးနဝင်းဂိုဏ်းမှ သံမဏိလက် ကျင်းရွှေ ဖြစ်နေချေပြီတကား။

မာထုံးသည် အင်အားစုစည်းထားရန် အမိန့်ပေးလိုက်သံ သည် မဟူရာစံအိမ်တစ်ခုလုံး ပျံ့နှံ့သွားလေတော့သည်။

* * *

## ပဟေဠိပုစ္ဆာအဖြေ

ဟန်စင်း ထိုက်ယန်မြို့ထဲ ဝင်လာချိန်တွင် မီးရောင်များ ထိန်ထိန်လင်းအောင် ထွန်းညှိထားပြီ ဖြစ်သည်။

သူက ဟန်ရိတောင်း၏အိမ်သို့ ပြန်လာခဲ့သည်။

ဟန်ရိတောင်းနှင့် ယွင်ကူးအား အဆင်သင့်ပင် တွေ့လိုက်ရသည်။

ဟန်စင်းက သူတို့နှင့်အတူ ဝင်ထိုင်ယင်း...

"ဦးလေး အခြေအနေ ဘာထူးလဲ"

ဟန်ရိတောင်း ခေါင်းညိတ်လိုက်သည်။

"ထူးတယ် သခင်လေး"

"ဆိုစမ်းပါဦး"

"ကျုပ်က သံမဏိလက်ရဲ့ သူလျှိုနဲ့ တွေ့ခဲ့ပြီး ရန်သူ့ တည်နေရာကို သိခဲ့ရပြီ"

ဟန်စင်း အံ့သြသွားသည်။

"ဦးလေးကျင်းရွှေ ဟုတ်လား"



"ဟုတ်တယ်၊ သခင်လေး နန်ဖွေးဆိုတာ တခြားလူ မဟုတ်ဘူး ကျင်းရွှေပဲ"

ဟန်စင်း နဖူးအား လက်ဝါးဖြင့် ရိုက်လိုက်၏။

"သေပါတော့ဗျာ၊ အချင်းချင်းဆိုတာ မသိခဲ့ရဘူး"

ဟန်ရိတောင်းကား အခြားသူ မဟုတ်ပါ။

ကြေးနီဓားငါးဖော်တွင် ကျစ်ရစ်ခဲ့သော အမှတ်တစ်ဟန်ကျောင်းပင် ဖြစ်ပြီး ဝမ်ရယ်၏ အဆက်အသွယ်ပင် ဖြစ်သည်။

"ဒါဖြင့် ကျွန်တော် ဆောင်ရွက်ပေးခဲ့တဲ့ လျှို့ဝှက်စကားက ကိုးနဝင်း အမိန့်ကြေးပြားရာဖို့ သဲလွန်စ ဖြစ်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် သခင်လေး"

ထိုစကားအား ဟန်ရိတောင်း(ဝါ)ဟန်ကျောင်းက ပြောလိုက်ခြင်း မဟုတ်ပါ။

အခန်းတွင်းသို့ ဝင်လာသူ နန်းဖွေးက ပြောလာခြင်း ဖြစ်သည်။

နန်းဖွေးတို့လူစုအား မမျှော်လင့်ဘဲ တွေ့ရလျှင် ဟန်စင်းသာမက ဟန်ကျောင်းပါ အံ့သြသွားသည်။

"ကျုပ် ကျင်းရွှေ သခင်လေးကို ဂါရဝပြုပါတယ်"

နန်းဖွေးနှင့်တကွ ခါးကုန်းအဘိုးအိုတို့လူစုက ဦးညွှတ်အရိုအသေပေးလာကြ၏။

တဖန် နန်ဖွေးက မျက်နှာပေါ်မှ သားရေတုအား ဆွဲခွာလိုက်လျှင် တည်ကြည်ခန့်ညားသော အဘိုးအိုတစ်ဦး၏ရုပ်သွင် ထွက်ပေါ်လာသည်။

ထိုအဘိုးအိုကား သံမဏိလက်ဟု သတင်းကြီးနေသော ကျင်းရှေပင် ဖြစ်လေသည်။

ယင်းအခိုက်မှာပင် မြင်းခွာသံများ တဖြောင်းဖြောင်း ထွက်ပေါ်လာပြီး အိမ်ရှေ့အရောက်တွင် ပျောက်ကွယ်သွားသည်။

ဟန်ကျောင်းတို့ အံ့ဩသွားမှန်းသိလျှင် ဟန်စင်းက လက်ကာပြလိုက်၏။

"ကျွန်တော် စာပို့ခိုလွှတ်ပြီး ဦးလေးဝမ်းရယ်ကို အကြောင်းကြားခဲ့တာပါ"

သူ၏စကားအဆုံးတွင် ဝမ်းရယ်အပါအဝင် အဖြူရောင်ဝတ်ဆင်ထားသူကိုးဦး အိမ်ထဲ ဝင်ရောက်လာကြ၏။

သူတို့က ဟန်စင်းအား ဦးညွှတ်လိုက်သည်။

ဝမ်းရယ်က...

"သခင်လေး စာပို့ခိုလွှတ်လိုက်တဲ့အတွက် ဂိုဏ်းကိုးဂိုဏ်းက ကိုယ်ရံတော်သိုင်းသမားတစ်ယောက်စီခေါ်ပြီး ထွက်လာခဲ့တာပါ"

ဟန်ကျောင်း၏မျက်နှာ ပြုံးရွှင်နေ၏။

"အမြဲတိတ်ဆိတ်နေတဲ့ ကျုပ်အိမ်လေးက အခုမှပဲ လူစုံတက်စုံဖြစ်ပြီး စည်ကားတော့တယ်ဟေ့"

သူက အရွှန်းဖောက်ကာ ပြောလိုက်လျှင် အားလုံး၏မျက်နှာ ပြုံးယောင်သမ်းသွားကြ၏။

* * *



ယွင်ကူးမှာ အဖြစ်အပျက်ကို မယုံကြည်နိုင်သလို ဖြစ်နေ၏။ ဟန်စင်းကိုလည်း ငေးကြည့်နေမိသည်။

ဟန်စင်းက သူမ၏လက်ကလေးအား အသာဆုပ်ကိုင်လိုက်ပြီး...

"ညီမကို အစ်ကို့ရဲ့ လျှို့ဝှက်ချက် ဖွင့်ပြောပါတော့မယ်၊ တကယ်တော့ အစ်ကိုဟာ ကိုးနဝင်းဂိုဏ်းချုပ်ရဲ့သား ကောင်းယုံပါပဲ၊ ဖေဖေ့ကို လုပ်ကြံသွားတဲ့ ယက္ခဂိုဏ်းချုပ် မားထုံကို ခြေရာခံဖို့ ဒီကို ရောက်လာတာပါ"

ယွင်ကူး မျက်လုံးလေး ဝိုင်းသွား၏။

နာမည်ကြီးလှသော ကိုးနဝင်းဂိုဏ်းအကြောင်း သူမ ကောင်းစွာ ကြားဖူးထားလေသည်။

"အစ်ကိုက ကိုးနဝင်းဂိုဏ်းချုပ်ရဲ့သား ဟုတ်လား"

"ဟုတ်ပါတယ် ညီမ၊ အခု ဒီမှာ ရှိသူအားလုံးက ကိုးနဝင်းဂိုဏ်းက လူတွေပါပဲ၊ အစ်ကို့အနေနဲ့လဲ မရှင်းတာတွေ ရှိသေးလို့ မေးကြည့်ရဦးမယ်၊ ညီမဘေးက နားထောင်ယင်းနဲ့ အဖြစ်မှန်ကို စုံစုံစေ့စေ့ သိလာမှာပါ"

ကျင်းရှေက ပြုံးယင်းမှ ဝင်ပြောလာသည်။

"သခင်လေး မရှင်းတဲ့ အချက်တွေကို ကျုပ်ကပဲ စတင်ပြီး ပြောပြပါ့မယ်၊ တကယ်တော့ ခေါင်းဆောင်ကြီးဟာ တံဆိပ်ပြားရာဖို့ အတွက် အဖွဲ့တစ်ခုကို လျှို့ဝှက်ဖွဲ့စည်းပြီး ကျုပ်ကို တာဝန်ပေးခဲ့တယ်၊ အဲဒီနောက်ပိုင်း ကျုပ်က ကိုးနဝင်းဂိုဏ်းက ထွက်လာခဲ့တော့တာပဲ၊ အမျိုးမျိုး စုံစမ်းယင်းနဲ့မှ တံဆိပ်ပြားဟာ ကျင်းလန်းဒေသမှာ

ပျောက်ဆုံးသွားမှန်း စုံစမ်းရခဲ့တယ်"

အားလုံးမှာ သူ၏စကားအား စိတ်ဝင်စားစွာဖြင့် နား ထောင်နေကြသည်။

ကျင်းရွှေက ဆက်ပြောလိုက်သည်။

"နယ်ခြားဘီလူးကို တစ်ချိန်က ဆုံးမပြီး အပြန် တိုက်ပွဲနှစ်ကြိမ် ဖြစ်ပွားခဲ့တယ်၊ ကျင်းလန်းဒေသမှာ အဆိုးဆုံးပဲ၊ ရန်သူတွေဟာ မဟူရာစံအိမ်က လူတွေဆိုတာ နောက်ပိုင်းမှ စုံစမ်းရမိခဲ့ပြီး ဝမ်းထိန်မြို့မှာ အခြေချလှုပ်ရှားခဲ့တာပဲ၊ စိန်ကြူး၊ ထန်အင်းနဲ့ နောက်တစ်ယောက်ကို ဝင်္ကပါတော်မှာ လှုပ်ရှားနေတဲ့ အဖွဲ့ထဲ ဝင်ရောက်သူလျှိုလုပ်ခိုင်းယင်းက မဟူရာစံအိမ် လှုပ်ရှားနေမှန်း သိခဲ့ရတာပါ၊ နောက်ပြီး သူတို့ရဲ့ အတွင်းရေးပါ သိခဲ့ရပြီး တံဆိပ်ပြားရှာဖို့ လမ်းစတွေ့ခဲ့တာပါ"

"ဘာများလဲ"

ဟန်စင်း(ဝါ)ကောင်းယုံက စိတ်ဝင်တစား မေးလိုက်၏။

ကျင်းရွှေက သက်ပြင်းတစ်ချက်ချယင်း...

"ကျင်းလန်းတောင်တိုက်ပွဲမှာ ရန်သူကို အောင်နိုင်ခဲ့ပေမယ့် ခေါင်းဆောင်ကြီးကိုယ်ပေါ်က တံဆိပ်ပြား ထွက်ကျခဲ့တယ်၊ ဒါကို ခေါင်းဆောင်ကြီး အပါအဝင် ကျုပ်တို့တွေ အားလုံး မသိခဲ့ဘူး၊ အဲဒီ တံဆိပ်ပြားကို မဟူရာစံအိမ်က ကိုယ်ရံတော်ခေါင်းဆောင် စိမ်းချီဆိုသူက ရရှိခဲ့ပြီး သစ္စာဖောက် ထွက်ပြေးတိမ်းရှောင်ခဲ့တယ်၊ မဟူရာစံအိမ်က လူတွေ စိမ်းချီနောက် သဲကြီးမဲကြီးလိုက်ယင်း တိုက်ပွဲ ဖြစ်ပွားခဲ့တယ်၊ စိမ်းချီလဲ ဒဏ်ရာပြင်းစွာ ရခဲ့ပေမယ့် လွတ်မြောက်ခဲ့



တယ်၊ သူဟာ တံဆိပ်ပြားကို မိတ်ဆွေတစ်ယောက်ဆီ အပ်နှံထားခဲ့ပြီး လျှို့ဝှက်စကားလုံးရဲ့ မေးခွန်းနဲ့ အဖြေကို သင်ကြားပေးခဲ့တယ်၊ နောက်ပိုင်း စိမ်းချီဟာ သေလုမျောပါး ဖြစ်နေတဲ့အချိန်မှာ ကျုပ်တို့ ခြေရာခံမိခဲ့တယ်၊ သူက နောင်တရပြီး မသေခင် လျှို့ဝှက်မေးခွန်း ဖြစ်တဲ့ ကောင်းကင်ရတနာဆိုတာကို ပြောပြခဲ့ပြီး ကျိုကျားတောင်က ဆရာတော်ဂူးထံ သွားဖို့ လမ်းညွှန်ပြီး သေဆုံးခဲ့တယ်၊ မဟူရာစံအိမ်က လူတွေ ခြေရှုပ်နေတာမို့ သူလျှိုလုပ်နေတဲ့ ထန်အင်းကို စုံစမ်းခိုင်းပေမယ့် အခွင့်မသာလို့ သခင်လေးဆီက ပြန်ပြီး အကူအညီတောင်းခဲ့ရတယ်၊ မဟူရာစံအိမ်ကလည်း သူလျှိုတွေကို ဖော်ထုတ်မိတာနဲ့ တပြိုင်နက် စိမ်းချီရဲ့မိတ်ဆွေဖြစ်တဲ့ ဆရာတော်ဂူးကို စောင့်ကြည့်လာကြတယ်၊ ဒါပေမယ့် စကားဝှက် မမေးနိုင်တဲ့အတွက် ဆရာတော်ဂူးဆီက အဖြေကို မရခဲ့တာပဲ၊ နောက်ပိုင်းတော့ သခင်လေးနဲ့တွေ့ပြီး စကားဝှက်အဓိပ္ပါယ်ကို ရှာနိုင်ခဲ့တယ်"

"နေဝန်း စောင့်မျှော်ဆိုတာ ဘယ်လိုအဓိပ္ပါယ်လဲ"

ဟန်စင်း(ဝါ)ကောင်းယုံက မေးလိုက်လျှင် ကျင်းရွှေက ရှင်းပြလာ၏။

"ကျုပ်တို့လည်း အပြင်းအထန် စဉ်းစားပြီးမှ အဖြေရခဲ့တာပါ၊ တခြားတော့ မဟုတ်ဘူး၊ ထင်ကျားမြို့ပြင်မှာ နေဝန်းဘုံကျောင်းရှိတယ်၊ အရုပ်လေးမျက်နှာ မျက်နှာမူပြီး ဆောက်လုပ်ထားတဲ့ ရုပ်တုလေးခုအနက် အရှေ့ဘက်ရုပ်တုဟာ နေထွက်တာကို စောင့်မျှော်တဲ့ဟန် ရှိတယ်၊ အမိန့်ကြေးပြားဟာ အဲဒီ ရုပ်ထုအောက်ခြေမှာ ဝှက်ထားတာပါ၊ နောက်တစ်ချက်က အရင်တုန်းက ဆရာတော်ဂူးက နေ

ဝန်းဘုံကျောင်းမှာ နေထိုင်သွားဖူးတယ်လေ၊ နောက်ပိုင်းမှ ကျိုက္ကျား တောင်ကုန်းအနီး ပြောင်းရွှေ့သွားခဲ့တာပါ"

အားလုံး သဘောပေါက်သွားကြပြီ ဖြစ်သည်။

ကိုးနဝင်း အမိန့်ကြေးပြား ပြန်လည်ရရှိသည့်အတွက်လည်း ဝမ်းသာနေကြသည်။

ကျင်းရွှေက တံဆိပ်ပြား ထည့်ထားသော သေတ္တာနှင့်အတူ ဝါကျင့်ကျင့် စာရွက်ခေါက်လေးအား ပေးလာသည်။

ကောင်းယုံက ယူ၍ ဖတ်ကြည့်လိုက်၏။

စာထဲတွင်...

"ကျွန်ုပ်သည် လောဘကြောင့် မိုက်မှားမိခဲ့သည့်အတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ပါ၊ ကိုးနဝင်း အမိန့်တံဆိပ်ပြားအား ရရှိသူသည် ပိုင်ရှင်ထံ ပြန်ပို့ပေးစေလိုသည်။ သို့မဟုတ်ပါက မှန်ကန်စွာ အသုံးချစေလိုပါသည်။

စိမ်းချို"

ဟူ၍ ရေးသားထားလေသည်။

"သူက နောင်တရသွားတာ သေချာတယ်"

စာကို အားလုံးကြားအောင် ဖတ်ပြပြီးနောက် ကောင်းယုံက မှတ်ချက်ပြုလိုက်၏။

ထိုစဉ် ဟန်ကျောင်းက ဝင်ပြောလာသည်။

"ကျုပ်ဂိုဏ်းက နှုတ်ထွက်ခဲ့ရခြင်း အကြောင်းကတော့ သခင်လေးကို လိုအပ်တဲ့ တစ်နေ့မှာ အကူအညီ ပေးဖို့ ဝှက်ဖဲအဖြစ် အသုံးပြုခဲ့တာပါ၊ ကျင်းရွှေနဲ့ ကျုပ်ကို လျှို့ဝှက်တာဝန်ပေးခဲ့မှန်း



ကျုပ်တို့ချင်းတောင် မသိခဲ့လို့ အချိန်တွေ ကြာသွားခဲ့ရတာပါ"

သူ၏စကားအဆုံး ဝမ်းရယ်က ဝင်ပြောလာသည်။

"ခေါင်းဆောင်ကြီးရဲ့ လျှို့ဝှက်မှုကိုတော့ ကျုပ်တော့ သြချမိတယ်ဗျာ၊ ဟန်ကျောင်းရှိတဲ့နေရာကို အသိပေးပြီး ကျင်းရွှေကို ကျတော့ လျှို့ဝှက်ထားခဲ့တယ်"

"ဒါထက် စိန်ကြူး၊ ထန်အင်း အပြင် နောက်ထပ် သူလျှိုက ဘယ်သူလဲ"

ကောင်းယုံက မေးလိုက်သည်။

ကျင်းရွှေက အသာပြုံးယင်း...

"ပွဲစားကြီးမုစန်းပဲပေါ့"

ကောင်းယုံက အံ့သြသွားပြီး ယွင်ကူးနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကျင်းရွှေက ဆက်ပြောလာသည်။

"မုစန်းက မကြာမီ မဟူရာစံအိမ်ရှိတဲ့ နေရာကို ဖော်ထုတ်နိုင်တော့မှာပါ"

ထိုအခါ ဟန်ကျောင်းက ဝင်ပြောလာ၏။

"သခင်လေး တာဝန်ပေးချက်နဲ့ ကျုပ်သွားစုံစမ်းတော့ မုစန်းနဲ့ တွေ့ခဲ့တယ်၊ ကျုပ်က ကြေးနီခါးငါးဖော်ထဲက ဟန်ကျောင်းမှန်း သိလို့ လျှို့ဝှက်ဆက်သွယ်လာတာပဲ၊ မဟူရာစံအိမ်ရဲ့ လျှို့ဝှက်နေရာကို ကျုပ်သိခဲ့ရတယ်၊ မာထုံးလဲ အဲဒီမှာပဲ"

"ဟာ သိပ်ကောင်းတာပေါ့၊ ဒီလိုမှန်းသိယင် လူအင်အားများများ ခေါ်လာပါတယ်"

ဝမ်းရယ်က အားတက်သရော ဝင်ပြောလိုက်သည်။

ကောင်းဆုံက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး—

“အခုဆိုရင် အမိန့်ကြေငြာဟဲရပြီ၊ ရန်သူ့စခန်းကိုလဲ သိပြီဆိုတော့ ချေမှုန်းဖို့ အစီအစဉ် ဆွဲကြတာပေါ့”

“ဟာ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ”

အားလုံးမှာ ကောင်းဆုံ၏စကားအား တခဲနက် ထောက်ခံလိုက်ကြတော့သည်။

* * *



## အမှောင်နိဂုံး

ဝက်ပါတောင် အနောက်ဘက် ကျောက်တောင်ကြီးသည် မတ်စောက်ကာ ပြောင်ချောနေသည်။

ရုတ်တရက် ကျယ်လောင်သော အသံတစ်ချက်နှင့်အတူ ကျောက်သားပြင်သည် လှုပ်ရှားလာပြီးနောက် မြင်းလှည်းတစ်စီး ဝင်သာရုံမျှ အပေါက်တစ်ပေါက် ဖြစ်ပေါ်လာခဲ့သည်။

အထဲမှ အနက်ရောင်ဝတ်ဆင်ထားသူ သုံးဆယ်ကျော်မျှ ထွက်ပေါ်လာခဲ့သည်။

အမှန်စင်စစ် ဤကျောက်နံရံထဲတွင် မဟူရာစံအိမ် လျှို့ဝှက်ဌာနခွဲရှိပြီး တောင်အား ဥမင်လိုဏ်ခေါင်းဖောက်ကာ တစ်ဘက် ထိပ်ဝါးတောထဲတွင် မဟူရာစံအိမ် ရှိနေပါသည်။

ဝါးတောဝက်ပါ ပြုလုပ်ထားခြင်းကြောင့် မဟူရာစံအိမ်ဌာနချုပ်အား တော်တန်ရုံလူ မရောက်နိုင်သည့်အပြင် မသိခြင်းလည်း

ဖြစ်ပေသည်။

ယနေ့ညတွင် မဟူရာစံအိမ်၏ အရှင်သခင်တစ်ဦး ဖြစ်သော မာထုံး၏ အမိန့်ဖြင့် တိုက်ပွဲဆင်နွှဲရန် ထွက်လာခဲ့ကြခြင်းပင်။

မာထုံး၏ အမိန့်မှာ နန်းဖွေး၊ ဟန်စင်းနှင့် မသက်ာသူအား လုံးကို တိုက်ခိုက်သုတ်သင်ရမည်ဟူပင် ဖြစ်သည်။

* * *





ထွက်ပေါ်လာပြီးနောက် သစ်ပင်ကြားမှ လူတစ်စုထွက်ပေါ်လာကာ ဆီးကြိုတိုက်ခိုက်ခြင်းကို ခံလိုက်ရလေသည်။

ယင်းလူစုသည် ကောင်းယံတို့ လူစုဖြစ်နေသည့်တကား။

* * *

မာထုံး၏မျက်နှာ ဟင်းမာခက်ထန်နေသည်။

သူ၏ရှေ့တွင် လူနှစ်ယောက် ရပ်နေသည်။

မုစန်းနှင့် ပထမအိမ်ထိန်းကြီးကုန်းထိုပင် ဖြစ်သည်။

"ရန်သူက လျှို့ဝှက်စခန်းကို သိနေပြီဆိုတော့ ဒီနေရာကို လည်း မကြာခင်ရောက်လာလိမ့်မယ်၊ ဒါဟာ တစ်စုံတစ်ဦးရဲ့သစ္စာဖောက်မှုကြောင့်ပဲ ဖြစ်မယ်"

မာထုံးက မုစန်းနှင့်ကုန်းထိုအား စေ့စေ့ကြည့်လိုက်သည်။

"မုစန်း..မင်းညနေက ဘယ်ပျောက်သွားလဲ"

"ကျုပ်"

မုစန်း မျက်စိမျက်နှာ ပျက်သွား၏။

မာထုံး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းရဲ့လှုပ်ရှားမှုတွေက သံသယရှိစရာပဲ၊ စအိမ်လျှို့ဝှက်ချက်တွေကို စိန်ကြူး၊ ထန်အင်းတို့ကတဆင့် နန်းဖွေးအယောင်ဆောင်ထားတဲ့ သံမဏိလက်ဆီပေးပို့ခဲ့တယ် မဟုတ်လား"

မုစန်းမှာ မထူးတော့ပြီမို့ ညာသံပေးကာတိုက်ခိုက်လိုက်လေသည်။

သို့သော် သူ၏တိုက်ခိုက်မှုမှာ မာထုံးထံမကျရောက်မီမှာပင် ကုန်းထို၏လက်ချောင်းကလေးများက သူ၏ရင်ဘတ်အားကုတ်ဆွဲချလာသည်။

မုစန်းမှာ အသံပင်မထွက်နိုင်တော့ဘဲ လဲကျသွား၏။

မာထုံး ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်..ကျုပ်ယုံကြည်ရတာ မင်းတစ်ယောက်ပဲ



ရှိတော့တယ်။ ဒီကိုရောက်လာသူမှန်သမျှကို ငရဲပြည်ပို့ကြရအောင်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် လူသုံးယောက်အခန်းထဲဝင်ရောက်လာကြသည်။

ကောင်းယုံ၊ ဟန်ကျောင်းနှင့်ယွင်ကူးတို့ပင် ဖြစ်သည်။

ယွင်ကူးက အတင်းပူဆာ၍ လက်လျှော့ကာခေါ်လာရခြင်းဖြစ်လေသည်။

မာထုံး၏မျက်လုံးများ ဝင်းလက်တောက်ပလာသည်။

"နောက်ဆုံးတော့ မင်းရောက်လာပြီကိုး၊ ကြေးနီစားအပြင် သံမဏိလက်နဲ့ ပတ်သက်ခဲ့ကတည်းက မင်းဟာ ကောင်းရိလုံရဲ့သားဆိုတာ ကျုပ်တွေးမိခဲ့ဖို့ကောင်းတယ်"

ဝမ်းရယ်တို့လူစုသည် ဝက်ပါအားဖျက်ဆီးပြီး ပျော်စရာဂေဟာကို ချေမှုန်းနေကြသည်။

သူကမူ မာထုံးအား အလွတ်မပေးလို၍ ထိုးဖောက်ဝင်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

ကောင်းယုံ ပြုံးလိုက်၏။

"နောက်ဆုံးတော့ ခင်ဗျား ပြေးမလွတ်တော့ဘူး မဟုတ်လား"

မာထုံး ဘာမျှပြန်မပြောတော့ပါ။

ညာသံပေးကာ ကောင်းယုံအား ခုနီဝင်တိုက်ခိုက်လိုက်၏။

ကုန်းထိုကလည်း ဟန်ကျောင်းအား တိုက်ခိုက်လိုက်သည်။

[illegible]က်ပွဲပြင်းထန်စွာ ဖြစ်ပေါ်လာတော့သည်။

ကောင်းယုံသည် ဖခင်ထံမှ သေမိန့်လက်ချောင်းပညာကို

ရထားသည့်အပြင် တောင်ပင်လယ်ကျွန်းမှ ဓားပညာအား ရရှိထားသည်။

သူ၏သိုင်းပညာအဆင့်နှင့် မာထုံးအား ကောင်းစွာယှဉ်ပြိုင်နိုင်သည်။

သို့သော် ကောက်ကျစ်မှုနှင့် အတွေ့အကြုံကိုကား မာထုံးနှင့်မယှဉ်နိုင်ပါချေ။

ထို့ကြောင့် အချိန်ကြာလာသည်နှင့် ကောင်းယုံမှာ ခံစစ်သက်သက် ဖြစ်လာခဲ့သည်။

တစ်ကြိမ်တွင် ကောင်းယုံ ခြေလှမ်းပျက်သွားသည့် အချိန်တွင် မာထုံးက လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ကောင်းယုံအနေဖြင့် မရှောင်တိမ်းနိုင်ဘဲ ဒဏ်ရာပြင်းစွာ ရသွားမည်မှာ သေချာလှ၏။

ထိုအခိုက် ယွင်ကူးသည် ကြားဝင်ကာ ကောင်းယုံရှေ့တွင် အကာအကွယ်ပြုထားလိုက်၏။

မာထုံး မျက်လုံးပြူးသွားသည်။

တိုက်ခိုက်မှုကို ရုပ်သိမ်းကာ ကပျာကယာ နောက်ဆုတ်သွားလေသည်။

သူ အဘယ်ကြောင့် နောက်ဆုတ်သွားရကြောင်း ကောင်းယုံမစဉ်းစားနိုင်အားပါ။

ကြေးနီဓားဖြင့် လျှပ်တပြက် ပစ်လွှတ်လိုက်လေသည်။

မာထုံးထံမှ မသဲမကွဲ ညည်းညူသံထွက်ပေါ်လာပြီး ဒူးညွတ်ကျသွားသည်။



"ရှင် ဘာကြောင့် ကျွန်မကို မတိုက်ခိုက်တာလဲ"

"ကျုပ်က.."

မာထုံးက စကားဆက်မပြောဘဲ ယွင်ကူးအား ပြုံး၍ကြည့်နေ၏။

"တကယ်ပဲ ငါတို့ ဆန့်ကျင်ဘက်ဖြစ်နေတာကိုး၊ ကောင်းပါတယ်လေ"

မာထုံး၏စကားကို မည်သူမျှ နားမလည်ပါ။

သေဆုံးကာနီး ကယောင်ကတမ်း ပြောနေသည်ဟုသာ ထင်မိကြ၏။

ထိုစဉ် အတွင်းခန်းမှ အနက်ရောင်ဝတ်ဆင်ကာ ဓာပုဝါဖုံးအုပ်ထားသော အမျိုးသမီးကြီး လှမ်းထွက်လာ၏။

မာထုံးက သူမဘက်လှည့်ကာ...

"ညီမ..မင်းစိတ်ကူးမှန်တယ်ဆိုတာ ငါနားလည်ပါပြီ၊ ငါစိတ်ချလက်ချ.."

သူက စကားဆုံးအောင် မပြောနိုင်တော့ဘဲ ထိုးဖောက်ဝင်ရောက်နေသော ကြေးနီဓားချက်ကြောင့် လဲကျသေဆုံး သွားလေတော့သည်။

အမျိုးသမီးကြီးထံမှ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

ကောင်းယုံက သူမအား အကဲခတ်ကြည့်ကာ...

"ခင်ဗျားဟာ မဟူရာစံအိမ်ပိုင်ရှင် သွေးသခင်မ ဟုတ်လား"

"ဟုတ်တယ်၊ မင်းနဲ့ကျုပ် နှစ်ယောက်ချင်း ရင်ဆိုင်ရအောင်"

"ကောင်းပြီ"

"ဒါပေမယ့် အခန်းတံခါးပိတ်ပြီး ယှဉ်ပြိုင်မယ်"

ထိုစဉ် ဝမ်းရယ်တို့ ရောက်ရှိလာပြီး....

"သခင်လေး မယုံနဲ့၊ သူလှည့်ကွက် ဆင်နိုင်တယ်"

သွေးသခင်မ၏ အမူအရာသည် တစ်စုံတစ်ခု ထူးခြားနေမှန်းသိ၍ သူက လက်ကာပြလိုက်၏။

"ကျွန်တော် ရင်ဆိုင်နိုင်ပါတယ်"

သွေးသခင်မက အခန်းတစ်ခုထဲ ဝင်သွား၏။

ကောင်းယုံလည်း လိုက်ဝင်သွားပြီး တံခါးပိတ်လိုက်တော့သည်။

* * *

ကောင်းယုံက သွေးသခင်မအား စိုက်ကြည့်ကာ...

"ခင်ဗျားမှာ ပြောစရာစကား ရှိမယ်ထင်တယ်"

သွေးသခင်မ ခေါင်းညိတ်ကာ ဇာပုဝါအားဖြုတ်လိုက်၏။

"ဒေါ်ဒေါ်ယွင်လန်း"

သူမ၏မျက်နှာအားမြင်လျှင် ကောင်းယုံ အလန့်တကြား ရေရွတ်လိုက်မိသည်။

သွေးသခင်မသည် ယွင်ကူး၏မိခင် ဖြစ်နေချေပြီ။

ယွင်လန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်ဟာ မဟူရာစံအိမ်ရဲ့မျိုးဆက်ပဲ၊ မာထုံးဟာ ကျုပ်ရဲ့ခင်ပွန်းပဲ၊ ယွင်ကူးရဲ့ဖခင်ပေါ့"



မာထုံး အဘယ်ကြောင့် ယွင်ကူးအား မတိုက်ခိုက်မှန်း ကောင်းယုံ သိလိုက်ရ၏။

"ကျင်းလန်းတောင်တိုက်ပွဲ အပြီးမှာ မာထုံးဟာ ချယ်ရီဂေဟာပိုင်ရှင်ဘဝကနေ သေဆုံးဖို့ ဟန်ဆောင်ခဲ့တယ်၊ နောက်ပိုင်း ယွင်ကူးရဲ့ဦးလေးအဖြစ် ဟန်ဆောင်ပြီး လာလာတွေ့တာပေါ့၊ မာထုံးဟာ အင်မတန်မှဆိုးသွမ်းပြီး မိသားစုဘက် မကြည့်လို့ ဒေါ်ဒေါ်နဲ့ ခဏခဏစကားများခဲ့ရတယ်၊ ခင်ပွန်းရဲ့ဦးစားပေးချစ်ခင်မှုကို မခံရတဲ့အတွက် အတော်ဝမ်းနည်းခဲ့ရတယ်၊ သမီးက မင်းကိုမေတ္တာစစ်နဲ့ ချစ်မြတ်နိုးတဲ့အခါမှာ ကျုပ်က မင်းအတွက် အစစအရာရာ ကာကွယ်နိုင်အောင် မဟူရာအမှတ်အသား လုပ်ပေးခဲ့တာပဲ၊ မင်းဟာ သမီးအတွက် အသက်ပါစွန့်ဝံ့လို့ ကျုပ် အတော်လေး ကျေနပ်ခဲ့ရတယ်၊ မင်းရွေးချယ်ခဲ့တဲ့ ဆေးလုံးတွေဟာ အဆိပ်တစ်ခုမှ မပါခဲ့ပါဘူး"

ယွင်လန်း ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် စကားဆက်လိုက်၏။

"သမီးလေးဟာ ဖခင်သေပြီး မိခင်ကလည်း သီလရှင်ဝတ်သွားတယ်ဆိုတာပဲ သိစေချင်တယ်၊ မိဘနှစ်ပါးစလုံးက လူဆိုးတွေဖြစ်တယ်ဆိုတာ မသိစေချင်ဘူး၊ ဒါကြောင့် မင်းကို ခေါ်တွေ့ဖို့ ကြံခဲ့တာပေါ့၊ မင်းအနေနဲ့ ကျုပ်ကို ကတိတစ်ခုပေးပါ"

"ပြောပါခင်ဗျာ"

"သမီးဟာ မာထုံးကို မသိတဲ့အတွက် ထားလိုက်ပါ၊ ကျုပ်ကိုတော့ ယွင်လန်းအဖြစ် မသိစေဘဲ သွေးသခင်မအဖြစ်သာ သိပါစေ ကျုပ်တို့အကြောင်း ဘယ်တော့မှ ဖွင့်မပြောပါနဲ့"

"စိတ်ချပါ ကျွန်တော် ကတိပေးပါတယ်"

"ပြီးတော့ သမီးလေးကို စောင့်ရှောက်သွားပါ"

"စိတ်ချပါ၊ ကျွန်တော် အသက်နဲ့ ထပ်တူ စောင့်ရှောက်ကာကွယ်သွားပါ့မယ်"

ယွင်လန်း၏မျက်နှာ ကျေနပ်သော အပြုံးတစ်ချက် ဖြစ်ပေါ်လာပြီးနောက် နှုတ်ခမ်းထောင့်တွင် သွေးမည်းများ ကျဆင်းကာ လဲကျသွား၏။

သူမသည် အဆိပ်သောက်၍ အဆုံးစီရင်သွားချေပြီ။

ကောင်းယုံ သက်ပြင်းချလိုက်၏။

ကိုးနဝင်းအမိန့်ကြေးပြား ပြန်လည်အပ်နှံကာ ယွင်ကူးနှင့်အတူ သိုင်းလောကကို ကျောခိုင်းရန် သူက ဆုံးဖြတ်မိလိုက်၏။

ယင်းနောက် တံခါးဖွင့်ကာ စောင့်မျှော်နေသည့် ယွင်ကူးထံ လှမ်းသွားလိုက်လေတော့၏။

ပြီးပါပြီ။